

ဦးဘကြည်
ဇာတ်တော်ကြီး
ဆယ်ဘွဲ့
တတိယအကြိမ်





ဆရာကြီး ပန်းချီ ဦးဘကြည်

(F.R.S.A London)

# ဆရာကြီး ပန်းချီ ဦးဘကြည်

## (F.R.S.A London)

ပန်းချီဆရာကြီး ဦးဘကြည်ကို ၁၉၁၂ ခုနှစ်၊ ဇူလိုင်လ၊ ၁၆ ရက်နေ့က ကျိုက်ထိုမြို့တွင် မွေးဖွားသည်။ အဖ ဦးဘိုးဆင်၊ အမိ ဒေါ်အေးမေ ဖြစ်သည်။ ငယ်စဉ်ကပင် ပညာသင်ရင်း ဝါသနာပါရာ ပန်းချီပညာကို လေ့လာဆည်းပူးခဲ့သည်။ ရန်ကုန်တက္ကသိုလ်တွင် ဘိုင်အက်စီ တန်း အောင်မြင်ခဲ့သည်။ ဆရာဖြစ်သင်တန်းကိုလည်း တက်ရောက်အောင်မြင်ခဲ့သည်။ ၁၉၃၃ ခုနှစ်တွင် ဘိလပ်ပြန် ပန်းချီဆရာကြီး ဦးဘဉာဏ် (အာရ်၊ ဗီ၊ အေ၊ လန်ဒန်) ထံတွင် ပန်းချီပညာ ဆည်းပူးခဲ့သည်။ ၁၉၄၉ ခုနှစ်တွင် ပြင်သစ်အစိုးရ ပညာသင်ဆုရကာ ပါရီအမျိုးသားအဆင့်မြင့် ပန်းချီသိပ္ပံတွင် တစ်နှစ် ပညာသင်ခွင့်ရသည်။ ထိုသို့ ပညာဆည်းပူးနေစဉ် ကမ္ဘာ့ပန်းချီပြပွဲကြီး "Le Salon 49" တွင် ဝင်ရောက်ပြသနိုင်ခဲ့ပြီး လန်ဒန်၊ မွန်တီကာလိုမြို့များတွင် ကျင်းပသည့် ပန်းချီပြပွဲကြီးများတွင်လည်း ပါဝင် ပြသနိုင်ခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် အမေရိကန် အစိုးရပညာသင်ဆု ရ၍ ဖီလာဒဲလ်ဖီးယား ပန်းချီအကယ်ဒမီတွင် တစ်နှစ် ပညာဆည်းပူးခွင့် ရခဲ့သည်။ ထိုနှစ်မှာပင် ပင်စီလ်ဗေးနီးယား တက္ကသိုလ်တွင် ပန်းချီမဟာဝိဇ္ဇာတန်း တက်ခွင့်ရခဲ့သည်။

၁၉၅၈ ခုနှစ်တွင် လန်ဒန် တော်ဝင် ပန်းချီဆရာအသင်းကြီးမှ ရာသက်ပန်အဖွဲ့ဝင်အဖြစ် "F.R.S.A" ဘွဲ့ ချီးမြှင့်ခဲ့သည်။ ဆရာကြီး ဦးဘကြည်သည် မြန်မာ့ပန်းချီလောက၏ ဖခင်ကြီးတစ်ဦးဖြစ်ပြီး မြန်မာ့ရိုးရာ ပျော်မွေ့ရွှင်မြူးဆိုင်ရာ အကအခုန် သရုပ်ဖော်လက်ရာများ၊ ရိုးရာယဉ်ကျေးမှုဆိုင်ရာ ဆယ့်နှစ်ရာသီ ပွဲလမ်းသဘင်သရုပ်ဖော်လက်ရာများ၊ ဇာတ်၊ နိပါတ်ဆိုင်ရာ ဗုဒ္ဓဝင်ပန်းချီကားများ၊ အောင်ခြင်းရှစ်ပါး သရုပ်ဖော် ပန်းချီကားများ ရေးဆွဲရာတွင် အထူးထင်ရှားသည်။ ခေတ်အမြင် ခေတ်အတွေး ခေတ်အရေးဆိုင်ရာ ခေတ်သစ် ပန်းချီလက်ရာများကိုလည်း စိတ်ကူးကောင်းကောင်းဖြင့် ရေးဆွဲလေ့ရှိသည့် စွယ်စုံပန်းချီကျော်ကြီး ဖြစ်လေသည်။

၁၉၅၂ ခုနှစ်မှ စ၍ ရှေးရိုး မြန်မာပန်းချီရေးနည်းကို သုတေသနပြုကာ ဖော်ထုတ်ရေးဆွဲနိုင်ခဲ့သည်။ ထိုသို့ သုတေသနပြု ရေးဆွဲနေဆဲ ပြင်သစ်နိုင်ငံတွင် ပန်းချီပညာ ဆည်းပူးပြီး ပြန်ရောက်သည့် ၁၉၅၀ ပြည့်နှစ်တွင် ဗိုင်အမ်ဘီအေ အသင်းကြီးမှာ တာဝန်ပေးချက်အရ အဂ္ဂမဟာပဏ္ဍိတ အရှင်ဇနကာဘိဝံသ ဆရာတော်ကြီး ရေးသားတော်မူသည့် ဗုဒ္ဓဝင်ကို ဆရာကြီးဦးဘကြည်က ပုံတော်များ ရေးဆွဲသရုပ်ဖော်ခဲ့သည်။ ယင်းဗုဒ္ဓဝင်စာအုပ်ကြီးမှာ ယခုအခါ စတုတ္ထအကြိမ်မြောက် ထုတ်ဝေခဲ့ပြီး ဖြစ်သည်။ ယင်းဗုဒ္ဓဝင် စာအုပ်ကြီးကို သရုပ်ဖော်ရေးဆွဲရန် ဆရာတော်ကြီးများထံ ချဉ်းကပ်ခြင်း၊ တရားထိုင်ခြင်း၊ ပုတီးစိပ်ခြင်း၊ စသော ကောင်းမှုကုသိုလ်ပြု၍ အထူး စိတ်ကူးစိတ်သန်းကောင်းများဖြင့် ရေးဆွဲခဲ့ရာ ဗုဒ္ဓ၏ မေတ္တာတရားတော်များကို ထင်ရှားပေါ်လွင်အောင် သရုပ်ဖော်နိုင်ခဲ့သည်။

၁၉၃၉ ခုနှစ်က ဖွင့်လှစ်ခဲ့သော စစ်ကြိုခေတ် ပန်းချီပန်းပုကျောင်းတွင် နည်းပြဆရာအဖြစ်လည်းကောင်း၊ ၁၉၅၃ ခုနှစ်က ဖွင့်လှစ်သည့် ပန်းချီအကယ်ဒမီတွင် ကထိကအဖြစ်လည်းကောင်း၊ ပညာရေးတက္ကသိုလ်တွင် ပန်းချီကထိကအဖြစ် လည်းကောင်း၊ တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၇၄ ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။


ဆရာကြီး၏ ထင်ရှားသော ပန်းချီလက်ရာများကို ရန်ကုန်အမျိုးသားပြတိုက်၊ တိုကျိုပြတိုက်၊ ပီကင်း အမျိုးသားပြတိုက်၊ ဟော်လန်နိုင်ငံ အမ်စတာဒမ်မြို့ရှိ ပန်းချီပြတိုက်၊ ဗုဒ္ဓဂယာတို့တွင် ချိတ်ဆွဲ ပြသထားကြသည်။ မင်္ဂလာဒုံ လေဆိပ်တွင် စတုရန်းပေ ၃၀၀၀ ရှိ နံရံပန်းချီကားကြီးမှာ ဆရာအား ကမ္ဘာကျော်စေသည့် မြန်မာ့သရုပ်ဖော်လက်ရာမွန်ပန်းချီကားကြီးဖြစ်သည်။ ဗိုလ်တထောင်ဘုရား၊ ရွှေတိဂုံစေတီတော် တို့တွင်လည်း သမိုင်းဝင်ဆီဆေးပန်းချီလက်ရာများ ရေးဆွဲခဲ့သည်။ မိတ္ထီလာ ဝန်ဇင်းဟိုတယ်၊ ကမ်းနားလမ်း ဟိုတယ်၊ ပညာရေးတက္ကသိုလ်တို့တွင် နံရံပန်းချီ လက်ရာများ ရေးဆွဲခဲ့သည်။

ဆရာကြီးဦးဘကြည်သည် မြန်မာနိုင်ငံ ပန်းချီပန်းပု အစည်းအရုံးများတွင် ဥက္ကဋ္ဌအဖြစ် (၁၀)ကြိမ်၊ စာပေလုပ်သား ဖြစ်မြောက်ရေးကော်မတီဝင်၊ စွယ်စုံကျမ်းပြုစုရေးအဖွဲ့ဝင်၊ ရုပ်ရှင်အကယ်ဒမီရွေးချယ်ရေးအဖွဲ့ဝင်၊ ယဉ်ကျေးမှုဌာန ပန်းချီအကြံပေးပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်ခဲ့သည်။ လက်ရှိ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို) နာယကအဖြစ် ဆောင်ရွက်ခဲ့သည်။

ဆရာကြီးဦးဘကြည်သည် ၁၅-၄-၂၀၀၀ ရက်၊ ည ၆ နာရီ ၅၅ မိနစ်တွင် ကွယ်လွန်အနိစ္စ ရောက်ခဲ့ပါသည်။ ဇနီး ဒေါ်တင်မေ (ပညာရေးတက္ကသိုလ်-ငြိမ်း)နှင့် သား(၂)ဦး၊ သမီး(၁)ဦး၊ မြေး(၆)ဦး တို့ ကျန်ရစ်ပါသည်။

# တေမိယဇာတ်တော်ကြီး



တေ၊ မ၊ သု၊ နေ၊ မ
ဘူ၊ စ၊ နာ၊ ဝိ၊ ဝေ
ဟုဆိုသော စကားကြီး ဆယ်လုံး
သည် ဗုဒ္ဓ မြတ်စွာ၏ အလွန်ထင်ရှားစွာ
ဇာတ်တော် ဆယ်ဘွဲ့ ကို ဖော်ပြ
သည့် အတိုကောက်များဖြစ်ကြ
သည်။ ပထမ စကားလုံး
ဖြစ်သည့် (တေ) ဟူသည်မှာ
တေမိယ - မင်းသား၏
ဘဝ သမိုင်းကြောင်းကို
ဆိုလို သည်။
ရှေးအခါက ကာသိကရာဇ်မင်းကြီးနှင့် စန္ဒာဒေဝီ မိဖုရားတွင်
တေမိယကုမာရအမည် မင်းသားလေးတစ်ပါးဖွားမြင်လေသည်။
သားတော်ဟူ၍ ဤတစ်ပါးသာရှိသည်။
ယင်းစဉ်က ခမည်းတော် ကာသိကရာဇ်မင်းကြီးသည်
တစ်နေ့တွင်တေမိယမင်းသားလေးကို ရင်ခွင်ထား
လျက် ခိုးသားလေးဦးကိုထိတ်လန့်ဖွယ် ပြစ်ဒဏ်
အမျိုးမျိုးခတ်လေသည်။
..... ဤပြစ်ဒဏ်
အသီးသီး သင့်စေ.....
ထိုနောက်ထီးဖြူအောက်တွင်
ချထိပ်ထားစဉ်မင်းသား
ငယ်သည် ထိုသို့သူတပါး
အား ထိတ်လန့်ဖွယ်ပြစ်
ဒဏ်စီရင်ခြင်းများကိုမ
နှစ်မြို့သဖြင့်စိတ်အဆင်း
ရဲကြီးဆင်းရဲကာမှိန်းမော၍ သို့စဉ်းစား
မိ၏
ဘုရားလောင်းဖြစ်၍ နောက် နောက် ဘဝများကို
ပြန်လည်တွေ့မြင်နိုင်စွမ်းရှိလေသည်။


ငါသည်လည်းတစ်နေ့တွင်ဘုရင်လုပ်ရချေဦးမည်၊
ဤသို့သူတစ်ပါးအားအပြစ်ဒါဏ်စီရင်ရာ၌အကယ်၍
မှားယွင်းစွာစီရင်မိအံ့၊ ငါ၌ဆင်းရဲပူပန်မှု
ရောက်လတ္တံ့။
ငါသည်ယခင်ဘဝက မင်းပြုကာပြစ်ဒါဏ်များကို
မှားယွင်းစွာစီရင်မိသဖြင့်ငရဲပြည်တွင်ကြာမြင့်စွာ
ခံခဲ့ရသလိုယခုတစ်ဖန်ခံရဦးမည်၊ ယခုမည်သို့
ကြံရမည်နည်း။
ထိုအချင်းအရာကိုယွင် ခုနစ်ဘဝကမိခင်တော်စဉ်
ခဲ့ဖူးသော ထီးချက်စောင့်နတ်သမီး တွေ့သိ၍
ကိုယ်ထင်ပြပြီးလျှင် မေ့မြန်းရာ ဘုရင် မလုပ်လိုသော
သနည်းကို သိရပြင့်..........
ချစ်သား...
မင်းသားသည် ငရဲလားမည့်ဘေးကိုသာ တွေးကြောက်
လှုလေသောကြောင့် ထိုနေ့မှစ၍ နတ်သမီးအကြံပေး
ချက်အတိုင်း ဆွံ့အ နားထိုင်းသူများကဲ့သို့ မလှုပ်မယှက်
ကြောင်တက်တက်နေလိုက်တော့သည်။
ထိုအချင်းအရာကို အထိန်းတော်များတွေ့ကြသော်
မိဖုရားကြီးထံ ချက်ချင်းဝင်၍ သံတော်ဦးတင်လေ
လျှင် -
မှန်လှပါ-သားတော် တေမိယ မင်းသားသည် မငို-မရယ်-မလှုပ်မ ရှက်ဘဲ ထူးကဲစွာ စံနေပါကြောင်း သံတော်ဦးတင်ပါသည် ဘုရား။
အထိန်းတော်များ အမှုတော်ထမ်း တယ်ပေါ့လျော့ သကိုး၊ မငို-မချော့-မထိန်း-မကျောင်း တတ်ကြဘူးလား၊ ယခုပင် သားတော် ကို ......
ရှေ့တော်သို့ သွင်းလော့။ အထိန်းတော် များပါ လာ ကြလော့။


မိဖုရားကြီးသည် ကိုယ်တိုင်ကိုယ်ကျ သားတော်အား စမ်းသပ်ပြီးနောက် ကောက်အမှန်ဖြစ်ကြောင်း သိရှိရသောကြောင့် ဘုရင်ကြီးထံ ချဉ်းကပ်ပြီးလျှင်
......သားတော်သည် အဘယ်သို့သော အကြောင်းကြောင့်မသိ - ယနေ့နံက်မှ စ၍ - မရီ - မပြုံး - မငို - မလှုပ်ဘဲ တုံးကြီးသောသာ စံပယ်နေကြောင်း ပါဘုရား .....
အလို - ကျွဲသို့ဆိုလျှင် ပရောဟိတ် ပုဏ္ဏားများ ရှေ့တော်သို့ အမြန် အခစားဝင်စေလော့။
နန်းတွင်းပညာရှိ ပုဏ္ဏားတော်များစုံလင်စွာ ခစားလျက်ရှိသောအခါ
....သားတော် တေမိယ ကုမာရ မင်းသားသည် ယခုဖြစ်နေကာပင် အကြောင်း မြှကထူးရှိပါလျက်နှင့် ယနေ့ နံက်မှစ၍ -- မငို - မရီ - ခေါ်၍မျှပင် မထူးဘဲ တုံးဆန်း စွာဖြစ်နေသည့် ဖြစ်ရပ်ကို ပညာရှိ ပုဏ္ဏား တော်များ တွက်ချက် ချုံစမ်း၍ - နံက်ဖြန် နံက် - အကြောင်းရပ်ကို - သံတော်ဦးတင်ကြ ရမည် ...........
အမိန့်တော် မြတ်အတိုင်း ပါဘုရား
ပုဏ္ဏားများသည် တစ်ညလုံး ကျမ်းဂန်အသီးသီးများနှင့် ညှိနှိုင်း၍ တွက်ချက်ကြသော်လည်း အကြောင်းရင်းကို ရှာမတွေ့ဘဲဖြစ်နေကြသည်။
အမှန်အတိုင်း သံတော်ဦးတင် လျှင်တော့ - မင်းပြစ် မင်း ၁ ကျ် ခံရမှာဘဲ
ဒီတော့ - သာမန် - ဥက် စွမ်းဖြင့် ဆင်ခြင်၍ ပရိယာယ် သုံးပြီး တင်ကြ ရတော့ပ။ မကောင်းတော့၊
နောက်တစ်နေ့နံနက်တွင် ဘုရင်ကြီးအား -
မှန်လှပါဘုရား - သားတော် တေမိယ သည် - တာဝ မကိုက်သော ကံဗဟုတ္တနှင့် မြင်းထန်စွာ စွဲကပ်နေကြောင်းပါဘုရား။
သို့ပါ၍ - မင်းသားငယ် အသိုင်တော် ကျသည်အထိ မိတ်ရှည်စွာထားလျက် - အမျိုးမျိုး စမ်းသပ် ရန် လိုကြောင်း သံတော်ဦးတင်ပါသည် မင်းဘုရား ထိပ်ခေါင် ကိုယ်တော်ကြီး ဘုရား .....


အိမ်း – ကောင်း၊ မြို့၊ ကျွန်ုပ်သို့ တင်လျှင် မည်ကဲ့သို့ စမ်းသပ်သင့်ကြောင်း အတိအကျ ညွှန်းကြားရန် လော့........
မှန်လှပါဘုရား - မင်းသိများ - ငယ်ရွယ်နုနယ်သော ကျိ - စားဘွယ်ဘော်စဉ် များကို မြသထားလျှင်လည်း - စားလိုသော ကြောင့် - လှုပ်ရှား မှောဆိုဘွယ်ရှိ၏၊ မတောင်း မချင်း မပေး ဘဲထားရှိလည်း - ငိုယို တောင်းဘွယ်ရှိကြောင်း ပါဘုရား .........
ထို့ကြောင့် မိဖုရားကြီးရွှေတော်၌ပင် အစားအသောက်၊ ကစားစရာအစုံအလင်ကို မင်းသားအား ပြစေ၏။
သို့သော်မင်းသားလေး စိတ်ထဲတွင်ကား ဝရဲ ခံရသည်ကိုသာ မြင်နေသည်။
တစ်နေ့ စားတော်ခေါ်ချိန်လွန်သည်အထိ ပွဲတော်အုပ်မဆက်သဘဲထားသော်လည်း မျှော်လင့်သကဲ့သို့ မဟုတ်ဘဲမငိုမပြောဘဲနေလေသဖြင့်
သားတော်လေးကို ဒီလိုသာ အငို အရီ စောင့်နေကြမည် ဆိုလျှင်တော့ - သူ့ခမျာ နတ်ရွာလား ရန်သာရှိတော့တယ်
အထိန်းတော်တို့ရယ် - အချိန်ကျလျှင် ပွဲတော် တယ် ပါစေ ..... ..... ...
- ရှုတ်...
- ရှုတ်...

# တေမိယဇာတ်တော်ကြီး


ထို့ကဲ့သို့ တစ်ခါတစ်ခါ စမ်းသပ်ပြန်သော်လည်း မထူးခြားဘဲ ရက်–လ–နှစ်များ ကူးလာသဖြင့် ပုဏ္ဏားများက တင်ပြန်၏။
......အသက်အရွယ် တဖြည်းဖြည်းကြီးလာသည်နှင့်အမျှ စမ်းသပ်နည်းများ ပြောင်းသင့်ကြောင်းပါဘုရား။ ။ထိတ်လန့်တုန်လှုပ်၍လည်း - ဟာစ်အော်နိုင်၏။ ။ပျော်ရွှင်မြူးဟူးလွန်းလည်း - ဟာစ်အော်နိုင်၏။ ။ဒေါသထွက်လွန်း၍လည်း - ဟာစ်အော်နိုင်၏။ ။ချစ်မေတ္တာစိတ် ယိုဖိတ်လွန်းကလည်း - ရယ်မြူး လှုပ်ရှား နိုင်သည် မဟုတ်ပါလော ဘုရား....
ထို့ကြောင့် ကျွန်း၊ ဘား၊ မျောက်လှည့်၊ ရုပ်သေး၊ သဘင်ပွဲများဖြင့် စမ်းသပ်၏။ မင်းသားကား မတုန်မလှုပ်ကျောက်ရုပ်။
ကြက်ခုကို အုပ်ပြီး မှိုင့်လိုက် မယ်.... ကြည့်
ဆင်လိမ္မာ များ၊ အစွယ်မဲ့မြွေများ၊ လက်နက်များ၊ မီးများဖြင့် ခြိမ်းခြောက် စမ်းသပ်စေသော်လည်း မကြောက်။
တင်လဲလူးခြင်း၊ အပုပ်နံ့ပေးခြင်း၊ မှိုင်းတိုက်ခြင်း ပြုလည်းမရ။


လှပသောမိန်းမပျိုများနှင့် ဆိတ်ကွယ်ရာတွင် တွေ့ဆုံစေသော်လည်းမရ။
ချစ်သမျှ ကို……မြင့်မိုရ်ရွှေတောင်……လုံး……လုံး……လုံးသာပ……လေး……
မောင်တော် ဘုရား - နှမတော် မေတ္တာ ပန်း၊ ဆွတ် လှမ်း၊…
မင်းသားလေး ဆယ့်ခုနစ်နှစ်အရွယ်ရောက်သည့်တိုင် အောင်စမ်းသပ်မရသဖြင့် ဘုရင်ကြီးသည် ရွှေစိတ်တော်ငြိုပြီး ပုဏ္ဏားများကို သင့်ခေါ်စေလျက် -
ဒို - ပညာရှိ အာဂ ကျော်အမော် ပုဏ္ဏားတော်တို့……အသင်တို့ လျှောက်တင်သကဲ့သို့ပင် စမ်းသပ်သော်လည်း - ၁၇ - နှစ်တိုင် တိုင်သာ ကြာ၍ - သားတော်မှာကါး ရိုးစဥ်း မှ ပြောင်းလဲမြင်း မရှိတုံတကါး……
သင်တို့၏ ဦးကော်ရွှမ်း ကြွန်တုံး ဖြီလော
အမြန် တင်လော့
အဲ - မဖြစ်ချေဘူး - ဖခင်ပြစ် မင်း ဒုက်မှ ကင်းလွတ်အောင် ကိုယ် လွှတ်ရှန်း မှ ဖြစ်ချေတော့မည်။
မှန်လှပါဘုရား - ထားလျှင်လည်း နေရပါမည်။ သတ်လျှင်လည်း သေရပါမည်။ ပထမ အစ ကထဲက - အမြစ်မှန်ကို မတင် ဝံ့၍သာ - ရလိုရငြား - ပရိယာယ်သုံး၍ တင် ခဲ့ပါသည်။ အမှန်မှာ - ကျမ်းအစောင် စောင် ညှိနှိုင်း၍ တွက်ချက်ကြည့်ရာ…… မင်းသား ငယ်သည် ရိုးစဲ့ ခဲ့သမျှ ကါလပတ်လုံး - - - အရှင် မင်းကြီး သည်၎င်း၊ မိဖုရားကြီး သည်၎င်း၊ တိုင်းပြည်ကြီး သည်၎င်း၊ ပျက်စီး ခြင်းသို့ ရောက် အံ့ဟု တွေ့ရှိကြောင်းပါ ဘုရား။ ကျွန် ဘေးဆိုးကြီး မှ လွတ် မြောက်လိုက - မင်းသား အား မြေတွင်းနှ် မြှုပ် ခဲ့ ရမည်ဖြစ်ကြောင်း - ကို မြေဖဝါး တော်မြတ် အောက် ကြောက်ကြောက်နှင့် ပင် လျှောက် တင် ခွင့်ပြုတော်မူပါ…” မှ နန်းရှင် - ဘဝရှင် - မင်းကြီး ဘုရား
ထိုလျှောက်တင်ချက်ကြောင့် မင်းကြီးသည် တုန်လှုပ်ချောက်ချားသွား၏။ ထိုအကြောင်းကိုသိသော မိဖုရားကြီးသည် အနားတိုး အခစားဝင်ပြီး -
အရှင်မင်းကြီး - တခါက - ဘုရား နှမ ကို အလိုရှိ အခွင့်အရေး တခုပေးမည်ဟု ကတိ ထားတော်မူ ထားသည့် အတိုင်း ယခု တင် ခွင့် ပြုတော်မူပါ။ တဦးတည်းသော ရင်သွေးတော် တေမိယ မင်းသားသည် အရွယ်လည်းရောက်လာပြီဖြစ်သဖြင့် - နောက်ဆုံး အလိုတော် စမ်းသပ်သည့်အနေ နှင့် ထီး မွေ နန်း မွေ ချီးမြှင့်တော်မူပါ။ ထီး နန်း စည်းစိမ် - ထို အရှိန်ဖြင့် ပြောင်းလိုက ပြောင်းသွားနိုင်ပါ သည် ဘုရား
ဘိမ်း - သင့်မှတော်ပေသွားအဲ - ၇ - ရက် ချီးမြှင့်တော် မူကြည့်မည်။

တေမိယမင်းသားအား နန်းတက်စေ၍ ခုနစ်ရက်စေ့သည့်တိုင်အောင် မထူးခြားသဖြင့် ဘုရင်ကြီးသည် ဒေါသထွက်ပြီး ရထားမှူးကိုခေါ်၍ အမိန့်ချမှတ်ကာ ရွှေမျက်နှာတော် လွှဲလိုက်လေတော့သည်။




ရထားမှူးသည် အမိန့်တော်ကို မလွန်ဆန်နိုင်သဖြင့် တေမိယမင်းသားကိုခေါ်သွားပြီး တွင်းတူးနေစဉ် တွင်းထက်မှအသံကြား၍ မော့ကြည့်လိုက်ရာ -




ရထားမှူးသည် စိတ်မချမ်းမသာဖြင့် မလွှဲသာ၍သာ မြေမြှုပ်ရန်ပြုလုပ်နေရသော်လည်း မင်းသား၏ ထူးခြားစွာသောအမိန့်ကို မမျှော်လင့်ဘဲ နာခံရသောအခါ နန်းတော်သို့ သတင်းပို့ရန် ဝမ်းပန်းတသာ အမြန်သွားလေတော့သည်။





" သားတော် တေမိယကုမာရမင်းသားသည် ရယ်ပြုံးလွှင်ရှားရွှေနားတော်ကြား၍ စကားများပင် မိန့်ချေပြီ "-

ဟူသော မင်္ဂလာ သတင်းကောင်းများကြားလေသော် ခမည်းတော်ဘုရင်ကြီး၊ မယ်တော်မိဖုရားကြီး နှင့်တကွ အားလုံးဝမ်းမြောက် ဝမ်းသာမဆုံးဖြစ်ကြလေသည်။




ဘုရင်မင်းကြီးသည် သားတော်အား တောတွင်းသို့မင် ဘိသိက်သွန်း နန်းအပ်ကာ ပြန်ခေါ်မည်ဟုကြံစည်၍ အချိန်ယူလျက် မင်းခမ်းမင်းနားပြည့်စုံစွာ ပန်တီးစေပြီး မှသားတော်ရှိရာ တောရပ်မြိုင်ခြေသို့ လေးရက်မြောက်သောနေ၌ ကြွချီတော်မူလေသည်။
ခရီးဆိုက်၍ သားတော်တေမိယမင်းသားမှာ ရသေ့ဝတ်နှင့်ဖြစ်နေသည်ကိုတွေ့လျှင် ဝတ်ပြုလျက်
သားတော် - တောတွင်းသို့ - ဘယ်ကဲ့သို့သော အစာအာဟာရများ မှီဝဲနေရ၍ ကြည်လင်သော အသား၊ အရည် အဆင်း ဝင်း၍ ကြာကိုလသော အရောင်လာ မျက်နှာ ဆောင်ပါသနည်း။
ဖခမည်းတော် - တောတွင်းသို့ - ဆား မပါသော သစ်ရွက်စိမ်း ကိုသာ မှီဝဲရပါသည်၊ အရောင် အဆင်း ဟူသည်ကား - စိတ်ငြိမ်သက်သောသူ ၊ ယူပင်သောက - ဒေါသကင်း၍ တပ် မက်ခြင်း မရှိသူများအတွက် သာဖြစ်သည်
အိမ်း - ခမည်းတော်ဟာ ခေါ်ပုံထောက်လျှင် - ငါ့ အား သံယောဇဉ် မပြတ်သေး၊ ငါ့ ဆွဲရာ ရနိုင်သေး၏ ...
ကောင်းလှပေစွ သားတော် ၊ ခမည်းတော် ပင် ကျွေးသော ကာ ကင်းဝေးသော ရသေ့ ဘဝကို လိုလား လာချေပြီ၊ သားတော်ကား အသက်နုပျိုပါသေး၏ တရားဓမ္မလည်း မြည့်ဝ၏၊ ထိုကြောင့် ခမည်းတော် တောထွက်နိုင်စေခြင်း၄ါ - ထီးမွေနန်းမွေ လက်ခံပြီး နုပျိုစဉ် ရွှေနန်းစည်းစိမ် ခံစားပါ။ အသက်ကြီးလာမှ သားတော်ရှိက - သားတော်ကို နန်းအပ်၏ တောထွက်မည်ဆိုလျှင် ...
တိုင်းသူပြည်သားများ အားလည်း ကျေညီရာ ရောက်မည် မဟုတ် ပါလော
အို - ဖခမည်းတော်၊ သတ္တဝါတို့မည်သည် - ကြီးသည် ငယ်သည် မဟုတ် - သေခြင်းဘေးက ချိန်ခါမရွေး လာသည် မဟုတ်ပါလော ၊ ရွှေနန်းစည်းစိမ်ကိုလည်း ခံစားလိုစိတ် မရှိ၍ - ဆွဲ အနားထိုင်နေခဲ့ပြီ ....
ထို့နောက် တေမိယရသေ့လေးက အကျယ်တဝင့် တရားပြပြီးသည့်အဆုံး၌ ဘုရင်ကြီး၊ မိဖုရားကြီးနှင့် တကွ အားလုံးသော မင်းချင်းတို့ ကျွတ်တန်းဝင်ကာ ရသေ့ဝတ်ကြကုန်သတည်း။
ပြီး၏

# မဟာဇနကဇာတ်တော်ကြီး




ရှေးအခါက မိထိလာပြည်ကို စိုးစံသည့် အရိဋ္ဌဇနကမင်းနှင့် ညီတော်အိမ်ရှေ့စံမင်းသား ပေါလဇနကတို့သည် တစ်ပါးနှင့်တစ်ပါး အထင်အမြင်လွဲမှားကြပြီး စစ်ထိုးကြလေသည်။



ထိုစစ်ပွဲတွင် နောင်တော်ဘုရင်ကြီးကျဆုံးလေသော ကြောင့်ကိုယ်ဝန်အရင့်အမာရှိသော မိဖုရားကြီးသည် ဆင်းရဲသူမယောင်ဆောင်ပြီး ထွက်ပြေးလေရာ ကာလစမ္ပာနဂိုရ်ပြည်သို့ ရောက်သွား၏။

မြို့ပြင်ဇရပ်တစ်ခုတွင် ရပ်နားနေခိုက် ဒိသာပါမောက္ခ ဆရာကြီးနှင့်ဆုံမိ၍ အကျိုးအကြောင်းပြောပြသဖြင့် ပါမောက္ခကြီးကကြင်နာသနားစိတ်ဝင်ကာ အိမ်တွင် ပင် နေထိုင်ရန် လက်ခံထားလိုက်လေသည်။






များမကြာမီ မိဖုရားကြီးတွင် သားတော်တစ်ပါးဖွားမြင်လေရာ မဟာဇနကဟု အမည်ခေါ်တွင်စေလေသည်။
သားတော်လေး ကံခေရှာတယ်
ရွှေဘုန်းငွေးကံ တော့ ရှိမှာပါဘဲ
ကျောင်းနေစဉ် အခြားကျောင်းသားတစ်ချို့က မင်းသားလေးအား မုဆိုးမသားဟု မကြာခဏ လှောင်ပြောင်ကြရာ မခံမရပ်နိုင် ဖြစ်သဖြင့် -
မုဆိုးမ သားလေးရေ - ခိုနိုင်ရိုး -
လိုက်လေ
မယ်တော်မိဖုရားကြီးအား မေးလေရာ သားတော်မှာ ငယ်ရွယ်သူ ဖြစ်နေသေး၍ ပထမသော် လှည့်ပတ်ပြော ဆိုထားသော်လည်း -
အမေ - သားကို သူ့များတွေက ဘာလို့ (မုဆိုးမ - သား) လို့ခေါ်ကြတာလဲ -- ဟင် -----
မှားလကါ ပါ - သား ရယ်၊ မျှော်လို့ စ - ကြတာနဲ့ ၊ တူပါတယ်ကွယ်၊
အချိန်အရွယ်ရောက်လာသောအခါ၌ကား ဖြစ်ရပ်ကုန်စင် ဖွင့်ဟပြောပြလိုက်လေသည်။
......ဒီသား ပါမောက္ခ ဆရာကြီးက ပြောတယ်၊ သား ဟာ တဲ့ - အရွယ်လဲ ရောက်ပြီတဲ့၊ သူ့လင်မေးကို ပညာလဲ ရပြီတဲ့၊ သားရဲ့ ကံဇါတ်လဲ တက်စပြုပြီ တဲ့။ ဒါကြောင့် အရ ပြောမှာကို သေအော ချာ ချာချာ ထောင် - နော် --- -----
..မယ်တော်ဟာ - မိထိလာ ဘုရင်ကြီး အရိဋ္ဌနေမိရဲ့ မိဖုရားခေါင်ကြီး ဖြစ်တယ်။ သားတော်ဟာ ဒီမင်းကြီးရဲ့ ရင်သွေးတော် စစ်စစ်ဖြစ်သည် ................ ယခုတော့ မထင်မရှားဘဲ နေရတယ် ................


ထိုနေ့မှစ၍ မဟာဇနကမင်းသားလေးသည် မိမိ၏ဘဝမှန်ကို သိရှိပြီး ထီးစိုက်နန်းစိုက် ဇာတိမာန်ပေါ်လာသည်။
ဦးရီးတော် ပေါလဇနက ဟာ - မဟာရာဇ်သက်သက် ဖခမည်းတော် ထီးနန်းကို သိမ်းပိုက်ထားတာဘဲ - ငါ - ဒီထီးနန်းကို ပြန်မယူနိုင်လျှင် - မယ်တော် အပေါ်ငါ့ ဝတ္တရား ကျေပွန်မှာ မဟုတ်ဘူး။ အခုထဲက - စပြီး - အစီအစဉ် ဆွဲပြီး တဖြည်းဖြည်း မျိုးထောင် မည်။ တနေ့ စစ်ခင်းရမယ်။ တနေ့ ထီးမွေ နန်းမွေ ပြန်ရအောင် လုပ်ရမယ်။
တစ်နေ့သော်
... မယ်တော်ဘုရား — ပါလာတော်မူသည် ဆိုသော ပစ္စည်းရတနာ တဝက်ကို - သားတော် အား ချီးမြှင့်တော်မူပါ။ သင်္ဘောကုန်သည်များ နှင့် လိုက်သွား၍ - ပစ္စည်းတိုးပွား စေပြီးနောက် ... မိထီလာ ပြည်ကို ပြန်လည် သိမ်းပိုက်ရန် - အကြံအစည် ကို ပြုလုပ်ရန် ခွင့် ပြုတော်မူပါလော။
အို - သားတော် - ပစ္စည်း တဝက်မကလည်း - ရနိုင်ပါ သားတော် - ကြံ တိုင်းအောင် ဆောင် တိုင်းမြောက် စေနိုင်ရန် စေဘို့ အရေး - ပန်းသပြေ - ဆောင် ရေမလောင်း၍ ဆုတောင်းပါတယ်
မင်းသားလေးလိုက်ပါသွားသော သင်္ဘောသည် ပင်လယ်သမုဒ္ဒရာထဲတွင် လှိုင်းလုံးကြီးများရိုက်ခတ် သောကြောင့် အက်ကွဲ ရေဝင်ပြီး တဖြည်းဖြည်း နစ်လေရာ –
အခြားသော ကုန်သည်များသည် ကြောက်အား လန့်အားဖြင့် ရေထဲသို့ ခုန်ချကြလေသည်။


သတိကြီးသော မဟာဇနကမင်းသားကား စိတ်အေးအေးထားကာ အားအင်ပြည့်စေမည့် ထောပတ်များကို စား၏။ အင်္ကျီနှင့်ပုဆိုးများကိုလည်း ရေလုံစေရန် ထောပတ်များဖြင့် လူးလိုက်၏။
ထို့နောက် ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားများကိုရည်စူး၍ ကန်တော့တိုင်တည်ပြီး သီလဆောက်တည်လိုက်သည်။
ထိုသို့ ပြုလုပ်ပြီးမှ –
ရွက်တိုင်ထိပ်များသို့ တက်သွားကာ ငါးမန်း၊ ငါးတန်းများ လွတ်ရာဖက်သို့ ရှိသမျှအားယူလျက် ခုန်ချလိုက်၏။
ဇွဲ လုံ့လ၊ ဝီရိယကြီးစွာဖြင့် နေ့ရောညပါ မနေမနား ကူးခတ်ရာ၌ ရေမျောလာသော အစားအစာတွေ့လျှင်ပင် နေ့လွဲ ညစာဖြစ်နေက သီလအပျက်မခံဘဲ စိတ်တင်းကာ မစားဘဲနေလေသည်။

# မဟာဇနကဇာတ်တော်ကြီး


မဟာဇနကသည် ဖွဲ့ကြီးစွာဖြင့် ကူးခတ်ရင်း ခုနစ်ရက်မြောက်သောနေ့တွင် ထူးထူးခြားခြား စကားပြောသံကြား၍ မော်ကြည့် လိုက်ရာ –
အို - လူင်ယို - ကမ်းမမြင် - လမ်းမမြင် - ကျွဲ ရေမြင် ကျယ် ပင်လယ် ထဲမှာ သင်မည် မျှ ပင် - တပင်တပန်း ကူးခတ် သော်လည်း ဘယ် အကျိုး ရမည်နည်း၊ ဘယ် ခရီး ရောက် မည်နည်း
.... အို လူင် ... သင် သွား လိုရာ ခရီးကို မြောကော့ ... ပို့ဆောင် ပေးအံ့ ......
အို - နတ်သမီး – သင် ပို့ဆောင်နိုင်စွမ်း ရှိလျှင် - မိထိလာ ပြည်သို့ ပို့လော့ ....

နတ်သိကြားသည် မင်းသားအား ပွေ့ချီကာ ယူဆောင်သွားစဉ် မဟာဇနကမင်းသားမှာ ပင်ပန်းနွမ်းလျလှသောကြောင့် အိပ်ပျော်သွားလေသည်။



ထို့နောက် မိထိလာပြည် ဥယျာဉ်တွင်းရှိ ကျောက်ဖျာထက်၌ သိပ်ထားပြီး အဝတ်ခြုံထားခဲ့၏။



မိထိလာပြည်နန်းတွင်း၌ကား ပေါလဇနကမင်းကြီး နတ်ရွာစံပြီး ခုနစ်ရက်မြောက်သောနေ့ဖြစ်၏။ ထီးမွေနန်းမွေခံရန် သားတော်မရှိသဖြင့် ဖုဿရထားလွှတ်ရန် စီစဉ်နေကြသည်။




ဖုဿရထားကြီးသည် ရွှေနန်းတော်ကိုလက်ယာရစ်သုံးပတ်ပတ်၍ မြို့တွင်းသို့လှည့်ပြီးလျှင် မပျော်လင့်ဘဲ မြို့တံခါးမှ မြို့ပြင်သို့ ထွက်သွားသဖြင့် တာဝန်ကျသော မှူးမတ်ခြွေရံများမှာ ရင်တမမဖြင့် ပြေးလိုက်ရတော့သည်။



ဥယျာဉ်တော်အတွင်း၌ မဟာဇနကမင်းသား အိပ်ပျော်နေသော ကျောက်ဖျာသို့ ဖုသျှရထား ဆိုက်ရာ ထိုက်တန်သူမင်းလောင်း ဟုတ်မဟုတ် စမ်းသပ်လို၍ –




တူရိယာသံမြိုင်များ မြိုင်တူထွက်ပေါ်လာ၍ နိုးလာသော်လည်း မင်းသွေးပင်ဖြစ်သဖြင့် မဟာဇနကမင်းသားမှာ တုန်လှုပ်ခြင်းမရှိဘဲ မျက်စိ ဖွင့်ကြည့်ကာပရိသတ်ကြီးကို မြင်သော်လည်းစိတ် အေးလက်အေးနှင့်ပင် နံတောင်းတစ်ဖက်သို့သာ ပြောင်းအိပ်လိုက်သည်။



ပုရောဟိတ်ပုဏ္ဏားများက အဝတ်လပ်နေသော ခြေဖဝါးကိုကြည့်ကာ ခြေဏာဖတ်ကြလေသည်။




ထို့ကြောင့် မင်းမြှောက်တန်ဆာငါးပါး ဆက်ကပ် ဝတ်ဆင်စေလျက် မင်းခမ်းမင်းနားဖြင့် ခေါ်သွား ကြလေသည်။



ထို့နောက် ဝတ္တရားရှိသည့်အတိုင်း ပေါလဇနက မင်းကြီး၏ သမီးတော်ထံအကြောင်းစုံကို လျှောက်တင်စေလေရာ–




အထိန်းတော်ကြီးသွားရောက်၍ အကြိမ်ကြိမ် လျှောက်တင်သည်ကို မဟာဇနကသည်မကြား လေဟန်ဆောင်ကာ မှူးမတ်များနှင့်စကားပြောမြဲ သာ ပြောနေလိုက်သည်။




အထိန်းတော်ကြီးပြန်သွား၍ အတန်ကြာမှသာ မိမိအလိုအတိုင်း ရွှေနန်းဆောင်များသို့လျှောက် ကြည့်လေဟန်ဖြင့် သွားရာသမီးတော် စန္ဒာဒေဝီအဆောင်နား ရောက်လျှင် –





သို့ဖြင့်မဟာဇနကမင်းသားက လာရောက်ဦးညွတ် သောစန္ဒာဒေဝီအား ရွှေလက်တော်တွဲ၍ ရွှေပလ္လင်ထက်တွင် ထိုင်လိုက်စဉ် မှူးကြီးမတ် ရာများ အခစားဝင်လာပြီး သံတော်ဦးတင်ကြ၏။



# မဟာဇနကဇာတ်တော်ကြီး


ရွှေပလ္လင်ထက်ဝယ် ထိုင်နေကြစဉ် မှူးမတ်များက ပထမပြဿနာကို တင်ပြကြသည်။
သမီးတော်သည် ဥဒေသျှောင်ကျင်ကို ကိုင်ထားရန်မသင့်လျော်သဖြင့် ပလ္လင်ခေါင်းရင်းဘက်တွင် တင်လိုက်ရာမှ ဇနကမင်းသားသည် ပလ္လင်ခေါင်းရင်းကို အလွယ်တကူသိရှိတော့၏။
ထို့နောက် နန်းတွင်းလေးတော်ကြီးကို ယူဆောင်လာပြီး လေးတင်ပြရန် လျှောက်ထားပြန်ရာ အလွယ်တကူပင် တင်ပြလိုက်လေသည်။
တစ်ဖန်တတိယပြဿနာဖြစ်သော ရွှေအိုးများကိုရှာပေးရန် စကားဝှက်အညွှန်းတနှင့်တကွတင်ပြကြပြန်ရာ မဟာဇနကသည် ၁၆–ဋ္ဌာနမှ ၃၁–လုံးသော ရွှေအိုးများကို ညွှန်းနိုင်လေသည်။


ဦးရှိးတော်ပေါ်လာဇနကမင်းကြီး၏အလိုတော်ကျ ပြဿနာများကို ဖြေဆိုနိုင်သဖြင့် သမီးတော် သီဝလီဒေဝီနှင့် ရွှေဂေဟာဆက်၍ နန်းတက်ပွဲ သဘင်ဆင်ယင်လေသည်။
မင်းအဖြစ်သို့ရောက်လျှင် ကာလစမ္ပာနဂိုရ်ပြည်သို့ရောက်နေသော မယ်တော်မိဖုရားကြီးအားလည်းကောင်း၊ ဒိသာပါမောက္ခကြီးအားလည်းကောင်း မိထိလာပြည်သို့ပင့်ကာ သုကောင်းပြု၍ တန်ခိုးတသေကိုးကွယ်ထားလေသည်။
မဟာဇနကမင်းနှင့် သီဝလီဒေဝီမိဖုရားတို့သည် သားတော်တစ်ပါးရသောအခါ ဝမ်းမြောက်ဝမ်းသာ ရှိကြ၍ မြပုခက်တင်ကာ ဒီဃာဝုမင်းသားဟု ခေါ်တွင်စေသည်။
ဒီဃာဝုမင်းသားလေးသည် အတတ်ပညာပြည့်စုံ၍ အသက် ၁၆–နှစ်ပြည့်သောအခါ သူ့ကို အိမ်ရှေ့မင်းအရာ အပ်နှင်းလေ တော့သည်။



တစ်နေ့သော် မဟာဇနကမင်းကြီးသည် သားတော်ကိုခေါ်ကာ ဥယျာဉ်နန်းသို့ စံမြန်းရန်သွား၏။ အဝင်ဝ၌ အသီးများ ပြွတ်သိပ်စွာ သီးနေသော သရက်ပင်ကိုတွေ့ရာ အားရတော်မူလှ၍ ဆင်ထက်မှပင် ဆွတ်ယူစားတော်ခေါ်လိုက်၏။
အရသာ ထူးကဲ
တဲ့ သရက်မျိုး
ပေဘဲ၊ ညနေပြန်မှ
ဤသရက်အကြောင်း
ဥယျာဉ်မှူးကို မေးအုံးမှဘဲ
မင်းကြီးနှင့် အိမ်ရှေ့မင်းသားပါ ဆွတ်ခူးပြီး ဖြစ်သဖြင့် နောက်မှပါလာသော ခြွေရံသင်းပင်းများကလည်း ခူးခွင့်ရပြီဖြစ်ရာ သူ့ထက်ငါ ပျော်ရွှင်စွာ ဆွတ်ယူစားကြကုန်၏။
သစ်ခက်တဲနန်းတွင် တစ်နေကုန် စံမြန်းပြီးမှ ညနေဘက်၌ ပြန်လာရာ ဥယျာဉ်ဝရှိ ပြွတ်သိပ်စွာ သီးနေသော သရက်ပင်မှာ အခက် အလက်များ ကျိုးပဲ့ပျက်စီးနေသည်ကိုတွေ့၍ –
အလို ---
ဤ သရက်ပင်ဟာ - မနက်
က - အသီးတွေနဲ့ ဖြိုးဖြိုး
ဆိုင်းဆိုင်း ဝေဝေဆာဆာ ရှိ
လျက်နဲ့ - ညနေဘက် ကျ
တော့ - ဘာကြောင့်
အသီးမရှိ - အရွက်
မရှိ - အကိုင်းများပင်
ကျိုးကျလျက်
ရှိ သနည်း ---
ဥယျာဉ်မှူးကြီး
မှန်လှပါ၊ အရှင်မင်းကြီး
နှင့် သားတော် တို့ ဆွတ်ခူး - စား
တော်ခေါ်ပြီးနောက် - ဘဏ္ဍာ အရံ များကလည်း
အပင်ပေါ်တက်၍ စားကြသည်ဖြစ်ရာ - သရက်သီး
သည် - အရသာ ထူးကဲကြောင်း သိရှိသွားကြ
သည်နှင့်အမျှ - သူ့ထက်ငါ လောဘဇော
တိုက်ကာ လုယူစား သောက်သဖြင့်
အရွက် အခက်များ ကြွေ
ကျ ပျက်စီးပြီး သရက်
ပင်ကြီးမှာ မူလကျက်
သရေ ပျက်စီးရ
ကြောင်းပါဘုရား...


.....ထိုထက် နောက်ကျသော သူများကား ကျွဲမျှ ကျော်ကြား နေသော သရက်သီးများကို မြင်ဘူး ရုံမျှပင် မမြင်ဘူးလိုက်ရ‌ရွေတကားဟု ဆိုပြီး၊ ဒေါသထွက်ကာ သရက်ပင်ကို ခုတ်ချိုး ပစ်ခတ်ကြ၍ - ကျွဲလဲ့သို့ ကျိုးပဲ့ ပျက်စီးသော အဖြစ်မျိုး ရောက်ရ ကြောင်းပါ ဘုရား
ဟိုဘက်က ယှဉ်ပေါက်နေတဲ့ သရက်ပင်ကတော့ - မနတ်က ကဲ့သို့ပင် အကောင်းကပတိ ဆဲ ရှိနေသော ပါလား
.....မှန်လှပါဘုရား.... ထိုအပင်မှာ လုံးဝ အသီးသီးခြင်း မရှိခြင်းကြောင့် မည်သူမှ အတွေ့ဂရု မပြုပါကြသဖြင့် - အေးကောင်းပြီး တင့်တယ်စွာပင် တည်ရှိလျက် ရှိနေကြောင်းပါ ဘုရား။ ။
အိမ်း..... သံဝေဂ ထရာ ရစရာ ပါဘဲလား ..... ကျွတ် ....ကျွတ်
ထိုအချိန်မှစ၍ မင်းကြီးသည် တွေဝေကာလိုက်ပါ သွားပြီး ရွှေနန်းတော်သို့ရောက်လျှင်အမိန့်တော် ချမှတ်လေတော့သည်။
မင်းကြီးများ........ ငါတို့၏ မင်းစည်းစိမ်ကား၊ အသီးပွင့်ချာ သီးနေသော သရက်ပင်နှင့် တူလေစွ တကား။ ရန်သူများနှင့် နေ့စဉ်ဆက်ဆံ နေရသော ဘဝမျိုး ဖြစ်တော့ သည် တကား.
.....ရန်သူ နှင့် ကင်းသော အဖြစ်ကား --ရသေ့ ရဟန်း ဘဝ ပင်တည်း။ အသီး လုံးဝ မသီးသော သရက်ပင်နှင့် တူ၏။ ငါလည်း သက်တော် ကြီးလေပြီ။ ထို့ကြောင့် အသက် အရွယ်နုပျို သေးသော သားတော်ကို ရွှေနန်း စည်းစိမ် အပ်နှင်းကာ ရသေ့ထွက်လဲ၍ တောထွက် အံ့....
ဤသို့မိန့်တော်မူ၍မကြာမီတောထွက်သွားလေ၏။

# သုဝဏ္ဏသာမဇာတ်တော်ကြီး


တေ၊ ဇ၊ သု၊ နေ၊ မ၊
ဘူ၊ စံ၊ နာ၊ ဝိ၊ ဝေ၊
ဟူသော စကား ထဲမှ
တတိယ စာလုံးဖြစ်သော
[သု] ဆိုသည်မှာ
သုဝဏ္ဏသာမ
၏
ဘ ဝ အ ကြောင်း
ကို ဆို လို သ ည်။



ရှေးအခါက ဟိမဝန္တာတောတွင်းရှိ ကျောင်းသင်္ခမ်းတစ်ခုတွင် ရသေ့တစ်ပါးနှင့်ရသေ့မတစ်ပါးသည် သစ်သီးသစ်ဥများကိုသာ စားသောက်လျက် တရားအားထုတ်နေကြ၏။


တစ်ချိန်သော်သိကြားမင်းတိုက်တွန်းချက်အရ သားယောကျ်ားကလေးတစ်ယောက် မွေးဖွားလာ၏။ သူ့ကိုသုဝဏ္ဏသာမဟု အမည်ခေါ်တွင်စေသည်။



သားကလေးငယ်ရွယ်စဉ်က ရသေ့များသစ်သီးရှာထွက်နေသောအချိန်များတွင် ကိန္နရီများလာရောက်နို့တိုက်၍ ထိန်းပေးကြ၏။


အနည်းငယ်ကြီးလာသောအခါ တောသတ္တဝါကလေးများနှင့် အဖော်လုပ်ကာ ကစားလျက် ကျောင်းသခ်မ်းတွင် သန့်ရှင်းရေး များလုပ်၍ နေလေ့ရှိသည်။
တစ်နေ့တွင် အချိန်လွန်သည့်တိုင်အောင် ကျောင်းသခ်မ်းသို့ ရသေ့များပြန်မလာသဖြင့် အရွယ်ရောက်ပြီဖြစ်သော သုဝဏ္ဏသာမသည် စိတ်ပူလာသောကြောင့် –
နေ့ဆိုကြီးလဲ အတော် သဲသဲမဲမဲ ရွာတယ်။
လေကြီးလဲ အတော် မြင်းမြင်းထန်ထန်တိုက်ခတ်တယ်။ မိုးလဲချုပ်ပြီ။ ဘာခု မိုးခဲ့သွားတော့လဲ - အဖေနဲ့ အမေလဲ ပြန်မလာသေးဘူး၊ ဘာဖြစ်လို့ပါလိမ့် . . . . . .
တောထဲသို့ အရဲစွန့်ကာလိုက်ရှာရင်း အော်ဟစ်ခေါ်လေ၏။ တစ်နေရာသို့ရောက်လျှင်
အဖေ
အဖေ
အမေ
အမေ
သားရေ - - လူကလေး - - -
ငါတို့ ဒီသစ်ပင်ကြီးအောက်မှာဟေ့ ။ သားလေး မလာနဲ့ -
ဒီမှာ အန္တရာယ် ရှိတယ်ကွဲ၊ မြွေကြီးရှေရှေသာ ခပ်လှမ်းလှမ်းက - ပစ်ကြားလား ။ သမြင့်ဆုံး သစ်ပင်ကြီးနော် ။ တွေ့လား
ဟုတ်ကဲ့
ထို့ကြောင့် ပါလာသောဓားမတိုဖြင့် လက်လှမ်းမီရာကြိုးများကို ခုတ်ဖြတ်လျက် တစ်ခုနှင့်တစ်ခု ဆက်ချည်ပြီးနောက် သစ်ပင်ကြီး သို့ရောက်အောင် ပစ်ပေးလိုက်လေသည်။
ကြိုးပစ်ပေးလိုက်ပြီ၊ ရောက်လား
ရပြီ - ရပြီ - ဟိုမှာဘဲနေ လူကလေး

သားအမိနှင့်ဆုံရောက်မှမျက်စိကွယ်သွားပြီဖြစ်ကြောင်း ပြောဆိုရှိ ငိုကြွေးကုန်၏။




ထိုအခါသုဝဏ္ဏသာမသည် အားပေးစကားပြောရင်း
ကျောင်းသင်္ခမ်းသို့လက်တွဲကာ ခေါ်ဆောင်သွား
လေသည်။





ကျောင်းသင်္ခမ်းသို့ပြန်ရောက်လျှင် သုဝဏ္ဏသာမ
သည် မိဘများတစ်နေရာမှ တစ်နေရာသို့သွားရ
လွယ်ကူစေရန် ကြိုးတန်းပေး ခြင်း၊ သောက်ရေနှင့်
သစ်သီးများအနားချပေးခြင်း စသည်တို့ကို
ဆောင်ရွက်လေတော့သည်။




နောက်တစ်နေ့မှစ၍ ကျောင်းသင်္ခမ်းတွင်
သန့်ရှင်းရေးလုပ်ကာ မိဘတို့အတွက် လိုရာ
ကိစ္စများပြုလုပ်ပြီးလျှင် အဖော်များကို ခေါ်၍
တောထဲသို့ သစ်သီးရှာထွက်သွားလေ့ရှိသည်။





သုဝဏ္ဏသာမသည် နေ့စဉ်နေ့တိုင်း ရေခပ်ထွက်သောအခါ အဖော်ဖြစ်သော သမင်များကလည်း ဝိုင်းဝန်းကူညီကြလေသည်။
တစ်နေ့သောအခါ သမင်သားကို အလွန်နှစ်သက်သော ပိဠိယက္ခမင်းကြီးသည် မယ်တော်ကို ခေတ္တနန်းအပ်ကာ သမင်များ ကို လိုက်လံပစ်ခတ်စားသောက်ရင်း ရသေ့များ၏ ကျောင်းသင်္ခမ်းနားသို့ ရောက်လာ၏။
ညနေဘက်၌သမင်ခြေရာများအလွန်ပေါသော မြစ်ကမ်းစပ်တွင် ပစ်ရန်ချောင်းနေစဉ် သုဝဏ္ဏသာမသည် သမင်များနှင့် အတူ ရေခပ်ဆင်းလာသည်ကို တွေ့လေသော် –
ဟင့်အင်း --- ဒီတောနက်ကြီးထဲမှာ - သမင်တွေနဲ့လာတာ လူပေါ့ မဟုတ်တန်ဘူး။ နတ်လား၊ နဂါးလား၊ ဘာလဲ ထူးရှိဘဲ ဖြစ်ရမယ် မေးနေရင် - ကိုယ်ရောင်ပျောက်သွားမလား။ မသိ။ သေချာအောင် မြှားနဲ့ ပစ်မှ ပါဘဲ---
ဤသို့တွေးပြီး မြှားဖြင့်ပြစ်လိုက်လေတော့၏။
သုဝဏ္ဏသာမသည် မြှားထိသဖြင့် ချွေကျသွားပြီး အော်၍ ညည်းတွားမိလေသည်။
အလို... ငါ့ကို ဘယ်သူများ ပစ်ပါလိမ့်... ငါ့မှာ ရန်သူလဲ မရှိပါဘူး -----
ကျွတ်
သမင်တို့သည်လည်း ကြောက်လန့်၍ ထွက်ပြေးကြကုန်၏။

# သုဝဏ္ဏသာမဇာတ်တော်ကြီး


လူ့ဘာသာ ခိုတာ မစားကောင်းပါဘူး -----
ကျွတ် ကျွတ် အင်း..... ဆင်ကိုပစ် ရင် ဆင်စွယ် သုံးရမယ်၊ ကျားကိုပစ် ရင် ကျားသားရေ သုံးရသေးရဲ့၊ သမင်ကို ပစ် သမင်ဦးချိုကို သုံး ရသေးရဲ့၊ ငါ့ ကိုဘာလို့များ ပစ်ပါလိမ့် နော် ---- ကျွတ် ကျွတ်----
မင်းကြီးသည် သုဝဏ္ဏသာမထံ ပြေးသွားပြီး စုံစမ်းမေးမြန်းလေသော်-
မြှား ပစ်ခံရတာတောင် စိတ်မဆိုးတဲ့ - လူ့ သူတော်ကောင်း ပါလား
သင် ဘယ်သူလဲ
ကျွန်ုပ် သုဝဏ္ဏသာမပါ။ ဟိုရှေ့က ကျောင်းသင်္ခမ်း မှာနေပါတယ်။ မျက်မမြင် မိဘ ရသေ့ နှစ်ပါးကို လုပ်ကျွေး နေပါတယ် ကျွတ် ကျွတ် - အခု ရေလာခပ် တာပါ။ အသင်က ကော ဘယ်သူလဲ
အကျွန်ုပ်ကား - ဗါရာဏသီပြည့်ရှင် ပီဠိယက္ခမင်းကြီး ဖြစ်တော့သည်။ သမင်သားကို နှစ်ခြိုက်လှ၍ - ထီးနန်းကို -- မယ်တော်ထံ ခေတ္တ အပ်ထားပြီး တပါးတည်း တောကစား ထွက်လာရင်း ကျွန် တောတောင် သို့ရောက်လာသည်။ သူ့ သမင် အုပ် ကိုမြင်၍...
.....
အရှင်မင်းကြီးရယ် ကျွန်တော်မျိုးကို အဘယ်ကြောင့် ပစ်တော်မူပါသလဲ ဟင်-- ကျွတ် ကျွတ်.... ကျွန်တော်မျိုး အသေခိုက်အောင် နာတာထက် - မျက်မမြင် မိဘ များက အချိန်တန်လို့ သားပြန်မလာရင် စသောက ပူပြင်း စိတ် ဆင်းရဲ နေကြမှာကို စိုးရိမ်လှပါတယ်
ဘုရား -- ရား...
အား.....
ကျွတ် ကျွတ်


. . . ဘုရင်ကြီးဘုရား - ကျွတ်ကျွတ် - - ဒဏ်ရာနှင့် ပါးစပ် - ကပါ သွေးတွေ ထွက်နေတာထက် မိဘများ သစ်သီး မစားရ - ရေမသောက်ရ၍ အားပြတ် သေဆုံးရမည့် အရေးကို မတွေးရဲပါ ဘုရား - - - - ကျွတ်ကျွတ် - - - အင်း - - - ဘယ်သူက - ဒီတောနက်ထဲ - လုပ် - - - ကျွေး - - - - - များလဲ - - - - အား - - - - - - -
ဟုပြောဆို၍ ငြိမ်သွားလေရာ
မင်းကြီးသည် စိတ်ထိခိုက်သွားပြီးလျှင်
အိမ်း - သေသွားရှာပြီထင်တယ်။ သူတော်ကောင်းကို - ငါ ပြစ်မှားမိပြီ။ ကျွံ ပြစ်မှု ပြေပျောက်စေရန် - ဒီသူငယ် အစားရသေ့များကို - ငါကိုယ်တိုင် လက်ရောက် လုပ်ကျွေးမှ ဘဲ - - -
ကဲလေ - သူ့ ရေအိုးယူပြီး သူ့ မိဘ ရသေ့ တွေနေတဲ့ ကျောင်းသင်္ခမ်း ကိုသွားရှာမှဘဲ
ကျောင်းသခ်မ်းသို့ တက်သွားလေသော်
ဘယ်သူများလဲ - ငါတို့ရဲ့သား - သုဝဏ္ဏသာမရဲ့ ခြေသံဟာ ဒီလို မပြင်းပါဘူး
ကျွန်ုပ်ကား - ပီဠိယက္ခ ဘုရင်ကြီး ဖြစ်တော့သည်
အရှင်မင်းကြီး - မြင့်မြတ်သော နေရာထက်၌ ထိုင်တော်မူလော့ - - - -
. . . . အကျွန်ုပ်တို့ကား - မျက်မမြင် ခုက္ခိတများဖြစ်၍ ခွင့်လွှတ်တော်မူပါ။ အလို ရှိအပ်သော ကိစ္စကိုလည်း မိန့်တော်မူပါလော့ - - -
ရသေ့ကြီး - သင်တို့၏သားကို တောလိုက်ရင်း - မျက်ပါ မှားမိ၍ ပစ်ခတ်မိ၍ မြားခံ၍ ကျသေဆုံးပြီဖြစ်ကြောင်း သိစေလိုသည်
ပါ့ိက် - သားလေး အနိစ္စရောက်ပြီ ဆိုပါလား - - - ဘုရား - ဘုရား
သားရေ - - သားရဲ့ - - - - အမေ ရင်ကွဲရချေ ရဲ့ - -
အသင် ရသေ့တို့အား သူ့အစား - အကျွန်ုပ် လုပ်ကျွေး ပါဘို့ - - - မပူပင်ကြပါနှင့်
အရှင်မင်းကြီး လုပ်ကျွေး၍လည်း သင့်တော်မည်မဟုတ် - - - ထို့ကြောင့် သား သုဝဏ္ဏသာမ ရုပ်ကလာပ် ရှိရာသို့သာ အမှန် ပို့ဆောင် တော်မူလော့



သုဝဏ္ဏသာမထံရောက်လျှင် ရသေ့တို့သည်
ကိုယ်ခန္ဓာရှိသေး၍ မေ့မျောနေကြောင်း
သိရသဖြင့်—
ဟေ — အသက် ငွေ့ ငွေ့ ရှိသေး တယ် ဟ
ဒီလို အသက် မကျန်သေး ရင် -- ကျုပ် သစ္စာ ဆိုအံ့ ------
ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ တို့အား ရှိခိုး ပါ၏။
ဂါတို့ ပြုရခဲ့သမျှသော ကောင်းမှု ကုသိုလ် များ ကြောင့် ... မြား ဆိပ် ပြေပါစေ သတည်း။
ယင်းသို့ ရသေ့ကြီးက သစ္စာဆိုသောအခါ သုဝဏ္ဏသာမသည် လူးလွန့်လှုပ်ရှားပြီးလျှင် အနည်းငယ်လိုမ့်၍ အိပ်လေသည်။ ထိုအခါ ရသေ့မကလည်း သစ္စာဆိုပြန်သည်။
ငါ့သား သုဝဏ္ဏသာမ သည်
--- ကျွဲ မှန်သော သစ္စာ စကား ကြောင့် မြား ဆိပ် ပြေပါစေ သတည်း
ထိုအခိုက် ခုနစ်ဘဝတိုင်တိုင် မိခင်တော်ခဲ့ဖူးသောဗဟုသုန္ဒရီနတ်သမီးရောက်လာပြီးသစ္စာဆိုပြန်သည်။


ထိုသို့ သစ္စာဆိုပြီးအဆုံး၌ သုဝဏ္ဏသာမသည် မြွားဆိပ်ပြေကာ ထထိုင်၏။ စိုက်နေသော မြွားလည်းမရှိ၊ ဒဏ်ရာလည်း လုံးဝ မရှိ၊ နတ်သမီးလည်းကွယ်လေပြီဖြစ်ရာ အံ့အားသင့်ပြီး ကြည့်နေမိကြ၏။
?
ဟယ်- ဘာမှ မဖြစ်သလိုဘဲ၊ မြွားလဲ မရှိတော့ဘူး - ဒဏ်ရာလဲ မရှိဘူး
ဒွေးကွက်တော် မရှိပါလား
ဟင် - - - အဖေနဲ့ အမေ တို့ပါလား - - - -
ဟာ - မျက်စိ မြင်ကြပြီလား - - -
သား - သား - - - မသေလို့ တွေ့ရ မြင်ရတယ် - - - ဟဲ့
အေးကွယ် ပြန်မြင်ရပါပြီကော - - ဘုရား - ဘုရား ဝမ်းသာ လိုက်တာ - - -
ပိဋ္ဋိယက္ခမင်းကြီးသည် မကြုံစဖူးသောအဖြစ်များကို မျက်မြင်ကိုယ်တွေ့ကြုံရသဖြင့် အံ့သြပြီး -
အို - - သျှုတော်ကောင်း ရသေ့ကြီး - ရသေ့မကြီး နဲ့ - ရသေ့လေးတို့ - - - - - - - -
သင်တို့၏ သီလ - သမာဓိ - တန်ခိုးကြီး - ကြီးမားလှ၍ - အံ့ဘွယ် ကောင်းလေစွ - - - -
နတ်သမီးပင် - ကိုယ်ထင်ပြ၍ - သစ္စာဆိုလာသည်။ ကျွန်ုပ်လည်း ကြီးစွာသောနောင်တ တရားရပါပြီ၊
ထို့ကြောင့် - တရားဓမ္မလမ်းကြောင်းဖြင့် ဆုံးမဩဝါဒ ပေးပါလော့ - -
ထိုအခါ သုဝဏ္ဏသာမသည် မင်းကြီးအား
- - - - အရှင်မင်းကြီး - - - - - - - - - တိုင်းသူပြည်သားကို - ရင်ဝယ်သားနှင့်မခြား မေတ္တာထား၍ - မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်ပါလော့ - - မိဘများကိုလုပ်ကျွေးသူသည် - နတ်ရွာသို့လားကြပါသည်ကို မှတ်သားပါလေ၊
သာဓု၊ သာဓု၊ သာဓု။ ယနေ့မှစ၍ - ယောဂကြားသည့်အတိုင်း ဆောင်ရွက်မည်ဖြစ်ကြောင်း သစ္စာပြုပါသည် - ရသေ့တို့ - - -
ထိုအချိန်မှစ၍ ပိဋ္ဋိယက္ခမင်းကြီးသည် သမင်သားတပ်မက်ခြင်းကိုစွန့်၍ တရားရကာ တိုင်းပြည်သို့ ပြန်လေတော့သတည်း။
ပြီး၏

# နေမိဇာတ်တော်ကြီး


တေ၊ ဇ၊ သု၊ နေ၊ မ၊
ဘူ၊ စံ၊ နာ၊ ဝိ၊ ဝေ၊
ဟူသော စကားထဲမှ
စတုတ္ထ စာလုံးဖြစ်သော
[နေ] ဆိုသည်မှာ
နေမိ မင်းကြီး၏
ဘဝ အကြောင်း
ကို ဆိုလိုသည်။
ရှေးလွန်လေပြီးသောအခါ ဝိဒေဟတိုင်း၌ နေမိမင်းကြီး အုပ်စိုး၏။ ထိုမင်းသည် ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာ စောင့်ထိန်းသော သူတော်ကောင်းမင်းတစ်ပါး ဖြစ်လေသည်။
ဘုရား တပည့်တော် သည်... မိမိ အသက်ကိုပင် ရှုံးရလိုက ရှုံးစေ - ပဉ္စသီလကို ထာဝစဉ်အမြဲ မပျက်မစီးအောင် စောင့်ထိန်း ပါမည်ဟု အဓိဋ္ဌာန်ပြုပါသည် - မြတ်စွာဘုရား . .
လပြည့် လကွယ်နေ့များတွင်လည်း ဥပုသ်စောင့် ထိန်း၍ တရားကျင့်လေ့ရှိ၏။
ယနေ့ အတွက် အမှုစီရင် ရန် မရှိ ....နေ့လွဲ ညစာ အတွက် ပွဲတော်အုပ်ပို့ရန် မလို .... တူရိယာ - အက အခုန် ဖျော်ဖြေမှုမလို..... မြင့်မြတ်သော နေရာထိုင် ခင်း မလို ဥပုသ် ဆောင် ဝင် တော်မူမည်...
ရွှေမြို့တော်၏ အရှေ့၊ အနောက်၊ တောင်၊ မြောက်နှင့် မြို့လယ်တွင် အလှူဇရပ်ကြီးများ တည်ဆောက်၍ စားဖွယ် သောက်ဖွယ်နှင့် ပစ္စည်းများကို အလှူကြီးပေးလေ့ရှိသည်။
အယုတ် - အလတ် - အမြတ်မရွေး - အလှူ တို့အား - စေတနာ မြတ်သားစွာ ကျွေးကြ - မွေးကြ - လှူကြ - တန်းကြ ကုန်လော့....


နေမိမင်းကြီး၏ သတင်းသည် လူ့ပြည်တွင်သာမက တာဝတိံသာနတ်ပြည်သုဓမ္မာနတ်သဘင်တိုင် အောင်ပင် ကျော်ကြား၏။
အချို့သောနတ်တို့က...
တကယ်တော့ နေမိမင်းကြီးဟာ ငါတို့ရဲ့ ကျေးဇူးရှင်ဘဲ - - - - - - - - - - - - - - - - - - - -
ငါတို့ လူ့ဘဝတုန်းက - ဒီနေမိမင်းကြီးရဲ့ ဆုံးမသြဝါဒ မှ ကြောင့် ကုသိုလ်ကောင်းမှုပြုလုပ်ကြလို့ - အခု နတ်ပြည်ကို ရောက်လာကြ တာဘဲ ။
ဟုတ်ပါ့ - အခုလဲ - အဲဒီ နေမိမင်းကြီးဟာ - ဆက်လက် တရားအားထုတ် ဆဲဘဲတဲ့ ။
သာဓုခေါ် ပါတယ်။ တော်ပါပေ တယ်။
တစ်ခုသော လပြည့်နေ့တွင် နေမိမင်းကြီးသည် ဥပုသ်ဆောင်ဝင်၍ တစ်ပါးတည်း စဉ်းစားနေစဉ် သိကြားမင်းသည် ကိုယ်ထင်ပြပြီး -
အကျွန်ုပ်သည်ကား - တာဝတိံသာ နတ်ပြည်ကို အုပ်စိုးသော သိကြားမင်းဖြစ်တော့သည်၊ အသင်မင်းကြီး သိလိုရာ ရှိက - မေးလော့ - - - - -
ကျွန်ုပ်သို့ဆိုလျှင် - - - မေး အံ့ - - - - အလှူပေးခြင်းသည် သီလ ဆောက်တည် ခြင်းထက် အကျိုး ကြီးသလော....
သို့မဟုတ် - သီလဆောက်တည်ခြင်းက အလှူပေးခြင်းထက် အကျိုးကြီးသလော - - - အသင် သိကြားမင်း ဖြေဆိုနိုင်ပါ၏လော - - -
အသင်မင်းကြီး - သီလ ဆောက်တည်ခြင်းက - ပို၍ အကျိုးကြီးပါသည်။ အဘယ်ကြောင့် ဆိုသော် - အကျွန်ုပ် ကြားဘူး၊ တွေ့ဘူးသမျှ သက်သေ တင်ပြပါအံ့။ ဒုတိပမင်း၊ သာဂရမင်း၊ သေလမင်း၊ မုစလိန္ဒမင်း၊ ဘဂီရသမင်း၊ ဥသိန္ဒရမင်း၊ အဋ္ဌကမင်း၊ အသောကမင်း၊ ပုထုဇ္ဇနမင်း၊ - - - စသော ဘုရင်ကိုးပါး တို့သည် အလှူကြီး များပေးသော ကောင်းမှုကြောင့် နတ်ပြည်သို့ရောက် ကြကုန်၏ - - - - - -
ယာမပဗ္ဗတမည်သော ရသေ့၊ သောမယာဂရသေ့ - မနောဇဝ ရသေ့၊ သမုဒ္ဒ ရသေ့၊ မာဃရသေ့၊ ဘရတ ရသေ့၊ ကာလပုက္ခတရသေ့ - ညီနောင် ခုနစ်ပါးတို့သည် ၎င်း၊ အင်္ဂီရ ရသေ့၊ ကဿပ ရသေ့၊ ကိသဝစ္ဆရသေ့၊ အကတ္တိ ရသေ့ - ဤသည်မှင်း - သီလဆောက်တည်သော ကောင်းမှုကြောင့် နတ်ပြည် မှ ကျော်လွန်၍ ဗြဟ္မာ ပြည်သို့ရောက်၏
- - - အကျွန်ုပ် ကိုယ်တိုင်ပင် ရသေ့ တသောင်းအား နှစ်ပေါင်းကြာရှည်စွာ အစွမ်းကုန်လှူသော အကျိုး ကြောင့် - ယခု - သိကြားမင်းဖြစ်ရ၏။ ကျွန်ုပ် လှူသော ဒါနကို သုံးဆောင်လျက် - အကျင့် သီလ စောင့်ထိန်းသော ရသေ့ များကား - နတ်ပြည်ကို လွန်၍ ဗြဟ္မာ့ပြည် သို့ ရောက်ကြကုန်၏
- - - အရှင်မင်းကြီး - ကျွန်ုပ် ဒါန သီလ အကျိုးကို - သူတော် ကောင်းတို့တွေ့လေ့ ရှိ၏ ။ ထို့ကြောင့် - ဒါနပေးခြင်း ၊ သီလ ဆောက်တည်ခြင်း နှစ်မျိုးလုံး ကိုပင် ဆက်လက်ပြုလုပ် ပါလော့ - - -
ထိုသို့ဆိုပြီး သိကြားမင်းကွယ်ပျောက်လေ၏။


တာဝတိံသာနတ်ပြည်သို့ သိကြားမင်းပြန်ရောက်လျှင် နတ်အပေါင်းတို့က မေးကြ၏။
အရှင်၊ မင်းကြီး၊ - အဘယ် အရပ်ဒေသ သို့ကြွမြန်းတော် မူပါ သနည်း ။
လူ့ပြည်မှ သူတော်ကောင်း နေမိ မင်းကြီးသည် သံသယ တချို့ဖြစ်နေ၍ - သွားရောက် ဖြေရှင်းပေး ရန် လူ့ပြည်သို့ ခေတ္တ မျှ သွားခြင်းဖြစ်၏ ။ ထို မင်းကြီး ကား - ငါး ပါး ပဉ္စသီ မြဲ၏၊ ဥပုသ် စောင့် ထိန်း၏၊ လှူဒါန်း၏၊ တိုင်း သူပြည်သားတို့ ကို - ကုသိုလ်မှု ရန် ဆုံးမ၏ ကြည်ညိုထိုက် သော မင်းကောင်း မင်းမြတ် တပါး ပေတည်း ။
အရှင် မင်းကြီး -- ကျွန်ုပ်တို့ နေမိ မင်းကြီးအကြောင်း ကို မကြာခဏ ကြားရပါသည် ။ လူကိုယ် တိုင် တွေ့ချင်လို၍ - ဆွေးနွေးလို၍ - နတ် ပြည်သို့ ပင့်ဆောင်ရန် ဖြစ်နိုင် ပါမည် လော...
ပါတယ် ဘုရား
နတ်သား များက ကြည်ညိုလို ပါသည်
ကျွန်ုပ်မင်း မျိုး ပေါ်ခဲ ကြောင်းပါ
သဘောတူ ပါတယ်
ဖြစ်နိုင် ပါသည်၊ နတ် အပေါင်း တို့ တွေ့စေလျှင် ဖြစ်စေရမည်
နတ်အပေါင်းတို့၏ အလိုဆန္ဒကြောင့် မာတလိနတ်သားအား နေမိမင်းကြီးကို ပင့်ဆောင်ရန် သိန္ဓောမြင်းပျံတစ်ထောင်က,သော ဝေဇယန္တာနတ်ရထားဖြင့် လူ့ပြည်သို့ စေလွှတ်လိုက်၏။



မာတလိနတ်သားသည် ဝေဇယန္တာ နတ်ရထားကို နေမိမင်းကြီး၏ ရွှေနန်းတော်မျှော်စင်၌ ကပ်၍ ရပ်ပြီးလျှင် -
အရှင်နေမိမင်းကြီးအား သိကြားမင်းကြီးက တာဝတိံသာ နတ်ပြည်သို့ ခေတ္တ ကြွချီတော်မူပါရန် ကျွ် ဝေဇယန္တာ နတ်ရထားကို လွှတ်၍ ပင့်ဖိတ်လိုက်ကြောင်းပါ
ထိုအခြင်းအရာကို တိုင်းသူပြည်သားများက အံ့တသြ ဝိုင်းကြည့်နေကြစဉ် မင်းကြီးသည် ရထားထက်သို့တက်၍ -
....ငါတို့မင်းတော် တာဝတိံသာ နတ်ပြည်သို့ ရွှေစကြာ မြန်းတော်မူစဉ်- သင်တို့ ဒါတိုင်းတဲ့သို့ပင်- ကုသိုလ် ကောင်းမှု ပြုလျက် ကြ ကျန်ရော့.....
နတ်ရထားထွက်ခွာသွားပြီးနောက် လမ်းခုလတ်တွင်
အရှင် မင်းကြီး - တာဝတိံသာသို့ သွားရန် လမ်းနှစ်သွယ် ရှိကြောင်းပါ။ တလမ်းကား - ကောင်းမှု ကုသိုလ်ကြောင့် စံစား နေကြပုံကို မြင်ရသောလမ်း။ ဒုတိယ လမ်းကား - မကောင်းသော အကုသိုလ် ကြောင့် ခံစားနေရသည့် အပြစ်ကို မြင် ရသော လမ်း။ ထို နှစ်လမ်း အနက် မည်သည့်လမ်း မှသွားလိုကြောင်း သိလို ပါသည်။
ကောင်းပြီ- ကျွန်ုပ် အလို အတိုင်း မှာရလျှင် -ပထမ အပြစ် ခံနေရခြင်းကို မြင်ရသော လမ်းမှသွားပြီး နောက်- ခရီးနောက်ပိုင်း တွင် စံစားနေရခြင်း ကို မြင်ရသော လမ်းသို့ဆက်ရန် ဆန္ဒရှိ ပါ သည်။
အရှင်မင်းကြီး စိတ်တိုင်းကျ ဖြစ် စေပါမည်။

# နေမိစက်တော်ကြီး


ကြာမီ သစေယန္တ ၁ နတ်ရထားသည် မြေအောက်သို့ ငုပ်လျှိုးသွားလေသည်။
သတိရှိတော်မူပါ ဘုရင်မင်းကြီး။ မဟာ ပထဝီ မြေကြီးကို ဖေါက်ထွင်း မြေလျှိုး သွားနေကြောင်းပါ....
နှီ - ကွက်တိ ကွက်ကျား တွေက - ဘာတွေများ ပါလိမ့်
မြေတွင်းရှိ သယံဇာတ ပစ္စည်းများ ဖြစ်သော - စိန်ကျောက် ရတနာ များနှင့် သတ္တု ကျောက်ကြီး၊ ရေနံကြော ကြီး များဖြစ် ကြောင်းပါ..
အို - နတ်သား ဟိုရှေ့က နီရဲနေတာက ဘာလဲ
ငရဲပြည်မှ အိုးလှိုဏ် အရောင်ဟပ် မြင်းသာ ဖြစ်ကြောင်းပါ
အလို.... ကိုက်သလိုလို ဖြစ်လာပါလား
ငရဲမီးလျှံ အရှိန် ကြောင့်ပါ။ သို့သော် ဝေဇယန္တာ နတ်ရထား အတွင်းမှာ - ပူလောင်ဂို မပူနိုင်ပါ။ ရွှေစိတ် တော်ချမ်း စံတော်မူပါ



အရှင်မင်းကြီးမှုတော်မူလော့-- ဤကားမီးကျီး
ငရဲပင်ဖြစ်ကြောင်းပါ။
--- အလျှံပြောင်ပြောင်တောက်နေသော
သံမြေပြင်အပေါ်တွင် လျှောက်ပြေးနေကြသည်။
တစ်ကိုယ်လုံးမီးထတောက်၍မချိမဆန့်
ခံစားနေရသောငရဲကောင်များကို ---
--- ငရဲသားများက လိုက်ရိုက်သတ်နေကြခြင်းဖြစ်ကြောင်းပါ။
အလို...ကြောက်ခမန်း လိလိပါလား။
လူ့ဘဝ တုန်းက - ဘာတွေ များမှားလုပ်
ခဲ့လို့များပါလိမ့်။
--- လူ့ဘဝကမကောင်းမှုများ
ပြုလုပ်ခဲ့သောကြောင့်ယခုအခါ
ဤငရဲတွင်ခံစားနေကြရခြင်းဖြစ်ကြောင်းပါ။


အရှင်မင်းကြီး ဤငရဲကားလူဖြစ်စဉ်အခါက
မွေးရက်မတောန်ရောက် နှမြောဝန်တိုလျှက်သူများ
လှူမြိုင်းများကိုလည်းပိတ်ပင်ပြီးအလှူခံများကို
ဆေးသမ်မြှင့်ပြုလုပ်သူများခံစားနေရသော
ခွေးဆောင်ငရဲဖြစ်ကြောင်းပါ။
အရှင်မင်းကြီး ဤငရဲကားအကျင့်သီလမရှိသော
ရသေ့ရဟန်းစတဲ့ သူတော်စင်များကိုဆဲရေး
ရိုက်နှက်ချုပ်ချယ်စော်ကားသူတို့သည်
ပွက်ပွက်ဆူနေသောကြေးနီ
ရေအိုးထဲသို့ပစ်ချခံနေရသော
ကြေးနီအိုးငရဲ
ဖြစ်ကြောင်းပါ။
အိမ်း----
ကျွတ်ကျွတ်



ထိုအခိုက် မဟာဇဝနနတ်သားသည် နတ်ရထား တစ်စီးဖြင့် လိုက်လာပြီး –
မာတလိနတ်သားသည် နေမိမင်းကြီးအားလှမ်း၍ လျှောက်ထားလိုက်လေသည်။

# နေမိဇာတ်တော်ကြီး


ထိုမြင်ရသည်များကို မြင်၍ငေးငိုင်နေစဉ် –
အရှင် မင်းကြီး
အင်း...... အင်း...... ......
ထိုသို့ဆို၍ မာတလိနတ်သားသည် နတ်ရထားကို ပထဝီမြေကြီးထဲမှ လေဟာပြင်ကောင်းကင်သို့ တစ်ရှိန်တိုး ဦးတည်လိုက်သည်။
အလို --- လိုးလိုးလက်လက် အရောင်တွေ တောက်ပ လှချေကလား - အိုနတ်သား
မှန်ပါ.... နတ်တို့၏ ဘုံ ဗိမာန် နန်းပြာသာဒ် များမှ ဝင်းဝင်း လက်တဲ့ ရွှေရောင်၊ ငွေရောင်၊ ကျောက်ရောင်များ ဖြစ်ကြောင်းပါ
တစ်ခဏမျှကြာသော်
အမယ်.... ထယ်လှပါလား
သေဝနဒ္ဒိန် နတ်ဗိမာန် ဖြစ်ကြောင်းပါ



အရှင်မင်းကြီး – ကျိုက်ကြီး - သောနန္ဒိန် နတ်သား - နတ်သျှီး အပေါင်းနဲ့ စံနေခြင်းပါ
အဘယ်ကဲ့သို့သော ကောင်းမှု ကုသိုလ်ကြောင့် ကိုမှု အကျိုး ပေးသနည်း ဘိုရှုတ်သား


ကဿပမြတ်စွာဘုရားလက်ထက်တော်က ကျောင်းဆောင်များလှူဒါန်း၍ ရဟန်းများအား ပစ္စည်းလေးပါးဒါယကာ ခံခဲ့သော ကောင်းမှုကြောင့် ဖြစ်ကြောင်းပါ။


ခရီးဆက်ကြပြန်၍ ဖလ်နန်းပြသာဒ်ခုနစ်ဆောင်ကို တွေ့လေသော်...
အလို ဆန်းဆန်းကြယ်ကြယ် ကျိ ခုနစ် ဆောင်သော နန်းပြာသာဒ်ကြီးကား အဘယ် အကျိုးကြောင့် ဖြစ်ထွန်းသနည်း - ကို - နတ်သား


ထိုအခိုက် မဟာဇဝနနတ်သား ပြန်ရောက်လာပြီး မာတလိနတ်သားအား သတိပေးပြန်သော ကြောင့် –
အို . မာတလိ ။ သိကြားမင်းကြီး နှင့်တကွ နတ်ပရိသတ်များသည် နေမိ မင်းကြီး အား တွေ့ရန် အလွန် စိတ်စော နေကြပြီ
ကောင်းလှ ပါပြီ
အရှင်မင်းကြီး အခြားနတ် ဗိမာန်များကို ရှုတော်မူလော့


ထို့နောက် မြင့်မိုရ်တောင်နှင့် ဝန်းရံနေသော
သီတာခုနစ်တန်၊ တောင်စဉ်ခုနစ်ထပ်ဘက်သို့
ဦးတည်မောင်းလိုက်ရင်း...
အရှင်မင်းကြီး ဟိုး အပေါ်က တာဝတိံသာ နတ်ပြည်ပါ။
အလယ်ကတော့ စတုမဟာရာဇ် နတ်ပြည် ဖြစ်ကြောင်းပါ


မကြာမီ
အရှင်မင်းကြီး တာဝတိံသာ နတ်ပြည် ဖုစ်ဦးသို့ ရောက်ပါပြီ

# နေမိဇာတ်တော်ကြီး


တစ်ခဏမျှကြာသော်
အရှင်မင်းကြီး... သုဓမ္မာ နတ်သဘင် ခမ်းမဆောင် သို့ရောက်ပါပြီ
ရထားမှဆင်းသည်နှင့် သိကြားမင်းကြီးက ဆီးကြို၏။
အရှင်နေမိမင်း ကြွတော်မူပါ
ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ သလွန်ထက်ဝယ်တတ်၍ နတ်များ၏စည်းစိမ်ကို စံစားတော်မူပါလော့။ နတ်ပရိတ်သတ်ကိုလည်း တရားဓမ္မ ဟောကြား ပြသတော် မူပါလော့
ထိုနေ့မှစ၍ လူသားတို့၏ရက် ခုနစ်ရက်တိုင်တိုင် တရားဓမ္မဟောတော်မူလေသည်။



... သူတပါး က ပေး၍ရရှိသောစည်းစိမ်ချမ်းသာကြီး ဦးစီးသော ယာဉ်ရထား နှင့် တူသမျှင့် သိကြားမင်းကြီး၏စည်းစိမ်ကို မစံစားလိုပါ ။ မိမိကိုယ်တိုင် ပြုလုပ်သောကုသိုလ် ကောင်းမှုသာလျှင် မိမိ ကိုယ်ပိုင် ဥစ္စာဖြစ်သဖြင့် လူ့ပြည်၌ ပင်မြဲ၍ ကုသိုလ်ကောင်းမှုများ ကို ကြီးစွာ ပြုလုပ်ပါဦး မည်.....
..... အလှူပေးခြင်းဖြင့်၎င်း၊ ကါယကံမှု - ဝစီကံမှု မနောကံမှု တို့ကို - ညီညွတ်စွာ စောင့်ခြင်းဖြင့်၎င်း၊ ကိုယ်-နှုတ်-နှလုံး စောင့်စည်းခြင်းဖြင့်၎င်း၊ ဥစ္စာ ရွှေငွေကို သုံး မခြင်းဖြင့်၎င်း၊ ကုသိုလ်ကောင်းမှု ကိုပြုလျှင် - နောင်တမန် ပူပန်ရခြင်း မရှိဘဲ စိတ်ရော ကိုယ်ပါ ချမ်းသာရသည် ဟု မှတ်ကြ ကုန်လော့.......
သာဓု သာဓု သာဓု
ခုနစ်ရက်ပြည့်၍ လူ့ပြည်သို့ပြန်လာပြီး နောက်နေ့များတွင် မင်းကြီးသည် -
တိုင်းသူပြည်သားများအား ကိုယ်တော်တိုင် အတွေ့အကြုံများကိုပြန်လည်၍ ဟောပြောတော်မူသည်။
--------- အကုသိုလ် မကောင်းမှုပြုလုပ်၍ ခံစားနေကြရသော ငရဲ များမှာ- ကြောက် ခမန်းလိလိ ပင် ဖြစ်သည်ကို- ကိုယ်တွေ့ မျက်မြင်ပင် ဖြစ်တော့သည်။


....ဥပမါ - ဝေတရက်၏ ဖြည်သော ဝေရဲတွင်
....ကောင်းမှု ကုသိုလ်ပြုလုပ်၍ နောင် တမလွန်ဘဝမှာ စံစားရသော စည်းစိမ်များကား - ထူးကဲ သန့်ပြား ကြီးကျယ် ခမ်းနား ၍ အံ့မခမ်း လောက်အောင်ပင် များပြားလှပေသည်။ သောနဒီနှုတ်သီး ဆိုလျှင်........
ထိုသို့ဆိုဆုံးမကာ အုပ်ချုပ်မင်းလုပ်ခဲ့ရာမှတစ် နေ့သောအခါတွင် ဆဋ္ဌာသည်က ဆံကေသာများကို ရှင်းပေးနေစဉ်...
မင်းမြတ် ဦးခေါင်းတော် ထက်၌ - ဖွေးဖွေးလက် နေသော ငွေရောင်သာ တပင် ရှင်သန်နေ ကြောင်းပါ ဘုရား
ရွှေဇါဂနာဖြင့် နှုတ်၍ လက်ပေါ်သို့ အမြန်တင်လော့.....
အလို......သေမင်းက ငါ၏ဦးခေါင်းထက်၌ အောင်လံဖြူ လိုက်ပေပြီတကား။ သက်တမ်းရှည်လှတဲ့ ကျွဲခေတ် သားမယားမှာ လူ့ဘဝ ရောက်နေ တော့ မှာ - - - အိုခြင်းတရား၊နာခြင်းတရား၊သေခြင်းတရား တို့ကို မေ့မေ့ လျော့လျော့ သတိလွတ် နေတတ်ကြတာကို သတိပေးခြင်းပင် ဖြစ်ပေမည် ..... အိမ်း .. ကောင်းတယ်ပြီ



နောက်တစ်နေ့ညီလာခံတွင်...
မင်းကြီးများ
ဘုရား
ဘုရား
ဘုရား
ဘုရား
ဘုရား
ဘုရား
ငါ ကိုယ်တော်သည် တိုင်းပြည် အုပ်ချုပ် မင်း! လုပ်ခဲ့သည်များကြောင့်လှပြီး မကောင်းမှုဖြစ်ထာ -ကောင်းရာညွှန် သတိ - ဆိုသလို ဆောင်ရွက်ရင်း သက်တော်ထည်း ထောင့်လာပြီဖြစ်၍ ---- နောက် ခုနစ်ရက်အတွင်း သားတော်ကို ထီးဖွေ နန်းလျှာ အပ်နှင်း၍ တောထွက်ကာ တရားအားထုတ်ရန် ရည်ရွယ် ထားပြီဖြစ်သော ကြောင့် သက်ဆိုင်ရာ မင်းမှု ထမ်းများက - လိုအပ်သည်များကို ပြင်ဆင် စေ ----- မောင်မင်းများ -----
ခုနစ်ရက်မြောက်သောနေ့တွင်
သားတော်ကို မင်းမြှောက်လိုက်လေသည်။
ထို့နောက် ငယ်စဉ်တောင်ကျေး အကလေးဘဝ ကတည်းက အမှုတော် ထမ်းရွက်ခဲ့သော ဆတ္တာ သည်ကြီးအားလည်း ဆုတော်ငွေနှင့် မြို့စားရာထူးကိုအပ်နှင်းပြီးလျှင် –
လျှော်တေသက်နီးကိုဝတ်လျက်ရဟန်းပြုကာ ဘဝဆုံးသည့်တိုင်အောင် တရားအားထုတ်၍ နေလေတော့သတည်း။
ပြီး၏

# မဟောသဓာဇာတ်တော်ကြီး


ကော၊ ဇ၊ သု၊ နေ၊ မ၊
ဘူ၊ စံ၊ နာ၊ ပီ၊ ဝေ၊
ဟူသောစကားထဲမှ
ပဉ္စမ စာလုံးဖြစ်သော
[မ] ဆိုသည်မှာ
မဟောသဓ
ပညာရှိ
ဘဝ အကြောင်းကို
ဆိုလိုသည်။


ဝိဒေဟရာဇ်ဘုရင်ကြီးသည် တစ်နေ့သောအခါ
အိပ်မက်ဆန်းပြင်မက်သဖြင့်...


သိမ်း၊ ဒေဝိန်း၊ ကာမိန်း၊ ပဂုတ်ဟူသော
ပညာရှိအမတ်ကြီးလေးဦးအား မြော်မြင်၍
အတိတ်နိမိတ်ဖတ်စေသည်။
အလယ်ဗဟိုရ်တွင် - လင်းထိန်သော မီးကြီးပေါ်လာသည်ဟု မြင်မက်ခြင်းကြောင့် - ကျွန်တော်မျိုးကြီး - ပညာရှိလေးဦး အလယ်တွင် - ပညာရှင်ကြီးတပါး ခုနစ်နှစ်အတွင်း ပေါ်ပေါက်လာမည် ဖြစ်လာ အတိတ်ကောင်း နိမိတ်ကောင်း ဖြစ်ကြောင်း - သံတော်ဦး တင်ပါသည် ဘုရား
အိမ်း - သာရ သာရ


နောက်ခုနစ် နှစ်ခန့်ကြာသောအခါ...


တနေ့သောအခါတွင် အဆောက်တော် မင်းလုလင်က အရှင်ကြီးထံသို့သတင်းဆန်း တစ်ခု သံတော်ဦးလာတင်လေသည်။
........ ယမန်နေ့က - အရှေ့တောင်ရွာကြီး တွင် နွားရှင် တစ်ယောက် နွားကျောင်းနေစဉ် - ငိုက် မျဉ်းနေခိုက် - နွားကို လူတယောက်လာခိုး သွားပါသည်တဲ့ ဘုရား .....
---- လှုပ်ရှားသံများကြောင့်ချက်ချင်းဆို သလို နွားရှင်လန့်နိုးလာပြီး ----
ဟေ့လူ - နေစမ်း - ကျုပ်နွားကို ဘာလို့ လာဆွဲသွားရတာလဲ
ကျုပ်နွား ကျုပ်ဆွဲ တာခင်များ အလုပ်လား။ အမယ် - လူကို စွပ်စွပ်စွဲစွဲ တကာထိမှာဘဲ
အမယ် - ဒါဖြင့် ဘာရမလဲ။ ဒါကျုပ်နွား၊ ထားခဲ့
သတ္တိရှိရင် လိုက်ခဲ့ --- မိုးပွင့်သွားမယ်
---- ဤသို့ အချေအတင် ပြောနေကြစဉ် -- ထိုရွာကြီး၌ ရောက်နေတန်ဆောင်း - မြသာ ချားကို ဆောက်တတ်သူ ဟု နံမည်ကြီးနေ သောသူငယ်နှင့် အပေါင်းပါ တို့သည် - ကစား ရင်း ထိုအနားရောက်လာကြပါသည် ဘုရား။
ဟဲ့ သူခိုး ဟဲ့ သူခိုး
နိုင်သာ လူလိမ်၊ မိုက်သား။
အကြီးကို - ဦးလေးတို့ ဘာဖြစ်ကြလို့လဲ၊ ကျနော်တို့ ကူညီ ပါရစေ
ဟင် - မဟော်လေးတို့ပါလား၊ အကြီးနွား ခိုးသွားလို့ ကူ လုပ်ကြပါ အုံး။
အမယ် - သူက ကလိန်စိဉာဏ်နဲ့ ငါ့နွားကို အလကား အပိုင်စီး ချင်လို့ - သက်သက် အကွက်ဆင်တာ ပါ ကွာ


.....မောင်လေးက - စကားပြောဆိုပုံ ယဉ်ကျေးသည့်အပြင် နွားသူခိုးကို ဖိုပါတား မိပြီ ဖြစ်သောကြောင့် - ဤသို့မေးပါသည်ဘုရား
ဟာ - ဟုတ်လား။ မောင်လေးက - နွားပိုင်ရှင် ဘဲကိုး။ ကျုပ်နွား - ဘာတွေကျွေး ကျွေးနေလို့ - ဒီလောက် - ဝ - ဖီး နေ ပါလိမ့် မလဲ
ဟာ - ဟို - ဟို ----- ယာဂုနဲ့ နှမ်း ဖတ် အာမြဲကျွေး တာကိုး ကွ ---- - ဟဲဟဲ
....တို့အခါ မောင်လေးက တစ်ဖက်သို့ လှည့်၍ မေးပြန်ပါသည်ဘုရား......
တကြီး နွားကို နေ့တိုင်း - ဘာကျွေး တယ်လို့ ဆိုချင် ပါသလဲ
လူကလေး ရယ်--- ဆင်းရဲသားဆိုတော့ ကိုယ်တတ်နိုင်တဲ့ ပဲမှော်လေးဘဲ ကျွေး ကျွေးနေပါတယ်ကွယ်
...တဖန် မောင်လေးသည် သူ့သူငယ်ချင်းများနှင့် စိစစ်မှုများပြုလုပ်ပါသည်ဘုရား
မင်းတို့က - ဟိုချစ်သျှားပင်က - အရွက်တွေ ခူးပြီး များများ ထောင်းထားကြ။
မင်းတို့က - ရေခပ်ထား။ ဝါးကျည်တောက် သုံးလေးခု - လုပ်ထား။
မင်းတို့က - ရွာထဲက - လူကြီး လေးငါးယောက် သွားပင့်ခဲ့။ သက်သေ ထားလိုလို့ ပါ ဆိုပြီး ပြော ပြမော်...
မင်းတို့က - ဒီလူကြီး နှစ် ယောက် ထွက်မပြေး နိုင်အောင် စောင့်နေ။ သူတို့ အချင်းချင်း ထပ် ပြီးရန် မဖြစ်နိုင်အောင်လဲ ခွဲခြားထားနော်
---- နွားကို ချစ်သျှားရွက်ထောင်းနှင့်ရေ ရောမွှေပြီး တိုက်ကျွေးရာ -- များမကြာမီ - နွားသည် ဝမ်းသွားပါတော့သည်ဘုရား


ထိုအချိန်တွင်ရောက်ရှိနေကြပြီဖြစ်သောသက်
သေခံလူကြီးများအားနွားခြေးကိုစစ်ဆေးပေးပါရန်
မဟော်လေးကတောင်းပန်ပါတော့သည်ဘုရား
ဟာ ပဲမှော်ဖတ် တွေနဲ့ ပါလား
ဟုတ်ရဲ့ဖတ် - နှမ်းဖတ် များကော - တွေ့ ပါသေးလား ခင်ဗျာ
အဲဒါတွေတော့ - တခုမှ မတွေ့ဘူး ငါ့တို့ ပဲမှော်ဖတ် တွေ ကြီး ဘဲ တွေ့တယ်
မဟော်သည်နွားသူခိုးဖက်လှည့်၍ခပ်ပြတ်ပြတ်
မေးပါတော့သည်ဘုရား –
ဦးလေးကြီး - နွားခိုး တယ်ဟုတ်လား မှန်မှန်ပြော
ဟုတ် - ဟုတ်ပါတယ် ကျုပ်ကြောက်ပါ ပါတယ်။ နွားရှင် နဲ့ မောင်ရင်တို့ကို ဝန်ချတောင်းပန် ပါတယ်။ နောက် နောင်ကို - ဘယ် တော့မှ - မခိုး တော့ပါဘူးလို့ ကတိပြုပါရစေ
ငါ့တူ စီရင်ပုံလေး ကတော့ - တယ် ဟုတ်ပါကွာ...
ရှက်ဖွယ်
ရှက်ဖွယ်
သူခိုး ကြီး
ရှက်ဖွယ်
အလို....တယ် စိတ်ဝင်စားစရာကောင်း ပါလား.... ဒီ မဟော် ဆိုတဲ့သူငယ်လေးရဲ့ ဖိသဖျှိုမိုး မှအစ သူ့ကိုယ်ရေးရာဇဝင် ကို ငါ့ကိုယ်တော်မြတ်အား သုံးရက်အတွင်း အစီရင်ခံစေ... မောင်မင်း
ညီလာခံတွင် မင်းကြီးက ထိုမဟော်ဆိုသူက
ကလေး၏အကြောင်းကို ပြောပြကာ
...အဲဒီသူငယ်ဟာ - ငါ့ကိုယ်တော်ရဲ့ အိပ်မက်တော်အရ - ထွန်းပေါက်လာ မည့် - မဟာပညာရှိ ကြီး များ - ဖြစ်နေ ရော့သလား - မင်း ကြီးများ
ကမ္ဘာလောက်သော ကိစ္စကိုဖြေရှင်းနိုင် စွမ်းလောက်နှင့် ပညာရှိ ဟု မခေါ်ထိုက် သေးပါဘုရား

# မဟောသဓဇာတ်တော်ကြီး


တစ်နေ့သောအခါ ဆင်းရဲသူမတစ်ယောက်သည် အင်္ကျီချွတ်၍ ရေကန်ထဲသို့ ရေဆင်းချိုး၏။
ရေချိုးနေခိုက် မိန်းမငယ်တစ်ယောက် ရောက်လာပြီး ကမ်းပါးရှိအဝတ်ပုံကိုတွေ့၍ –
ဟင်.. ဘာလေး ပါလိမ့်
ချည်ရောင်စုံဖြင့် ထိုးထားသောလည်ဆွဲကိုမြင်လျှင် ထိုချင်စိတ်ပေါ်လာသောကြောင့် –
လှလိုက်တာဟယ်- ငါလိုချင်လိုက်တာ
အမေရေ--- လည်ဆွဲလေး ခဏကြည့်မယ်နော်။ ကျမလဲ လည်ဆွဲ ထိုး ချင်လို့ပါ
ကြည့်လေ-ကြည့်ပါ
မိန်းမငယ်သည် လည်ပင်းတွင် ဆွဲလိုက်ပြီး ရေထဲငုံ့ကြည့်ကာ ပီတိအလွန်ဖြစ်လျက် –
အလစ်၌ထွက်ပြေးသွားလေသည်။
ဟောတော့ ခိုးပြေးပြီ ထင်တယ်
ဟဲ့ဟဲ့


ပြေးလိုက်သွားပြီးနောက် ဆင်းရဲသူမနှင့် မိန်းမငယ်တို့ စကားများကြလေသည်။
ဟဲ့-ခိုးမ ငါ့လည်ဆွဲ ဘာလို့ ခိုးသွား ရတာလဲ
အမယ်- ဒါ ကျုပ် လည်ဆွဲပါ
ထို့ကြောင့် အနီးရှိလူများက ဖျောင်းဖျပြောကြ၍ မဟော်လေးထံခေါ်သွားကြ၏။
အော်- အမေတို့ လည်ဆွဲက လှလိုက် တာကိုး
ကျုပ်နော် ခဏလောက် ကိုင်ကြည့် ပါရစေလား
အမေတို့ လည်ဆွဲက- မွှေးလဲ မွှေးပါလား၊ ဘာတွေများ လိမ်းထား လဲ - ဟင်
မယ်လေးက နံ့သာပေါင်း အမွှေး လူးပေးတာဘဲ...
မမကြီးက - နေ့တိုင်း - ရှစ်ရှားမွှေး သုတ်လိမ်းပါတယ်...
ထို့ကြောင့် လည်ဆွဲကိုရေဖလားတွင် ရေစိမ်၍ခဏကြာမှ လူကြီးများအားပြသရာ-
သက်သေ လူကြီးမင်းများ နမ်းကြည့်ကြပါ.....
ရှစ်ရှားမွှေး အနံ့ဘဲ.. နံ့သာနံ့ မပါပါဘူး
ဤသို့မဟော်လေးက ဆုံးဖြတ်နိုင်ခဲ့သည်။
ထို့အတူတစ်ချိန်ကလည်းမိန်းမနှစ်ယောက်ချည်လုံး ပြဿနာပေါ်ပြန်ရာ-
အဒေါ်က - ဝါခင်း စောင့်ရင်း လျှော်ခဲ့တဲ့
ဒီချည်လုံးကို သူက ခိုးသွားပြီး သူ့ချည်လုံး လို့ ငြင်းနေတယ် ကွယ်
အမယ်... ဒီမိန်းမ က - လိမ် တာ ကဲ့
မဟော်လေးထံ ရောက်သွားကြ၍ ချည်လုံး အတွင်းတွင် ခံရစ်ထားသော အဆံကိုမေး ကာ ဖြည်ကြည့်ပြီး-
အဆုံးအဖြတ်ပေးခဲ့သောဟူ၏။


ကလည်း ခုနစ်နှစ်တိုင်တိုင် အလုပ်လုပ်ပြီး
မိဘရပ်ထံပြန်လာကြစဉ် –
ထိုအခိုက် ကိုကျောရှည်ဆိုသူရောက်လာရာ
မိတ်ဆွေလည်း ခရီးသည် ဘဲထင်တယ်
ဟုတ်ပါတယ်
ဟုတ်ကဲ့ – ဟဲဟဲ
ရေကတော့ အတော်နက်တယ်။ ရေစီးလဲ သန်တယ်။ မိကျောင်းလဲ ပေါတယ်
ကျုပ်ကတော့ သွားနေကျမို့
ရေနက်သည်ဟု ထင်စေရန် ဉာဏ်နီဉာဏ်နက်သုံး၍ခေါ်သွားပြီး
ရေလယ်ရောက်လျှင် ချစ်စကား ကြိုက်စကားပြောလေတော့သည်။


တစ်ဖက်ကမ်းသို့ ရောက်သွားသော်လည်းကျောပိုး
လျက်ဆက်လက်ပြေးသွားရာ –
သို့သော် ထိုသူကား ပြေးမြဲပြေးနေသဖြင့်
ဆတ်ဆတ်ခါ မခံမရပ်နိုင်ဖြစ်ပြီး –
ဟုဆို၍ ရေထဲသို့ ခုန်ဆင်းလိုက်ရာ
ဦးခေါင်းဖြင့် မြေကြီးကို ဆောင့်မိမှ ရေတိမ်ကြောင်း
ရိပ်မိလေတော့သည်။
နောက်ဆုံး၌ အခြားသူများခေါ်သွား၍
မပေါ်လေးထံ ရောက်ကြလေသည်။
မပေါ်လေးသည် နှစ်ဦးနှစ်ဖက် စစ်ဆေးပြီးနောက်
ကိုကျော့ရှည်အား –
အင်......
ဟင်......
အဲ..... အဲ.....
ဟို...ဟို...
မေးပြီးဆုံးဖြတ်ချက်ချနိုင်ခဲ့လေသည်။
ထိုလည်းဆွဲ၊ ချည်လုံး၊ မယားခိုးပြဿနာများကို
မပေါ်လေးဖြေရှင်းပုံနှင့် မပေါ်လေးမှာ အရှေ့
ကုန်းရွာမှသူဌေးသား မဟောသဖြစ်ကြောင်းကို
မင်းချင်းတို့က လျှောက်တင်လေသော် –

# မဟောသဓာဇာတ်တော်ကြီး


တစ်နေ့သော် ဘုရင်ကြီးသည် စဉ်းစားမိ၏။
ဒီ မဟော် ဆိုတဲ့ သူငယ် အကြောင်း ကြားနေရတာ ကျေနပ် စရာဘဲ။ ဒါပေမယ့် သေချာအောင် - ငါကိုယ်တိုင် ဉာဏ်စမ်း အုံးမှ တော်ချေမည်....
လက်သမားကြီးကို ဆင့်ခေါ်၍ အမိန့်တော်တစ်ခု ကိုတိုးတိုးချမှတ်တော်မူလေသည်။
တလျှား ခန့်ရှိ ရှားသား အနှစ်ကို တုတ်လုံးတိုတို ချောချော ဖြစ်အောင် ပွတ်ခဲ့ပြီး အမြန် ဆက်လော့
နောက်တစ်နေ့ အရှေ့ကုန်းရွာတွင်...
ဘုရင့် အမိန့်တော်ပါသည်၊ နားခံကြလော့။ ---------- ယခု ပို့တော်မူလိုက်သော တုတ်တိုကို - အရင်းအဖျား ဟု ခွဲခြား ဖြတ်သား၍ ပြန် ပို့ရမည်၊ မခွဲနိုင်က ဒဏ်ဆောင်ရမည်...ဘုရင့် အမိန့်တော်...
ရွာသားတို့သည် မဟော်လေးအား ပြောပြလေလျှင်မဟော်လေးက တုတ်အလယ်တည့်တည့်တွင် ကြိုးချည်၍ ရေအင်တုံဝယ် အသာချပြီး...
ဒီဘက်က အရင်း ဟု ဖြတ်သား၍ ပြန်ပို့ကြလော့။
ဉာဏ်စမ်းပြဿနာကို ဖြေရှင်းပေး၏။
အခယ်..... တယ်ခံက်တဲ့ သူငယ်ဘဲ..... အိမ်း - စေါ်းတော့ ခက်ဆန်းဆန်း တခုလောက်ပေး ဉာဏ်စမ်း ပေးအုံးမှတော်မည်။
ဘုရင်ကြီးသည် လွန်စွာ အားရတော်မူ၏။
ဦးခေါင်းတွင် ဘို့ရှိသော --- ခြေထောက်တွင် ချိုပေါက်သော --- တစ်နေ့တစ်နေ့အချိန်မှန် မြည်တွန်တတ်သော နွားလားဥသဘ တစ်ကောင်ကို ရှာကြံ၍ အမြန်ဆက်သ ရမည်။
မဆက်သနိုင်က - ထောင်ဒဏ် ---------


အရှေ့ကုန်းရွာသို့ ထိုပြဿနာရောက်လာသော် မဟော်လေး၏ အကြံပေးချက်အရ ကြက်ဖတစ်ကောင်ကို မင်းကြီးအား ဆက်၏။
ဒီလို ဆက်သနိုင်တာ - ဘယ်သူ့ဉာဏ်လဲ - တင်စမ်း
မဟော်သခင့် ဉာဏ်ဖြစ်ကြောင်းပါ ဘုရား
အင်း... တကယ်တော်တဲ့ သူငယ်မပဲ...
နောက်တစ်ဖန် မဟော်လေးကို ဉာဏ်စမ်းရန် အကြံတစ်ခုပေါ်ပြန်လေသည်။
ကျွန်းစဉ် ပတ္တမြား ကြီး - အကောက်ရှစ်ခုရှိသော အပေါက်ပါရှိ။ ကြိုးဟောင်း ဆွေးမြေ့နေ၍ - မည်သူမျှ ကြိုးသစ် မတပ်နိုင်တာ - ကြာချေပြီ။ ကြိုးသစ် တပ်ပေးရန် အရှေ့ကုန်းရွာသို့ ပို့ရလျှင် ကောင်းမည် - - - - - - - -
နောက်တစ်နေ့တွင် အရှေ့ကုန်းရွာ၌ မဟော်လေး အလုပ်ရှုပ်နေတော့၏။
ပထမ - အပေါက်နှစ်ခုထဲ ပျားရည်စက်ချမှ - ကြိုးဟောင်း - ပျားရည်ဝမည်။
ဒုတိယ - ကြိုးသစ် ထိပ်များ အပေါက်ရှိသလောက် သွင်းထားရမည်။
ထို့နောက် ကြိုးသစ်မသွင်းသောဖက်ကို ပုရွက်ဆိပ်တွင်းဝနားသွားထားရာ
ပုရွက်ဆိပ်ကလေးများသည် အပေါက်မှ ပထမ ဝင်၍ ပျားရည်ဝနေသော ကြိုးဟောင်းကို ကိုက်ဖြတ်စားသောက်ပြီးနောက် -
ကြိုးသစ်ကို ချီသွားကြလေသည်။
ပတ္တမြားကြိုးသစ်တပ်ပြီး ပြန်ဆက်လိုက်လျှင် -
အား ရတော်မူလိုက်ပါဘိ။ ငါ့ မှူးချ ဒီသူငယ်မဟာ အရွယ်ရောက်လာရင် - မဟာ ပညာကျော် ဖြစ်လာရမည် ထင်သည်။


များမကြာမီ မပေါ်လေး၏ သတ္တိနှင့် ဟာသကိုစမ်းလို၍ ဘုရင်ကြီးသည် မဟာလာနွားလား ဥဿဘကို ပဲအမြောက်အများ ကျွေးစေလျက် ဗိုက်ဖောင်းနေမှ နှင်းလှူစေပြီးလျှင် –
အရှေ့ကျွန်းရွာသို့ အမိန့်တော်ချမှတ်သော် –
မပေါ်လေး ဉာဏ်ပညာကို စိတ်ဝင်စားတော်မူလို့ ဖြစ်မှာပေါ့
မပေါ်သည်ပြောရဲဆိုရဲနှင့် သတ္တိကောင်းသော ရွာသားတစ်ယောက်ကိုရွေး၍သင်ပေး၏ –
အား
အား
ရပါတယ်
အား
အား
ရက်တရက် မပြေသေးပဲထားသဖြင့် ဘုရင်ကြီးသည် ခုနစ်ရက်မြောက်သောနေ့၌ အမျက်ကြီးမျှော်လင့်နေစဉ် –
ဟဲ့ ဟဲ့ – ဘာဖြစ်တာလဲ ဟ
မေးလို့လ မရဘူး
ဘာဖြစ်လို့ပဲ
ထိုအခါ
မောင်မင်း ဘာဖြစ်လာတာလဲ
ကယ်တော်မူပါဘုရား – ကယ်တော်မူပါ။
သယ် – တောက်ဘိ: တောက်တက်
ယောကျ်ား ဆိုတာ သားမွေး ...


-- မှန်လှပါ ဘုရား ... လူ့ယောက်ျားများ
သားမွေးရိုး မရှိလျှင် - ကျွန်တော်မျိုးများ
အစ္စရှကုန်းရွာလို့ ရောက်ရှိနေသော ...
မင်္ဂလာ နွားလား ဥသဘ သည်လည်း -
-မြတ်မြတ် - သားမွေး မည်မဟုတ်ကြောင်း
-သံတော်ဦး-တင်ပ့ ပါသည် ဘုရား ... ။
ဒွိဖြိုး - ဟားဟား ဟားဟား
အမြီးသတ်တော့ - နေဟော်လေး ရွှတ်လိုက်တဲ့ လူဘဲကိုး
ဟား ဟားဟားဟား
ဟားဟားဟား
တစ်နေ့တွင် အဆောင်တော်အတွင်းဝယ် ဘုရင်ကြီးသည် တွေးတောနေပြန်၏။
ဒီ မဟောသဓ ဆိုတဲ့ ဘုရင်ယ်ဟာ - ထည့်ထွဲ-မြည့်မိ
-ပေါ့ကျ-စတဲ့ ပြဿနာ-ရ-မျိုးကို ဖြေလည်အောင်
ဆောင်ရွက်တတ်တယ်။ ငါ မေးစမ်းတဲ့ ရှားသား
တွတ် - ကြက်ဖ - ပတ္တမြား - မင်္ဂလာနွား - စတဲ့
ပြဿနာ-၁၀-မျိုးကိုလဲ
ကောင်းကောင်း ဖြေ
ဆိုနိုင်စွမ်း ရှိတယ်
-- ဉာဏ်ပညာလဲရှိ၊ ပရိယာယ်လဲရှိ၊ သတ္တိလဲရှိ၊
ဟာသလည်းရှိလေတော့ - ပါရမီရှင် ပညာရှိ
ဖြစ်ရမယ် --
-- သူများ မဖြေနိုင် - မဖြေနိုင်တာတွေကို
တောင် - အရွယ်နဲ့ မလိုက်အောင် ဖြေဆိုနိုင်
ပါလျက်နဲ့ - ဒီ ပညာရှိ အမတ် - သေနက - ဒေဝိန္ဒ
ကာဝိန္ဒ - ပုက္ကုသ တို့က -
ဘာလို့များ - ကဲ့ဆီ -
ကဲ့ဆီ - လုပ်နေကြ
ပါလိမ့် ........။
အကြောင်း ရှိချိမ့်မည်။
ငါက - ဘုရင်ဘဲ။
ဒီတော့ ----
-------
ငါကိုယ်တော်တိုင်သွားခေါ်မည် -ဟုဆို၍ မဟောသဓတို့နေသော အရှေ့ကုန်းရွာသို့ နောက်ပါများနှင့် ကြွလေ၏။

# မဟောသဓာဇာတ်တော်ကြီး


မဟော်တို့နေသော အရှေ့ကုန်းရွာသို့သွားစဉ် ဘုရင်ကြီး၏စီးတော်မြင်းသည် မြေပဝ်ကြားအက်ထဲ ကျွံကျ၍ခြေကျိုးသွားသဖြင့် ပြန်လည်လှည့်ခဲ့ကြရလေသည်။
သိန်းအမတ်ကြီးက သတင်းကြားရသော် အခစားဝင်၍ အပြစ်တင်လေသည်။
အရှင်မင်းကြီး – တကျွန်ုပ်တို့ကို အကျိုးမဲ့ လိုလားသော သူများဟု မှတ်ထင်တော်မူနေသည်။ ဆိုင်းငံ့တော်မူပါဦးဟု လျှောက်ထားပါလျက် အလျင်စလို ထွက်တော်မူ၍ – သူ ပညာမဲ့ကြောင့်ပင်လျှင် မင်္ဂလာ စီးတော်မြင်း – ခြေကျိုးရလေပြီ မဟုတ်ပါလော ဘုရား....
ဘုရင်ကြီးလည်းအနည်းငယ်ရှက်သွား၏။
တစ်နေ့တွင်
မဟောသဓ – ဆိုတဲ့ သူငယ်လေးကို ခေါ်ဖို့ မညည်းပါနဲ့ သိန်းအမတ်ကြီး....
အရှင်မင်းကြီး ကျွန်ုပ်တို့ဆိုလော့။ (မဟောသဓ – သင့်ထံ စီလာခဲ့ရာ – စီးတော်မြင်း ခြေကျိုးရသည် အတွက်... အာဇာနည်မြင်းကို ဖြစ်စေ... သိန္ဓောမြင်းကို ဖြစ်စေ – ပို့ဆက်ရမည်...... အမိန့်တော်......)။ သူ ပညာရှိလျှင် အမိန့်ပါယ် ကောက်နိုင်ပါလိမ့်မည် ဘုရား.....
နောက်တစ်နေ့တွင် စာချွန်တော်ပို့လိုက်ရာ –
ဟာ – ဘုရင့် အမိန့်တော်ကျလာပြန်ပြီ – မဟော်လေးကို သွားပြော ခေါ်ကြပါ အုံး
မြင်းတွေပေးရမယ်ဆိုပါလား
ဟင် – အာဇာနည်မြင်းတဲ့။ မဟုတ်ရင် သိန္ဓောမြင်းတဲ့။
ဘယ်လို မြင်းများ ပါလိမ့်


မကြာမီ မဟောသဓ ရောက်လာ၍ စာချွန်တော်ကို သေချာစွာဖတ်ပြီးလျှင် –
ထိုည၌ ဖခင်နှင့် တီးတိုးပြောဆို တိုင်ပင်ပြီး အစီအစဉ်များပြုလုပ်လေသည်။
နောက်နေ့တွင်သူဌေးကြီးက နောက်လိုက်များနှင့်အတူ ရွှေနန်းတော်သို့ သွားနှင့်၏။
မကြာမီမဟောသဓနှင့် အဖွဲ့သားတို့လိုက်လာကြရာမှ အဝင်ကျုံးထိပ်နား၌ မြည်းတစ်ကောင်ကို တွေ့လေရာ…
မြည်းကိုဖမ်းပြီး ဖျာနှင့်လိပ်၍ ရွှေနန်းတော်သို့ ဝင်ကြလေသည်။


နန်းတွင်းသို့ မဟောသဓတို့ရောက်လာကြပြီး
အရှေ့ကုန်းရွာနေ သူဌေးသား မဟောသဓ သည် အရှင့် အမိန့်တော် အရ ခြေပဓါးတော်မြတ် သောက်သို့ ဆိုက်ရောက်ပြီ ဖြစ်ကြောင်း ပါဘုရား၊
အိမ်း - သာရ သာရ - သူ့ခမိန့်။ သင့်တင့် လျှောက်ပတ်သော နေရာမှ - ခ - စေလော
ထိုအခါ ကြိုတင်စီစဉ်ခဲ့သည့်အတိုင်း မဟော်က ထိုင်နေသောဖခင်အား လှမ်းကြည့်လိုက်ရာ ဖခင်က ကုန်းထရင်း –
သား မဟော် - ကျွန်ုပ်နေရာတွင် ထိုင်လော့
ဟုတ်ကဲ့
မဟောသဓက ဖခင်နေရာဝင်ထိုင်လျှင် ပညာရှိအမတ်လေးဦးက လက်ခုပ်လက်ဝါးတီး၍ လှောင်ရယ်ကြလေသည်။
ဝါး
ဟား ဟား ဟားဟား
ဟား ဟား ဟား
ဘုရင်ကြီးလည်း ရွှေမျက်နှာ ညို့သွားသဖြင့် မဟောသဓက မအံ့ဩပဲ ရဲရဲတင်းတင်းပင် လျှောက်တင်လေသည်။
အရှင်မင်းကြီး - နေရာ ထိုင်းမှာပင် သား ထက် ဖခင်က မြတ်သည်ဟု ယူဆ တော် မူပါ သလား ဘုရား၊
အိမ်း - ငါထင် သည်
ထိုအခါ မဟော်လေးက အဖွဲ့သားများအား လှမ်း၍ ဖျာလိပ်ကို ဖြေစေသည်။
အံ့ ဟဲ့
ဟဲ့ - အကြီး လဲ
မဟောသဓ
ဟာ
ဟင် .... မြည်းကြီးပါလား
ဘာလုပ်ကြတာလဲ
ထိုအခိုက်မဟော်လေးက ဆက်၍လျှောက်တင်၏။
အရှင်မင်းကြီး - ကျွန်ုပ် မြည်း သည် - တန်ဘိုး မရှိလှပါ။ သို့သော် ကျွန်ုပ် မြည်း ကို အစွဲပြု၍ - အာဇာနည် မြင်း ပေါက်ပွား သော - အသသထိုရ် မြင်းကြီး - အဘိုး အနှုန်း ထိုက်တန်သည် မဟုတ်ပါလော ဘုရား။ မြည်း + မြင်း အသသတိုရ်
အိမ်း
ထိုအတူ၊ သားက ဖခင်ထက် မြတ်သည်လည်း ရှိသည် မဟုတ်ပါလော ဘုရား
အိမ်း


ဤသို့လျှောက်ထားသည်ကို ဘုရင်ကြီးသည် များစွာနှစ်သက်တော်မူ၏။ မှူးမတ်အပေါင်းတို့က လည်း ချီးကျူးကြလေသည်။
မြို့စားမင်းသူဌေးကြီးသည် ပြန်ခါနီး၌
ထိုနေ့မှစ၍မဟောသဓ၏အလိုကျသင့်တင့် လျှောက်ပတ်သော အိမ်တစ်ဆောင်ချီးမြှင့်သဖြင့် အဖွဲ့သားများနှင့် အပြင်မှ ခစားနေထိုင်လေ သည်။

# မဟောသဓဇာတ်တော်ကြီး


တစ်နေ့သ၌ မြို့တော်အနီးရှိ ရေကန်ကြီးသည် ရေများနိုခဲ့နေသဖြင့် မင်းကြီးအား သံတော်ဦးတင်၍ ကိုယ်တော်တိုင်ကြွလာပြီး –
သားတော်ကလေး - အဘယ်သို့ ယူဆသနည်း - တင်လော့ - - - ။
ဆက်တင် လော့
မဟောသဓသည် ရေခွက်ဝယ် ရေဖြည့်စေပြီး မင်းကြီးအားပြလေ၏။
မင်းကြီးကလှေ့လာပြီးသော်
အဘယ်သဘောနည်း - သားတော်..
ယခုပင်လျှင် တက်ယူစေသော် ရရှိနိုင်မည် ဘုရား


မင်းကြီး၏အမိန့်အရ ထန်းပင်ထက်သို့တက်ယူ စေရာ ပတ္တမြားကောင်းတစ်လုံးကိုရသဖြင့် -
သားတော်မပေါ်အား ချီးကျူးစဉ် အရပ်သူ အရပ်သားများက သိန်းအမတ်ကို ရွတ်ချကြ ကုန်၏။
သားတော် - တော်ပါပေတယ် - ကောင်းလိုက်တဲ့ ပတ္တမြား - အရည်ကို လျှံဖြိုး-ကြည် နေတာဘဲ။
တစ်ခါသော် ဘုရင်ကြီးသည် တောကစား၍ ပြန်လာစဉ် သစ်ပင်ထက်၌ မိန်းမတစ်ယောက်ကို မြင်လေသော်
အလို...... ကောင်းမြင်း ငါးမှာနဲ့ဖြည့်ရုံတဲ့ အရုပါတကား ....
ဟဲ့ - မင်းချင်း - မေးစမ်း ဟဲ့၊
သစ်ပင်ပေါ် - ဘာတက် လုပ်နေတာလဲ ဗျ။
ကျွမ ယောက်ျားက - သူ့နောက်မလိုက်နိုင်အောင် သစ်ပင်အောက်က - ဆူးတွေ ကို ထားခဲ့လို့ - ဒုက္ခ ရောက်နေပါတယ် ရှင် - ရှက်ရှက် - ကယ်တော်မူပါရှင် - ရှက်ရှက် -
မင်းချင်းများက ဆူးခက်များအားဖယ်ရှားပြီး သစ်ပင်အောက်သို့ ကူညီချပေးပြီးသော်
သင့် ဖြစ်ပျက်ပုံစဉ် - တင်လော့
မှန်လှပါဘုရား - ဖခင် ဒိသာ ပါမောက္ခကြီးက - ပေးစား၍ယောက်ျား အိမ်သို့လိုက်လာရပါသည်။ သို့သော် သူက - အနားမကပ် - စကားမပြော ဘဲ လာခဲ့ကြရာ... ကျွန်မ ရေသောက်ရန် သဖန်းပင် ရောက်သော် သူက သဖန်းသီး တက်ချူးစားပါသည်။ စားလို့ အသီး ကောင်းသောအခါ....
...(ကိုယ်တိုင်တက်ချူးစားပါလေ) ဟုဆို၍ ဆင်းလာသဖြင့် တက်ချူးစဉ် - အောက်မှ ဆူးခက် များ ကိုထားရှိ ထွက်ပြေး သွားကြောင်း ပါဘုရား ရှက် - ရှက်
အိမ်း - ကျွတ်ကျွတ် - ကရုဏာ သက်တော်မူသည်။ မခုပင် လိုက်ခဲ့ လော့....
မှန်ပါ့ - ဘုရား
ဤသို့ဖြင့် နန်းတော်သို့ခေါ်သွားပြီး နှစ်သက် လှသဖြင့် မိဖုရားကြီးမြှောက်လေသတည်း။



မိဖုရားကြီးသည် ဣန္ဒြေမဆည်နိုင်ဘဲ ပြုံးမိလေသည်ကို ဘုရင်ကြီးစိတ်ညို၍ –
အဘယ့်ကြောင့် ရယ်ရသနည်း
ဘုရားနှစ်မကို ထားကာအောက်မှ သူ - လမ်းပြင်နေသည်ကို တွေ့၍-
ဘုရားနှစ်မ - ကဲ့သို့ - ဘုန်းကျက်သရေရှိသူကို ကျွန်ယောက်ျားညံ့ - မဆောင်နိုင်ရှာ....ဟုတွေးမိ၍ - ရယ်မိကြောင်းပါ ဘုရား
ငါ - မယုံနိုင်။ သင် - လိမ်လည်၍ လျှောက်ထားခြင်းသာဖြစ်သည်။ အခြားယောက်ျား တယောက်ကို မြင်၍ ရယ်ခြင်းသာ - မဟုတ်လော
ဟုဆို၍ သံလျက်ကိုလှမ်းဆွဲမည်ပြုရာ –
သည်းခံတော်မူပါ ဘုရား.....
လျှောက်တင်ထားချက်များ - ဟုတ်လောက်သည် - - - မဟုတ်လောက်သည်ကို - - -
မေးတော်မူပါဦး ဘုရား
ထို့ကြောင့် သားတော် မဟောသဓာကို ခေါ်ယူ မေးမြန်းတော်မူ၏။
...ကျွန်ုပ်မိခင်မယ်မြတ်ကို - ယောက်ျားတရွန့်ပစ်သွားသည်ဟု ဆိုသောစကားကို - သားတော် ယုံကြည်ပါသည်။ ဘုန်းမဲ့သောသူသည် - ဘုန်းရှိသောသူနှင့် အတူဆက်ဆံ၍ - မနေနိုင်ကြောင်းပါ - ခမည်းတော် ဘုရား


မင်းကြီးသည် ထိုစကားကိုကြားသောအခါ အမျက်တော်ပြေသွားပြီး
သားတော်သာ မလျှောက်တင် လိုက်လျှင်.. ငါကိုယ်တော် မိန်းမမြတ်တယောက် ဆုံးရတော့မလို — သားတော် - တော်ပါ ပေတယ်။ ရော့ - ဆုတော်ငွေ
ထိုအခါမှမိဖုရားကြီးသည် အားတက်လာကာ ဘုရင်ကြီးထံ လျှောက်ထား၏။
ရွှေဘုန်းတော်ကြီးလှသော အရှင်မင်းကြီးဘုရား မဟောသဓ သူခမိန်းသည် - ပညာလည်းကြီး - ဘုရား၏ မတော်၏ အသက်သခင် ကျေးဇူးရှင် လည်းဖြစ်သောကြောင့်.... မောင်တော်လေး အရာထားခွင့် ပေးသနား တော်မူပါ ဘုရား....
အိမ်း.. ထားစေ
ထိုအချိန်မှစ၍စားကောင်းသောက်ဖွယ်များကို အချိန်မရွေးအစစ်အဆေးအမေးအမြန်းမရှိ ပေးပို့ပိုင်ခွင့်ရလေသည်။
ဘယ်ကာလဲ
မိဖုရားကြီး ခွင့်ပြုလိုက် တာပါ
ကြော်။ သွား
ထိုကဲ့သို့ရွှေနန်းတော်တွင် အတိုင်ပင်ခံသားတော် အဖြစ်နေရင်းမှအသက်၁၆–နှစ်ပြည့်လတ်သော အခါ-
မိဖုရားကြီးနှင့် ဘုရင်ကြီးတို့ တိုင်ပင်ကြ၏။
သားတော်-အရွယ်ရောက် ပြီမှစ၍ ကြင်ယာတော် ရှာပေးရဦးမည်-
မောင်တော်လေး စိတ်တိုင်းကျ - ရှိသင့် ကြောင်းပါဘုရား
သားတော်ကိုယ်တိုင် ရှာယူခွင့်ပြုတော် မူပါ-ခမည်းတော် ဘုရား
အိမ်း--ဟုတ်ပေသားပေါ့
ထို့ကြောင့် မဟောသဓသည် မထင်မရှားအပ်ချုပ် သမားဆောင်ကာ ဖူးစာဖက်ရှာရန် ထွက်လာခဲ့ လေသည်။
အပ်ချုပ်သယ် အပ်ချုပ်သယ်

# မဟောသဓာဇာတ်တော်ကြီး


မဟောသဓာသည် ဇနီးလောင်းရှာရန် ထွက်လာရာ ဘင်္ဂုသောရွာထိပ်တွင် ချောမောလှပသော မိန်းမငယ်တစ်ဦးကိုမြင်၍ နှစ်သက်မိလေ၏။
ချောတာ လှတာ တော့ ကျိမ်းမရ ဖန့်ရှိတယ် - ချွာမှုံ လုံကမ်း တလိ ယဉ်ကျေး တယ်။ ဉာဏ်ပညာ ရှိလှင်တော့ .... ဒီမိန်းမ အချို ကျွာမှန် ရှာဘဲ.....
အပျိုလေး - အိမ်ထောင် ရှိလား သိရအောင် ရုံစမ်း အုံးမှဘဲ
အမှတ်တမဲ့ဖြင့် လက်သီးဆုပ်ပြရာ
မိန်းမပျိုကလည်း လက်ဝါးထောင်ပြ၏။
အလို ... ငါမေးချင်တာ သူနားလည်နေ ပါလား။ လက်ဆုပ် လက်ကိုင် အိမ်ထောင် ရှိလား ဆိုတာကို - လက် ဝါးဖြန့်ပြ ပုံထောက် တော့ - အိမ် ထောင် မရှိ - အပျိုပါ ပေါ့
ဉာဏ်ပညာ ဖြိုးပုံရတယ် အနီးကပ် လေ့လာ အုံးမှဘဲ
ခပ်လှမ်းလှမ်းမှ လူတစ်ယောက်ကမြင်သော် -
ဟာ - ဟိုဘူချင်က - လက်သီးပြတယ် - ဟို ခလေးမက - လက်ဝါးဖြန့်ပြတယ် - ရန်ဖြစ်ကြတာများလား ---
ဟောချ - ဟိုဘူချင်က အနားကပ်သွား ပြီ - ခိုက်ရွဲပါဘဲ
အနားရောက်လျှင် မဟောသဓာကမေး၍
ညီမလေး နာမည် ဘယ်လိုခေါ်သလဲ - ဟင်.
အတိတ် - ပစ္စုပ္ပန် - အနာဂတ် - ကာလသုံးပါး၌ - မရှိနိုင်အစဉ့်သဘော တရားရှိပါသည်။ ထိုသဘောမှာ ကျမ အမည်ပင် ဖြစ်ပါတယ်။


ကါလ သုံးပါးမှာ မရှိတာ က တော့ (မသေခြင်း) တရားဘဲ။ ပါဠိ ဘာသာနဲ့ ဆိုရင် (အမရ) ဘဲ။ ဒီတော့ - နှစ်မလေး စားမည်ဂါ (အမရာ) တဲ့လား
ပဲ့တင်ကဲ့ ရှင့်
ဒီ ယာရ အိုး - ဘယ်သူ့ အတွက် သွားပို့ မလို့လဲ
အိမ် ဦးနတ် အတွက် ပါရှင်
ဪ - - မခင်ထံ သွား ပို့ မလို့လား
ဟုတ်ကဲ့ ရှင့်
သို့လိုသော မေးခွန်းများမေးပြီး ကျေနပ်လောက်လျှင် မိန်းမပျို၏နေအိမ်ကိုမေး၍ –
ကျွန်တော် အပ်ချုပ်သယ်ပါ။ ဒီက သို့ - အမရာ - ကို မေတ္တာ ဖွဲ့ မိ၍ - သား မှတ်မှတ် မယား မှတ်မှတ် နှင့် အိမ် ထောင်ပြုလိုပါသဖြင့် ကျွေး တဆောင် တင်၍ တောင်း ခွင့် ပေး ပါ
မိခင်ထံသို့သွားရောက်ပြီး တောင်းဆိုလေ၏။
ရွှေမြို့တော်သို့ပြန်ရောက်လျှင် ဘုရင်ကြီးကလည်း မင်္ဂလာပွဲ ကျင်းပပေးလေသည်။
တစ်နေ့တွင်အမတ်ကြီးလေးယောက်တို့သည် –
မဟော် တယောက် ထဲ ရှိတုန်း ကတောင် ပညာချင်း မယှဉ်သာလို့ - ငါတို့ အရာမဝင်သလို ဖြစ်နေတယ်...
အခု သူ့လိုပဲ အလိမ္မာပို တဲ့ မိန်းမချော လေး ရှိနေပြီ
ဒီတော့ ဘယ်လို လုပ်ကြမလဲ
အို ဗျာ - နန်းတော်က - ဘုရင် သုံး ပစ္စည်း အသုံး ကို နှိုက်ယူ ပြီး - သူ့ အိမ်မှာ ဝှက် ထားကြရတာပေါ့
ဟုတ်ကဲ့ ရှင်.......
ဟား ဟား
အချုပ်ထောင်ကို တန်း သွား မှာပေါ့ ။



ရက်များမကြာမီ မဟောသဓ မရှိခိုက်–
အမရာသည် သင်္ကာမကင်းဖြစ်သောကြောင့် –
မိမိအနားရှိ ရုံရွှေတော်အား –
ထိုဈေးသည်မ သွားခေါ်နေခိုက် အိုးထဲသို့ နှိုက်ကြည့်ရာ ရွှေဆံကျင်တစ်ခုကိုတွေ့၍ –
မယ်ဥကို ခေါ်လာပြီးသောအခါ –
ဈေးသည်မက ဒိုးသားစွာဖြေ၍ ပြန်သွားသောအခါ အကျိုးအကြောင်းနှင့်တကွ ရက်စွဲပါမှတ်သားပြီး ရက်တက်အိုးကို လုံခြုံစွာ သိမ်းထားလိုက်သည်။



နောက်တစ်နေ့တွင် ဒေဝိန်းအမတ်ကြီး၏ ခိုင်းစေချက်အရ လာရောင်းသော စပါးစည်းထဲမှ ဘုရင့်ခြေနင်းကို လည်းကောင်း–
တစ်ဖန် ကာမိန်းအမတ်ကြီး၏ စေခိုင်းချက်အရ လာရောင်းသော ဟင်းသီးဟင်းရွက်ခြင်းထဲမှ ကမ္ဗလာကိုလည်းကောင်း –
ထို့နောက် ပုဂ္ဂတ်အမတ်ကြီး၏စေခိုင်းချက်အရ လာရောင်းသော ပန်းတောင်းထဲမှ ရွှေပန်းကုံးကိုလည်းကောင်း –
နေ့ရက်စာရင်းနှင့်တကွ မှတ်သား၍ လုံခြုံစွာ သိမ်းထားလိုက်သည်။
မဟောသဓအိမ်သို့ ပစ္စည်းစုံရောက်လျှင် အမတ်များက မင်းကြီးအားမေးကြ၏။
အရှင်မင်းကြီး ... ပစ္စည်းများ ဆံကျင်တို့ အဘယ်ကြောင့် မဆင်မြန်းပါသနည်း ဘုရား
ဆံကျင်တော်နှင့် ဆက်သရေရှိလှပါ ဘုရား
ဆံကျင်တော် မတွေ့ရတာ ကြာပါပေါ့ ဘုရား
အိမ်း ဟုတ်ပေသားကဘဲ ... ဆံကျင်တော် ဆက်သစေများ
မင်းလုလင်သည် မကြာမီပြန်လာပြီး –
မှန်လှပါဘုရား ... အဆောင်တော်တွင်း၌ ရှာဖွေကြည့်ရာ .... ပစ္စည်းများ ဆံကျင် ရွှေပန်းကုံး ကမ္ဗလာ ရွှေခြေနင်းများ မတွေ့တော့ကြောင်း ပါဘုရား ...
သယ်
အရှင်မင်းကြီး ဤပစ္စည်း လေးမျိုးလုံးသည် မဟောသဓ အိမ်၌ ရောက်နေကြောင်း သတင်း ရရှိပါသည်ဘုရား။ မဟောသဓ သည် ဤမည်သော ပစ္စည်းများကို တိတ်ဆိတ်သုံးစွဲ နေကြောင်းပါ၊ မင်းကြီး၏ ရန်သူ အကြံ့ပင် ဖြစ်ကြောင်းပါဘုရား။
ဤသို့ကုန်းချော၍ လျှောက်တင်ထားလျှင် –

# မဟောသဓာဇာတ်တော်ကြီး


မဟောသဓာအား ၎င်း၏အထောက်တော်များက သိန်းအမတ်များ ကုန်းချောကြောင်းကို သတင်းပေးသဖြင့် တွေးကြည့်ရာ
သို့သော် နောက်ကျသွားပေပြီ။
များမကြာမီ ဖမ်းစေမိန့် ချမှတ်တော့၏။
ထိုအမိန့်ချမှတ်ကြောင်းကို အထောက်တော်များက သတင်းပို့ပြန်ရာ–
မဟောသဓာသည် ရုပ်ဖျက်၍ထွက်ပြေးပြီး ရွာငယ်တစ်ရွာတွင် အလုပ်သမားအသွင်ဖြင့် မထင်မရှား နေလိုက်လေသည်။
သိန်းအမတ်ကြီးတို့ကား ထိုအမိန့်ကြောင့် ဝမ်းသာအားရဖြစ်ကြသည်။ သို့သော် ထပ်ဆင့်အကြံအစည်လည်း ရှိကြသေး၏။


နောက်နေ့တွင်အမရာထံသို့ လက်ဆောင်ပစ္စည်း နှင့်တကွ စာတစ်စောင်ရောက်လာ၏။
ထိုအတူ အကြံတူဖြစ်သော ဒေဝိန်း၊ ကာမိန်း၊ ပဂုတ် အမတ်တို့ထံမှလည်း စာများရသဖြင့် အမရာမှာ ဒေါသဖြစ်သော်လည်း -
အောင့်ထားပြီး အမတ်တစ်ယောက်ကို တစ်ချိန်စီလာရန် စာပြန်လိုက်လေသည်။
ထိုအချိန်မှစ၍ အမရာသည် ကျေးကျွန်များကို ကွပ်ကဲ၍ ရေချိုးခန်းတွင် အပေါက်ဖောက်ခြင်း၊ အံဖုံးတပ်ခြင်း၊ စက်ခလုတ်များဆင်ခြင်း၊ တွင်းတူးခြင်းများလုပ်နေ လေ၏။
ညဦးတွင်သိန်းအမတ်ကြီးရောက်လာပြီး -
ကြွပါ ကြွပါ - နောက်မှ စကား ပြောကြတာပေါ့..... ပထမ - ရေ မိုးချိုး သွား ပါအုံး ...
ရေချိုးခန်းသို့လမ်းပြပြီး ရေချိုးရန်မြင်စဉ် -
ထိုသို့ဆိုပြီး စက်ခလုတ်ကို နှိပ်လိုက်ရာ အံဖုံးပြုတ်၍ အမတ်အိုကြီးသည် ကျင်းထဲသို့ ကျသွားလေသည်။
အား


ခေါက် - ဘဖတ်ကြီး
ယောက်ဖြီးတခယောက်
လာကြရာ...
သည် ရှေ့ရှိ
ပရိယာယ်သုံး၍
ခန်းအောက်ရှိ
ကျင်းနက်ကြီးထဲသို့
တက်ခလုပ်နှိပ်၍
ချလိုက်လေသည်။
တစ်ညလုံး ကျင်းထဲ၌ထားပြီး နံနက်မိုးသောက်မှ လှေကားချပေးကာ တက်စေ၍-
ကဲ-ဘဘတို့
ဒီလှေကားမှ
အပေါ်ကို တက်
နိုင်ကြပါပြီ
အပေါ်သို့ရောက်လျှင် ကျေးကျွန်များက အမတ်အို များကို ကတုံးရိတ်ပေးလျက် -
ငြိမ်ငြိမ်နေ.. လှုပ်ရင်
မီးမြှုပ်သွားမယ်
ကော်ရည်သုတ်၊ လဲမွှေ့များကပ်ပြီး တစ်ယောက်စီကို ဖျာဖြင့်လိပ်လေသည်။
ထို့နောက် သူတို့ရောင်းခိုင်းထား၍ ဝယ်ယူထားသော ပတ္တမြားဆံကျင်၊ ရွှေပန်းကုံး၊ ကမ္ဗလာ၊ ရွှေခြေနင်းတို့ကို မှတ်သားထားသော စာနှင့်တကွ -
ဖျာလိပ်များကို တပည့်များအားသယ်ဆောင်စေလျက်ရွှေနန်းတော်သို့ အမရာကိုယ်တိုင် သွားလေသည်။


မင်းကြီး၏ ရှေ့မှောက်သို့ရောက်သောအခါ
အရှင်မင်းကြီး - လက်ဆောင်ထုပ်များကို လက်ခံတော်မူပါ။ သေဝိန်းအမတ် စေရှင်းချက်အရ ထိုနေ့ထိုရက်က - ထိုအမည်ရှိသော ကျွန်မ လာရောင်းချသော စပါးစည်းတွင် ရောက်ထဲ့လိုက်သော - အရှင့်ရွှေဖွဲနှင်း၊ သိန်း - ကါချိန် - ပဒုတ် - အခေတ် ထိုထံမှ - ရက်တက် ဒိ: ၊ ဟင်းရွက်တောင်ပန်းဖြင်း တို့တွင် ရောက်ထဲ့ပေးလိုက်သော - ပတ္တမြားဆံကျင် - ကမ္ဗလာ ခွင် ရွှေပန်းကုံး တို့ ဖြစ်ကြောင်းပါဘုရား
ထိုသို့ ပျောက်ဆုံးနေသော ပစ္စည်းများကို ဆက်သပြီး—
ထိုအမြင် ဟုတ်မှန်ကြောင်း အသိသက်သေ အဖြစ် - ကျွန်မ ဖျာလိပ်ထုပ်များက - ရှုစိတ်တော် ရှိပါ ဟကင်း စေပါလိမ့်မည် ဘုရား
အလို - ဟုတ်ကလား - ဖျာလိပ်တွေ ဖြေကြစမ်းပါ
ဖျာလိပ်များကို ဖွင့်လိုက်လျှင် မြင်ရသူအားလုံး တဝါးဝါးဝိုင်းရယ်ကြပြီး အဆုံး၌ —
ဟား ဟား ဟား ဟား
ဖျောက်ဖြူကြီး
ဖြိုး —
အကျိုးအကြောင်းအလုံးစုံကိုရဲဝံ့စွာလျှောက်တင်လိုက်လေသည်။
× × × × × × × × × × × × ×
အမတ်ကြီးများမှာ ရှက်လှသဖြင့် ငုံ့လျှိုးပြီး နီးရာအပေါက်မှ ထွက်ပြေးကြ၏။
ဘုရင်ကြီးမှာကား တွေနေတော့၏။
ဒိမ်း - ဒီလောက် အသိဉာဏ်ကောင်းတဲ့ အမတ်မျိုးတွေ - သတ်ပစ်ဖို့ကောင်းတယ်.......
ဝေါ့ ဒါပေမယ့် - မဟောသဓက - ထွက်ပြေးသွားတယ်ဆိုတော့ --- တကယ်လို့များ ကျန်ခဲ့ရင် - တိုင်းပြည် ဘယ်ရှိသဲ့ဖြစ်နေမှာကလဲ - တခက်
အပိုင်နို့တစ်စုံတစ်ရာချရန်လည်းခက်နေ၏။

# မဟောသဓာဇာတ်တော်ကြီး


အရှင်မင်းကြီး
လက်တို့ဖြင့်ရိုက်နှက်၊ ခြေတို့ဖြင့်ကန်ကျောက်၏။ ထိုသို့ ပုတ်ခတ်သည်ကိုပင် ချစ်နေရသည်။ သူကား မည်သူနည်း။
နွားကဆဲရေး၏။ သို့ရာတွင် သူမလာသည်ကို စိုးရိမ်သည်။ သူ့ကိုပင် ချစ်နေရသည်။ ဤသူကား မည်သူနည်း။
မဟုတ်မမှန် စွပ်စွဲပြောဆို၏။ မခံချင်အောင် မဟုတ်တန်းလျား ပြောတတ်၏။ ယင်းသို့ပြောသည့်အတွက် သူ့ကို ချစ်နေရသည်။ ဤသူကား မည်သူနည်း
ထမင်း၊ အဖျော်ယမကာ အဝတ်အစား၊ ကြေးငွေ၊ အိပ်ရာ နေရာစသည်တို့ကို ယူဆောင်သွားသည့်အတွက်ပင်၊ သူ့ကို ချစ်ရသည်။ သူကား မည်သူနည်း။
ဤပြဿနာ လေးချက်တို့ကို ဖြေလော....
ဤပြဿနာတို့ကို ကျွန်ုပ် မဖြေနိုင်။ သုခမိန်တို့ကို မေးမြန်း၍ ဖြေကြားပါမည်။


ဘုရင်ကြီးက သုခမိန်အမတ်များကို အခစားဝင်ရန် အမိန့်ချလေသည်။
ရွှေနန်းရှင် ဘုရင်ကြီးက အခစားဝင်ရန် အမိန့်တော်ချမှတ် ကြောင်းပါ - ဘဘုရား
ဟာ - ကတုံးကြီးနဲ့ ရှက်လွန်းလို့ - မလာပါရစေနဲ့လို့ - လျှောက်တင်ထားပါ . . .
ထိုသတင်းကို ပြန်လည်သံတော်ဦးတင်ရာ -
အိမ်း - ဟုတ်ပေသား ကဘဲ...
ပေါင်းဦးထုပ်များ အမြန်လုပ်၍ ပေးအပ်ပါ အခစားဝင်ရန်
သုခမိန်အမတ်လေးပါး အခစားရောက်လျှင် -
သုခမိန်ကြီးတို့ . . . . . ထီးချက်စောင့် နတ်သမီးက ကျွဲမည်သော ပြဿနာ လေးချက်ကို အမေးရှိသည်
မှန်လှပါဘုရား ကျွန်တော်မျိုးကြီးများ လုံးဝ မသိကြောင်း ဝန်ခံပါသည်ဘုရား
အိမ်း - ကောင်းကမြို..... သို့ကလို ဆိုလျှင် - အသင်တို့ကိုယ်တိုင် လှုပ်ရှားလျှက် မဟောသဓ ကို တွေ့အောင်ရှာကြလော့ ...
..... တွေ့လျှင် အသပြာထောင်ထုပ် အပ်၍ - တွေ့ရာ အရပ်မှ ရွှေနန်းတော်သို့ ပင့်ဆောင်ခဲ့ကြလော
မဟောသဓကို လှည့်လည်၍အပူတပြင်းပင်ရှာကြရာ တစ်နေ့တွင် အိုးဖိုတစ်ခု၌ တွေ့သဖြင့် -
မဟောသဓ သုခမိန်ဘုရား - မဟုတ်ပါလော - ဘုရင်အမိန့်တော် ပါကြောင်းပါ
ဟေ
အသပြာငွေ ထောင်ထုပ်ကို လက်ခံ၍ ရွှေနန်းတော်သို့ အမြန် အခစားဝင်ရန် ဖြစ်ကြောင်းပါဘုရား
ပြန်ခါနီးတွင် မဟောသဓက အိုးဖိုရှင်အား ငွေထောင်ထုပ်ဖြင့် ကန်တော့ရာ -
အလိုလေး ကျွန်တော်မျိုးကြီး ကို ခွင့်လွှတ်တော်မူပါ
မင်းခစား သုခမိန်ပင် ဖြစ်လင့်ကစား
ဆရာပင်ဖြစ်၍ - တပည့်က တပည့်အဖြစ်ကန်တော့ သည်ကို လက်ခံပါ - ဆရာကြီး . . .


ထိုသို့ကန်တော့ပြီး မဟောသဓသည် ရထားပေါ်သို့တက်၍ လိုက်သွားလေ၏။
ရွှေနန်းတော်တွင် သိန်းအမတ်ကြီးက မဟောသဓကို တွေ့လာပြီဖြစ်ကြောင်း တင်လျှောက်၏။
...မဟောသဓ ကို-တပည့်တော်ဦးက ရွာတရွာတွင် အိုးဖိုတခု၌ တွေ့သောကြောင့် အမိန့်တော်အရ ခေါ်ဆောင်ခဲ့ရာ-ချက်ချင်းပင် ဖုံပေလူးနေသည့်အတိုင်း ရထားပေါ်ပါလာကြောင်း ပါဘုရား
အိမ်း မဟောသဓသည်ပညာ ရှိသူဖြစ်ဟုတ်သဖြင့် အိမ်မြှန်-ရေချိုး-ဝတ်လဲပြီးမှသာ အခစားဝင်ရန် ခွင့်ပြုသည်...
ရွှေနန်းတော်သို့ရောက်လျှင် မဟောသဓကို ပလ္လင်ထက်ဝယ်တင်၍ ထီးဖြူမိုးစေလျက် -
အို-သုခမိန် မဟောသဓ- ကျော်မည်သော ပြဿနာများကား အဘယ်နည်း
အရှင်မင်းကြီး - ပထမပြဿနာမှာ ကိုက် ပုတ် ကန်ကျောက်လေ - ချစ်ရလေ - ဆိုသူကား... နို့စို့ရွယ်ကလေးပင် ဖြစ်သည် ....
အိမ်း — ဟုတ်ပေသား ကဲ
ဒုတိယပြဿနာကား: - အသက် - ၇ - နှစ် - ၈ - နှစ်ရွယ် ကလေး ကို ဆိုလိုသည်..... တခုခုခိုင်းလျှင် - မုန့်ပေးမှ ဟုဆိုတတ်၏ မုန့်ပေးခိုင်းလျှင် - တခြားမှာ ကစားပြီး ပြန်လာ၏။ ထိုကဲ့သို့ ဆင်ခြေကန်ခြင်းများလာလျှင် - မိခင်သည် - တုတ်ကိုင်၍ ဆဲရေးကြိမ်းမောင်းမိသည်။ သို့သော် စိတ်ထဲကမပါ။ အချိန်ကျ၍ သူမပေါ်လာလျှင် မနေတတ်အောင် ဖြစ်၏....
တတိယပြဿနာကား: - ညားခါစ - ဇနီးမောင်နှံဖြစ်သည် မိမိအပေါ်၌ တကယ့်အချစ်စစ်-အချစ်မှန်ရှိမရှိ စမ်းသပ် လိုက်၍ တယောက်ကိုတယောက် စိတ်ကျေးရရာ စွပ်စွဲရင်း ခုံပင် အလွန်တရာ ချစ်ကြသည် မဟုတ်ပါလော



တော့ဝှက်မြသသာနာကား၊ - အကျင့်သီလနှင့် ပြည့်စုံသော အလှူခံ ရဟန်း၊ ပုဏ္ဏား၊ တို့ကို ဆိုလိုသည်။ အလှူခံလာလျှင် ဒါန ပြောက်၍ ဝမ်းသာစွာ လှူကြတန်းကြ သည် မဟုတ်ပါလော........
ထိုသို့ပြောဆိုနေစဉ် ထီးချက်စောင့်နတ်သမီးက ကိုယ်ထင်ပြ၍ ချီးကျူး၏။
သုခမိန် မဟောသဓ - တော်ပေ၏ - တော်ပေ၏ - သာဓု - သာဓု - သာဓု -
ဘုရင်ကြီးသည် အားရတော်မူ၍ မဟောသဓအား စစ်သူကြီးရာထူး ခန့်အပ်တော်မူ၏။
ဤတွင် သုခမိန်တို့မနာလို၍ ညာဏ်နီ ညာဏ်နက် ထုတ်ကြပြန်၏။
ဘယ်လို ကြံကြမလဲ
ခပ်မြန်မြန်လေး လုပ်မှ - တော်ကာကျ မယ်
အကွက် ကြံရမှာပေါ့
ဒီကောင်လေး တခါထဲ ပြုတ် သွားအောင် -
ချောက်တွန်းရမယ်ဗျ
တစ်နေ့သ၌ စကားဆွေးနွေးစဉ် မဟောသဓ စကားထဲတွင် -
မိမိ၏ လျှို့ဝှက် ချက်ကို - ကိုယ့် မယား၊ မိ ဘယ်သူ့ကိုမှ မပြောအပ် ဘူး
ထိုည၌
ဒီနေ့ - သူ့စကား၊ တခု သတိထား မိကြရဲ့လား
အင်၊ - ဟုတ်ပ - (မိမိလျှို့ဝှက်ချက်ကို - ဘယ်သူ့မှ မပြောအပ်) ဆိုတာလား
ဒီကောင်လေး မလျှောက်မီက ဘုရင်ကြီးက (လျှို့ဝှက်ချက်ကို - ဘယ်သူ့မှ မပြောအပ်) လို့ဆိုရင် နဲ့ ဖြေကျေနပ်တာ မဟုတ်ဘူး
အေး - ဟုတ်တယ်။ အကွက်ထဲရောက် ဝင်နေပြန်ပြီ။ ဒီကောင်လေး ကာလ သူ့ပြော မိတဲ့ စကားကို - ဘယ်တော့မှ ပြန် မပြင်တတ်တာနဲ့ အထောက် ဘဲ

# မဟောသဓဇာတ်တော်ကြီး


တစ်နေ့တွင် မဟောသဓ မရောက်သေးမီ –
အရှင်မင်းကြီး - မဟောသဓ သည် - အရှင်မင်းကြီး၏ ရန်သူဖြစ်၏...
လာပြန်ပြီ ဒီအမတ်တွေ။ မဟုတ်နိုင်တာ။
တနေ့လောက် လျှို့ဝှက်ကိစ္စနှင့် ပတ်သက်၍ မေးတော်မူလျှင် - အလိုလိုပေါ်လိမ့်မည် ဘုရား
အင်း - ကောင်းပြီ
တစ်ညနေတွင်
သူခိုးတို့... မိမိ၏ လျှို့ဝှက်ချက်ကို မည်သူ့အား ပြောကြား အပ်သနည်း
ဟီး... မင်းကြီးပါ တို့အမွဲ့ထဲပါ အောင် လုပ်လိုက် အုံးမယ်....
အရှင်မင်းကြီး ပထမ မိန့်တော်မူ ပြီးမှ - သုံးသပ် ၍ ဖြေရန် ခွင့်ပြု တော်မူပါ ဘုရား
အင်း - ငါ့ကိုယ်တော်၏ အလိုကား... မိမိ၏ ကြင်ရာတော် အား ပြောကြား အပ်သည်....
အဆွေခင်ပွန်း အား ပြောကြား အပ် ကြောင်း ပါဘုရား
ညီဖြစ်သူကိုသာ ပြောကြား အပ်ပါ သည် ဘုရား
သားဖြစ်သူကို ပြောသင့် ကြောင်း ပါဘုရား
မိခင်ဖြစ်သူ ကို - ပြောသင့် ကြောင်း ပါ ဘုရား
ကိစ္စမပြီးမီ ဘယ်သူ့ကိုမှ မပြော အပ်ကြောင်း ပါဘုရား
မဟောသဓ ဖြေဆိုလိုက်လျှင်မင်းကြီးနှင့်သိန်းက အမတ်ကြီးတို့သည် အဓိပ္ပာယ်ရှိစွာဖြင့်မျက်စိချင်း ကြည့်နေသည်ကို –
မဟောသဓတွေးလေသော်
အင်း၊ ကြည့်စမ်း ဒီလူကြီးတွေ အကွက် ဆင်ထားပြန်ပြီ ထင်တယ်၊ မင်းရေး မင်းရာ ဆိုတာ တယ်ကြောက်စရာ ကောင်းပါလား။ အင်း ... နေဝင်ချိန်လဲ ရောက်နေ တော့ - အမြန် အိမ် ပြန်မှတော်ချေ မယ်....
ဒီလူတွေ တကယ် များ ကိုယ့်တွေ့ လုပ် နေကြရော့ သလား


နန်းအပြင်သို့ရောက်လျှင် မဟောသဓသည် ငယ်သားများအား တစ်ခုတစ်ခုပြောပြီး –
နေ့စဉ်နေ့တိုင်း အမတ်ကြီးများစုရုံးစကားပြောတတ်သော ဇလားအောက်သို့ ဝင်ပုန်း၏။
မကြာမီ အမတ်ကြီးများရောက်လာကာ ဇလားပေါ် ထိုင်၍ တိုင်ပင်ကြပြန်သည်။
ဒေဝိန်းအမတ်ကလည်း ဤသို့ကြွား၏။
ကာမိန်းအမတ်ကလည်း ဤသို့ပြော၏။



ပကတိအမတ်ကြီးကလည်း –
သို့ဖြင့် မဟောသဓာမှာ သတင်းအကုန်ရလေ၏။
ထိုည၌ ဘုရင်ကြီးသည် စက်တော်မခေါ်နိုင်ဘဲ လူးလိမ့်၍သာနေသောကြောင့် –
ဘာ အကြောင်းများကြောင့် ရွှေစိတ်တော် ထိခိုက်နေပါသလဲ - ဘုရား
မိဖုရားသည် ပရိယာယ်သုံး၍ တင်လျှောက်၏။
မင်းကြီးကျေနပ်ပြီး အိပ်ပျော်သွားစဉ် မဟောသဓထံသို့ သတင်းပို့လေ၏။
နံနက် မိုးသောက်လျှင်အမတ်လေးယောက်တို့သည် နန်းတော်တံခါးကြား၌ စောင့်နေကြ၏။
အတော်ပင်နေမြင့်သော်လည်း မဟောသဓမှာ မပေါ်လာသဖြင့် –


သုခမိန်အမတ်လေးပါးသည် ဘုရင်ထံ အခစားဝင်၍ မဟောသဓ မရောက်လာသေးကြောင်း သံတော်ဦးတင်နေစဉ် –
....သားတော် မဟောသဓ.... ယနေ့ နေမြင့်မှ အခစားဝင်သည်။ မျက်နှာလည်း မကြည်မသာ..... မည်သို့သော သတင်းကိုကြား၍ မည်သို့သော အရာကို မသင်္ကာ သောကြောင့် ဖြစ်သနည်း
အရှင်မင်းကြီး ... သားတော်အား ချောင်းသတ်ရန် အမိန့်ပေးထားသည်မဟုတ်ပါလော။ ကျွန်ုပ်လျှို့ဝှက်ချက်ကို ယခုဖုရားအား အသိပေး အချိန်လောက်ကပင် – သိရသောကြောင့် နေမြင့်မှ အခစားဝင်ရကြောင်းပါဘုရား
သယ် – လျှို့ဝှက်ချက်ကို သံရွှာမပေါက်နိုင်သည့် ကျွန်ုပ်ဖုရား ဟင် .......
သည်းခံတော်မူပါဘုရား။ အမျက်ထွက်တော်မမူပါနှင့်၊ အကျွန်ုပ်ကား – ကိုယ်စွ အလုံးစုံကို သိနိုင်စွမ်း ရှိပါသည်
ကျွန်ုပ်ကို ဖုရားထံမှကြားသည်ပင်ထားပါဦး – သုခမိန်ကြီးလေးယောက်၏လျှို့ဝှက်ချက်ကို မည်သူ့ထံမှ သိနိုင်မည်နည်း။ အရှင်မင်းကြီး သေနက အမတ်ကြီးသည် – နာမည်ကြီးမိန်းမကို ပြည်းပြု – လူသတ်ခဲ့သည့်လျှို့ဝှက်ချက်ကို သူ့မိတ်ဆွေတဦးအားသာ ပြောခဲ့ပါသည်။ ရန်သူကို ဖမ်းလိုလျှင် – သေနက အမတ်ကြီးအားသာ ဖမ်းသင့်ကြောင်း ပါဘုရား....
ဒေဝိန်းအမတ်ကြီးသည်လည်း – နန်းစဉ်ပတ္တမြား ခိုးထားပြီး – လျှို့ဝှက်ချက်ကို – သူ့မိခင်အားသာ အသိပေးခဲ့သည်.... ကာမိန်းအမတ်သည် လကွယ်နေ့တိုင်း ချေးရှူးရောဂါထ၍ သူ့သားကိုသာ အသိပေးခဲ့သည်.... ပုက္ကုသအမတ်သည် ပေါင်တွင် နူနာကွက်ရှိပါသည်။ လျှို့ဝှက်ချက်ကို – သူ့ညီကိုသာ အသိပေးခဲ့ပါသည်.... ယုံကြည်တော်မမူလျှင် ယခုစစ်ဆေးတော်မူပါဘုရား.... ။
သုခမိန်လေးဦး မဟောသဓ စကားဖွင့်သလော
ဟုတ်မှန်ကြောင်း ဝန်ခံပါသည်ဘုရား။
ကျွန်ုပ်အချိန်မှစ၍ သုခမိန်လေးယောက်အား ထောင်သွင်း အကျဉ်းထားရေ......

# မဟောသဓာစာတ်တော်ကြီး


မဟောသဓာကိုသတ်ရန်ကြံစည်ကြသောသုခမိန်လေးယောက်၏ ကလိမ်ဉာဏ်ကိုသိရှိရသဖြင့် အရှင်သည် သူတို့အားထောင်သွင်းအကျဉ်းချထားတော်။
မဟောသဓာသည် ဖြစ်ခဲ့သောပြဿနာကို မင်းကြီးအား ပြန်လည်ရှင်းပြလေ၏။
×××× အရှင်မင်းကြီး ××× ကျွန်ုပ်သို့သော အကြောင်းများကြောင့် - လျှို့ဝှက်အပ်သော ကိစ္စကို - လျှို့ဝှက်ထားခြင်းသာ ကောင်းသည်။ ××× မိမိလျှို့ဝှက်ချက်ကို ကိစ္စမပြီးမီ အဘယ်သူ့ကိုမျှ မပြောအပ် ××× ဟု တင်ပြ ရခြင်း ဖြစ်ကြောင်းပါဘုရား ××××
အိမ်း ××× သာဓု-သာဓု-သာဓု
မင်းကြီးသည် တွေးရင်းတွေးရင်း ဒေါသထွက်ပြီးလျှင်အမိန့်ချမှတ်ပြန်သည်။
တောက်! သုခမိန်လုပ်နေတဲ့ ဒီလေးယောက်ဟာ .... သူတို့ကိုယ်တိုင်က - ငါ့ရန်သူဖြစ်နေပါလျှက် သား တော် မဟောသဓာ ကို ... ရန်သူ ရယ်လို့ စွပ်စွဲလိုက်သေးသည်။ လူယုတ်မာတွေ ××× သယ် ×××××××××× သုခမိန် လေးယောက် ကို -- သူ့ သဘန်ထုတ်ပြီး ထဲကျွင်လျှိုကော ခေါင်းဖြတ် သတ်စေ ×××××
အမိန့်တော်အတိုင်း ပါးကွက်အာဏာသားများက သုခမိန်လေးယောက်ကို ခေါ်ထုတ်လာရာ မှလမ်းဆုံ လမ်းခွရောက်တိုင်း အပြစ်ကြေညာကာ ကြိမ်ဒဏ်ခတ်သည်ကို -
အား
ရွှမ်း



မဟောသဓကြားလျှင် ရှေ့တော်သို့ဝင်၍ -
အရှင်မင်းကြီး... အမှန်မှာ ထိုလေးယောက်သည် တချိန်က သုခမိန်များဖြစ်ပါ၍ သည်းခံတော်မူသင့်ပါသည်။ အမိန့်တော်မှာ မြင်းထိန်း လျှော့သင့် - မလွန်မီ - မြင် သင့်ကြောင်းပါဘုရား
သားတော် ပညာရှင် မဟောသဓ တင်ပြချက်ကို စဉ်းစားတော်မူမည်။ ရာဇဝတ်ကောင်လေးယောက် ရှေ့တော်သွင်းစေ...
သုခမိန်ဟောင်းများ ရှေ့တော်ရောက်လျှင် -
ကိုင်း - သားတော်မဟော် တင်ပြချက်အရ - အမိန့်တော်ပြင်ဆင်ချမှတ်မည်။ နားထောင်ကြလော... ကျိုလေးဦးအား ယခုအချိန်မှ စ၍ မဟောသဓ၏ ကျေးကျွန်ပိုင် အဖြစ် သတ်မှတ်သည်... မဟောသဓ စေလိုရာစေလော...
အမိန့်တော်မြတ် အတိုင်းပါဘုရား
ယခုအချိန်မှစ၍ - အရှင်သခင်နှင့် ကျေးကျွန်ဖြစ်ကြပြီ... အသင်တို့နားထောင်ကြလော
မှန်လှပါသခင်ကြီးဘုရား
တချိန်က ခမည်းတော်အား အကြံဉာဏ်များပေးနိုင်ခဲ့သည်ကိုထောက်၍... နောက်နောင်ကို ကောင်းစွာနေမည်ဟုကတိပြုလျှင် - လွတ်လပ်ခွင့် ပေးမည်...
ကတိပြုပါသည် အရှင်သခင်မဟောသဓ
အိမ်း - သားတော်အလိုကျ - လွတ်လပ်ခွင့်ရကြပြီဖြစ်သော်လည်း... ငါ၏ရှေ့မျက်မှောက်တော်နှင့် မတည့်... ပြည်နှင်ဒဏ် ပေးစေ...
သားတော် - အနုပ အညွတ် တောင်းပန်ခွင့်ပြုတော်မူပါ... ခမည်းတော်ကြီးဘုရား... ကျိန်လောက်သည်ဆိုလျှင် နောင်တရကြလောက်ပါပြီ။ နောက်ဆုံးသတိပေးပြီး - နဂိုရ်ရာထူးများကို ပြန်လည်အပ်နှင်းသင့်ကြောင်း... လျှောက်တင်ဝံ့ကြောင်းပါဘုရား...
သားတော် မဟော် သဘောကျ ဖြစ်စေများ...
သားတော် မဟော် ဟာ ငယ်သာငယ်တယ်... တယ် သဘောထားကြီးပါလား။ ရန်သူကိုပင် မေတ္တာစိတ်ထားနိုင်သေးသည်... ငါလို ကျေးဇူးရှင်အပေါ် ဆိုလျှင် ပြောဖွယ်ရာရှိ ပညာရှိပြီသ ပါပေတယ်...
ထိုသို့တွေး၍ လေးစားမြတ်နိုးခြင်းဖြစ်လေတော့။


ဝိဒေဟရာဇ်မင်းကြီးသည် မဟောသဓ
အစစအရာရာ အကြံဉာဏ်တောင်း၍
လေတော့သည်။
မဟောသဓသည် ဤသို့စဉ်းစားမိ၏။
မင်းကြီးကား ထီးနန်း အုပ်ချုပ်ရှိ
မင်းလုပ် ရုံသာဖြစ်သည်....
တိုင်းပြည်ကိုကား
ငါသာလျှင် စီမံ
နေရသည်......
မေ့မေ့လျော့လျော့
နေ၍မဖြစ်....
ငါ၏တာဝန်သာ
ဖြစ်နေတော့
ပါလား.....
ထို့ကြောင့် မိထ္ထိလာမြို့တော်ကြီးကို တံတိုင်းကြီးငယ်
ရှိသမျှ ပြအိုး၊ ပစ္စင်၊ ကျုံး၊ မြောင်းတို့
အဆိုင်အခန့် ပြုပြင်စေလေသည်။
မြို့တွင်း၌ အိမ်ဟောင်းများ၊ လမ်းများ၊
တံတားများကို ပြုပြင်ခြင်း –
ရေတွင်း၊ ရေကန်များတူးဖော်သန့်ရှင်းခြင်း –
ရိက္ခာများ ပြည့်စုံအောင် အားဖြည့်ခြင်း –


အချို့သော အမှုထမ်းများကိုတိုင်းပြည်အသီးသီးသို့
လက်ဆောင်ပဏ္ဏာများဆောက်သ၍ သွားရောက်အမှု
ထမ်းရန် သူလျှို အဖြစ်စေလွှတ်ခြင်း -
… … အရှင် ပဉ္စာလ မင်းကြီး တန်ခိုးတော် မှ နေ့သော
ကျောက်သွေး များ တောတွင်းမှ ခဲရာခဲဆစ် ရ လာ
ပါ၍လာ
ရောက်ဆက်
သ ပါသည် … …
နောက် နောင်ကိုလည်း
စေလိုရာ စေနိုင်စေရန် …
အပါးတော်တွင် အမှုထမ်း
ခွင့် ပေးတော်မူပါဘုရား
စသည်တို့ကိုစီမံပြီးသောအခါ ထိုသူတို့ထံမှ တိုင်း
တစ်ပါး၏ လျှို့ဝှက်သတင်းများကို မကြာခဏ
သိရလေတော့သည် -
ထို့မျှမကသေး ကိုယ်တိုင်မွေးမြူထားသော
ကျေးလိမ္မာကိုလည်း စုံစမ်းရန်စေလိုက်လေ၏။
ထိုခေတ်အခါ၌ကပိလတိုင်း စုလနီပြည့်ဖတ်မင်းတွင်
ပုရောဟိတ် ပုဏ္ဏားကြီးတစ်ဦးရှိသည်။
တစ်နေ့တွင် ထိုကေဝဋ္ဋ ပုဏ္ဏားက အကြံရပြီး
ငါ့ဘုရင်ဘုန်းမြင့်ရင်
ငါလဲ ဘုန်းမြင့်မည်၊
ငါ့ဘုရင် ချမ်းသါရင်
ငါလဲ ချမ်းသာမည်။
ငါ့ဘုရင် ဟာ
ဇမ္ဗူတခွင် မှာ
ကောရာ၏ဖြစ်ရင် -
ငါလဲ ကောရာ၏
ဆရာ ကြီး
ဖြစ်မည် … …
မင်းကြီးထံဝင်၍လျှို့ဝှက်ချက်ကိုစကိုလျှောက်တင်လို
သဖြင့် ဥယျာဉ်တော်သို့ ခေါ်သွားသည်။

# မဟောသဓာဇာတ်တော်ကြီး


မဟောသဓာကျေးလိမ္မာသည် ကောဝဋ္ဋပုဏ္ဏားနှင့် စူဠနီဗြဟ္မဒတ်မင်းတို့ကိုတွေ့ရာ -
ဘာလုပ်နေကြလဲ-မသိဘူး သူတို့အထက်က သစ်ပင် ပေါ်ဝင်နားအုံးမှဘဲ . . .
× × × × ကျွန်ုပ် အကြံကိုလိုက်နာ တော်မူနိုင်လျှင် ဇမ္ဗူဒီပါတကျွန်းလုံးတွင် . . . ကောရာဇ် မင်းကြီး ဖြစ်အံ့ . . . ဆင်သားများ ရပြီးလျှင် တိုင်းငယ် မြည်ငယ်လေးတွေကို ဝိုင်းထားပြီး အညံ့ခံ၍ တိုင်းပြည်အပ် ရန် - ရာဇသံ - ပေးရမည်။ × × × × × × ×
× × × ကြောက်ကြောက်နဲ့ အညံ့ခံလျှင်လည်း ဘုရင်ငယ်ကို သစ္စာတော် ခံယူစေမည် × × × × လက်ရှိတပ်မတော်နှင့် သူတို့တပ်ပေါင်းလိုက်ပြီး ထိုထက် ကြီးတဲ့ တိုင်းပြည်ကို ဝိုင်းထားပြီး ရာဇသံ ပေးမည် × × × × ×
× × × × အသာတကြည်နဲ့မရရင် တိုက်ခိုက် သိမ်းယူပြီး ဘုရင်ငယ်ကို ကွပ်မျက်မည် × ×
ဒီလိုတပြည်ပြီးတပြည်သိမ်းလို့ အားရတော့ အောင်ထေ သောက်ပွဲကြီး ကျင်းပ × × × × ဘုရင်ငယ်တွေ အားလုံး မိတ်ပြီးတိုက် × × ×
× × × သေရည်ထဲတွင် အဆိပ် ခတ်ထား × × × မင်းလေးတွေ အားလုံး သေကုန်ရင် × × × ဟဲဟဲ × × × ဟဲဟဲ × × ×


×××× ဇမ္ဗူဒီပါ လက်ျာတောင်ကျွန်းတစ်ကျွန်းလုံးမှာ အရှင်မင်းတပါး တည်းသာ ရှိ၍ ဇကရာဇ် ဘုရင်ကြီး ဖြစ်တော်မူပါ မည် မဟုတ် ပါလော ××× ××× ဘုရား
အိမ်း ... ကောင်းပေသား ကဲ ...
တိုင်ပင်ပြီး၍ ထလိုက်ချိန်တွင် ကျေးလိမ္မာက မစင်စွန့်ချပြီး ပျံပြေးလေသည်။
ကရို
ကရို
ကရို
ကျေးလိမ္မာသည်အိမ်ပြန်ရောက်လျှင် လူအများသိစေလိုလျှင် –
မြေကြီးပေါ်၌ နားလေ့ရှိ၏။
ရင်ခွင်၌ နားလိုက်လျှင်
မဟောသဓနှင့်အမရာနှစ်ယောက်ကိုသာပြောပြလိုသည်ဟု သိရ၏။
ပခုံးထက်၌နားလျှင် ကား
မဟောသဓတစ်ယောက်တည်းကိုသာ ပြောပြလိုသည်ဟု အချက်ပြလေ့ရှိ၏။
ယခုလည်း ပခုံးထက်တွင်နားသဖြင့် ပြာသာဒ်ထက်သို့ အမှတ်တမဲ့ ခေါ်သွား၍ မေး၏။
ချစ်သား ×××× အဘယ်အရာများကို မြင်ခဲ့ ကြားခဲ့ သနည်း
××××××××× ××××× ဤသို့ တိုင်ပင် နေကြ ပါသည် -- အရှင်
မဟောသဓသည် စူဠနီဗြဟ္မဒတ်မင်းနှင့် ကေဝဋ်ပုဏ္ဏားတို့၏ အကြံကိုသိလျှင် –
×× ××မြို့တော်တွင်း၌ ဆင်းရဲသားများ မြို့ပြင်သို့ ပြောင်းရွှေ့ကြရန် နှင့် ကျေးရွာမှ ပစ္စည်းကြွယ်ဝသူတို့ မြို့တော်တွင်းသို့ ပြောင်းရွှေ့ ကြရန် စည်လည်ကြော်ငြာကြစေ ××××××


ခုနှစ်နှစ်၊ ခုနှစ်လ၊ ခုနှစ်ရက်ကြာသော် ပြည်သူပြည်သားများကို စူဠနီဗြဟ္မဒတ်မင်းသည် ဖြစ်သောကြောင့် –
ဗိဒေဟရာဇ်မြို့တော့သမ္မ မိထိလာသို့ ရှိလား
လျှောက်ထားသင့်ပြီ ကြောင်းပါ ဘုရား
ကိုးဆယ့်ကိုးပါးသော သစ္စာတော်ခံ မင်းငယ်များက ထောက်ခံကြသော်လည်း ကေဝဋ္ဋပုဏ္ဏားကမူ သဘောမတူချေ။
မိထိလာမှာ မဟောသဓ ဆိုသော ပညာရှိတယောက် ရှိကြောင်းပါ၊ ပါ ဘုရား
သို့သော် ... တရေ့ကျွန်ုပ် မိထိလာ ဘုရား
များမကြာမီ မဟောသဓထံသို့ သတင်းတစ်ခု ရောက်လာ၏။
အလို ... သေသောက်ပွဲကြီး ကျင်းပရန် ပြင်ဆင်နေပြီ ဆိုပါလား ××× ဘုရင် ငယ်များ
နောက်တစ်နေ့တွင်သေသောက်ပွဲကျင်းပသည့် နေရာသို့မဟောသဓစေလွှတ်သောတပ်ဖွဲ့ရောက် လာပြီး အရေးဆိုတော့၏။
ကျုပ်တို့ ဗိဒေဟရာဇ် မင်းကြီးကို သင်တို့ ရှုလနီ ခေါင်းနှင့် အကျ
ဟာ -- မဟုတ်တာ -- ကျုပ်တို့ဘုရင်နှင့် ဘယ်မင်းမှ မတိုင်စေချင်ဘူး
ထိုအခိုက်မှာပင် အဖွဲ့ဝင်များက သေအိုးများကို ခိုက်ခွဲပြီး ထွက်ပြေးသွားကြလေသည်။
ထိုသတင်းကို စူဠနီဗြဟ္မဒတ်မင်းကြီးကြားလျှင် ဒေါသထွက်ပြီး အမိန့်ချမှတ်၏။
ငါ ကိုယ်တော်၏ အောင်ပွဲကို လာဖျက်တဲ့ မိထိလာသို့
ဟယ် ကေဝဋ္ဋ ပုရောဟိတ်

တပ်မတော်သားများ အရုံသင့်ဖြစ်လျှင်ဖြစ်ချင်း မိတ္ထီလာပြည်သို့ချီတက်၍ ညဦးယံအချိန်တွင် ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်တို့ဖြင့် အထပ်ထပ် ဝိုင်းထားလိုက်လေသည်။




သုခမိန်လေးယောက်သည်ဆင်သံ၊ မြင်းသံ၊ ရထားသံများဆူညံနေ၍ ကြောက်အားပိုပြီး ဝိဒေဟရာဇ်မင်းကြီးထံ အလျင်အမြန်သွား၍လျှောက်ရာ -



မင်းကြီးသည် လေသာနန်းတံခါးကို ဖွင့်ကြည့်ပြီး များစွာတုန်လှုပ်ချောက်ချားသွားလေ၏။



မဟောသဓကား မိမိ၏သူလျှိုများထံမှသတင်းရထား၍ မြို့ကိုကာကွယ်ရန် စီမံထားပြီးမှ -



မင်းကြီးထံဝင်လေရာ -



# မဟောသဓဇာတ်တော်ကြီး


ထို့နောက် မဟောသဓက စည်လည်စေ၏။
... ရန်သူ ဝိုင်းထားသော်လည်း - မပူကြနှင့်... ခုနစ်ရက်တိုင်တိုင် ပျော်ပွဲ ရွှင်ပွဲများ ကျင်းပကာနေကြရမည်... အမိန့်တော်...
ထို့ကြောင့် မြို့တွင်း၌ ပွဲတစ်ချိမ့်ချိမ့်ကျင်းပနေ၏။
ရန်သူတစ်သားအချို့ မလွယ်ပေါက်မှ ခိုးဝင်လာသည်ကိုလည်း သိလျက်နှင့်ပင် မတားမဆီးဘဲ ခွင့်ပေးထားလေသည်။
စူလနီဗြဟ္မဒတ်မင်းကြီးက မေးတော်မူ၏။
... ဒါလောက် ဝိုင်းထားပါလျက် အဘယ်ကြောင့် သူတို့ဟာတွေ ပျော်ပွဲများ လုပ်နေကြပါလိမ့်
... မှန်လှပါ... အကြောင်း လျှောက်ပြီး...
အိမ်း... ဟား ဟား ဟား ဟုတ်မယ်...
မဟောသဓ၏ သူလျှိုများကလျှောက်တင်သည်မှာ
မြို့ထဲအလစ်ဝင်ပြီး စုံစမ်းခဲ့၍သိရသည်မှာ...
အိမ်း... အမြန်တင်စမ်း
... သူတို့ဘုရင်ဟာတဲ့ ဘုရား... ငယ်စဉ်ထဲက ... ပျော်ပွဲလုပ်လိုသော ဆန္ဒပြင်းပြပြီး ယခုမှပင် ... ပျော်ပွဲရွှင်ပွဲများ ကျင်းပစေကြောင်း ... ရှိပါသည်ဘုရား
ထိုစကားကို ကြားလိုက်လျှင် မင်းကြီးသည် ဒေါသမုန်တိုင်းထသွားကာ -
သယ်... တောက်... ... အလုံးအရင်းနှင့် ယူပြင်လျှင် ... မြို့ ... ပေါက်ဝင်ပြီး ... ပြည်သူပြည်သားများ၏ ဦးခေါင်းများ ဖြတ်ကာ ... တိုက်ယူလာခဲ့ကြလော့... အမိန့်တော်...


သို့သော် မြို့ရိုးပေါ်မှပြင်းထန်စွာခုခံ၍အနားမကပ်နိုင်သော အဆုံး၌ -
ကေးဝဏ္ဏပုဏ္ဏားက မြို့တွင်းသို့ ရေမလာနိုင်အောင် ပိတ်ထားစေ၏။
ရေတစက်မှ မဝင်စေနဲ့
မဟောသဓာ၏ သူလျှိုများကမြှားတွင်စာပတ်၍ သတင်းပို့ကြသဖြင့် သိနေရကာ -
ညဘက်တွင် ကြာရိုးကြာစွယ်များကို ရန်သူတပ်တွင်းသို့ မကြာခဏပစ်ချကြ၏။
စူဠနီဗြဟ္မဒတ်မင်း ထံသွားပြကြရာ -
မဟောသဓာသည် သတင်းရပြန်၍ သီးနေသော စပါးပင်များကို မြို့ရိုးပေါ်တွင် ညတွင်းချင်း စိုက်ထားစေ၏။
ရန်သူများကမြင်လျှင် ရိက္ခာမပိတ်တော့ချေ။


ထင်းများပိတ်ပြန်သည်ကို မြို့ရိုးပေါ်မှ ထင်းတုံးကြီးများ မကြာခဏ တွန်းချပေး၏။
နောက်ဆုံး၌ -
နောက်တစ်နေ့ နံနက်ခင်းတွင် မြို့တံခါးကြီး ပွင့်လာပြီး မဟောသဓနှင့် အဖွဲ့သားများ စကားစစ်ထိုးရန် ထွက်လာလေသည်။
အင်း ... ကောဝဍ္ဍ ပုဏ္ဏား ဟာ - တယ်ပိုက်ပါ တဲ့ - အကြံပြုတာဘဲ။ တပည့်များထံမှ ကြိုတင် သတင်းရထားပေလို့ တော်ပါသေးရဲ့ ...


စကားစစ်ထိုးရာဒေသသို့ တစ်ရာ့တစ်ပါးသော မင်းတို့ရောက်နှင့်နေ၏။ အရေးပေါ်ပါက ကယ်ဆယ်ရန်လွှတ်ထားသော မဟောသဓ၏သူလျှိုများလည်းရှိနေ၏။
မဟောသဓ၏ အရှိန်အဝါကို မခံနိုင်ဘဲ ကေးဝဋ်ပုဏ္ဏား ဆီးကြိုနှုတ်ဆက်၏။
အို - မဟောသဓ - ပညာရှိမှိုင်းမြှမ် ပါလျက် - မသိသည့် လက်ဆောင် မှု မပါသလော....
အဆင် ပညာရှိကြီးနှင့် ထိုက်တန်သော ဥစ္စာ ယူခဲ့ပါသည်။ လက်ခံပါလော....
ဘုရင့်ထံမှငှားခဲ့သောဝင်းဝင်းတောက်ပတ္တမြားကို မြင်၍ ပုဏ္ဏားလက်ဝယ်သို့ ဖမ်းမမိနိုင်အောင် ပစ်ပေးလိုက်သဖြင့် အောက်ကျသွားကာ –
ဟာ
ပစ္စည်းမက်သော ကေးဝဋ်ပုဏ္ဏားက ကောက်ယူရန် ကုန်းလိုက်စဉ် ခေါင်းကိုဖိထားပြီး –
ဆရာ ကေးဝဋ် - ထပါ ... ထပါ... ကျွန်ုပ်ကို မရှိခိုး ပါနှင့်....
ထိုအခါ မဟောသဓ၏ သူလျှိုအမှုထမ်းများကလည်း ညာသံပေး၍ ဝိုင်းအော်သဖြင့် ကျန်လူထုကပါ ဝိုင်းအော်ကြသောကြောင့် –
ဟောဗျို -
ကေးဝဋ် ပုဏ္ဏားက မဟောသဓကို ရှိခိုးနေပါ တော။
တယ်
ဟာ
ဟောဗျ
စုလနီမြို့ဘုရင်နှင့် တစ်ရာ့တစ်ပါးသော မင်းတို့လည်းမြင်းကိုယ်စီဖြင့် ထွက်ပြေးကြကုန်တော့သည်။

# မဟောသဓာဇာတ်တော်ကြီး


ထို့နောက် တပ်သားများပါပြေးကုန်သဖြင့် –
ကေးဝဋ်ပုဏ္ဏားလည်း မနေသာတော့ဘဲ နောက်မှ လိုက်သွားရလေသတည်း။
အားလုံးပြေးကြသဖြင့် ရိက္ခာနှင့် လက်နက်ပစ္စည်းများစွာ ရလိုက်သော ဟူ၏။
ကေးဝဋ်ပုဏ္ဏားသည် နံနက်အိပ်ရာမှထပြီး မှန်ကြည့်တိုင်း ဒေါသထွက်နေတော့၏။
ဝေါက်!
ထို့ကြောင့် နေ့စဉ်နှင့်အမျှ လက်စားချေရန် ညာဏ်နီညာဏ်နက်များထုတ်၍ နေလေသည်။
တစ်နေ့တွင် စူဠနီမင်းကြီးအား အကြံပေးပြန်၏။


ဘုရင့်သဘောတူချက်ရလျှင် ကေးဝဋ်ပုဏ္ဏားသည် တေးဂီတပညာရှင်များကိုခေါ်၍ -
xxx ဘုရင့်သမီးတော် ပဉ္စလစန္ဒီ၏ ရုပ်ဆင်းအင်္ဂါ ဘယ်လောက် ချောကြောင်း..လှကြောင်း တေးသာဖွဲ့၍ တင်ပြကြရမည်။ ဆုတော်ငွေ သနားတော် မူမည် xxx တဲ့
ထို့နောက် သဘင်သည်များကို ဆင့်ခေါ်ပြီး -
xxx အဆိုကျော်များ ပါခေါ်၍ မိတ္ထိလာပြည်သို့ သွားကြရမည်။ ကျော် ပဉ္စလစန္ဒီ တေးသီချင်းများကို ခေတ်စားအောင် ဖန်တီးရမည်။ ကုန်ကျစရိတ် မင်းဘဏ္ဍာမှ ထုတ်ပေးမည်။
မိတ္ထိလာပြည်ရောက်ကြလျှင် နေ့ညမပြတ်သီဆိုကပြကြ၍ ပြည်သူပြည်သားတို့သည်အားလပ်ချိန်ရတိုင်းပဉ္စလစန္ဒီသီချင်းကိုသီဆိုကြကုန်၏။
အယဉ့်အလှ - ယှဉ်မမှီရတဲ့ ♫ ♫ ပဉ္စလစန္ဒီလို ♫ ဟိုဟို ♫ ဟို ♫
ဟဲ့ - ဝိတ်ကြစမ်း - ပဉ္စလစန္ဒီ သီချင်းသံကြားတယ်။
အေးဟ - နားထောင်ကြ နားထောင်ကြ
နန်းတော်တွင်း၌သာမက ဝိဒေဟရာဇ်မင်းကြီးပင် စန္ဒီသီချင်းကို ခွဲလန်းသဘောကျလေသည်။
xxx သဘင်သည်များ တင်ဆက်တဲ့ တေးသွားဂီတတော့ ညက်ပါပေ့၊ စာသားကလဲ နက်နဲပါပေ့။ ဆုတော်ငွေ ချီးမြှင့်ထိုက်ပါပေ့၊ ပဉ္စလစန္ဒီ မင်းသမီးဟာ ဒီလောက်ဘဲ တကယ်လှလို့လား ဟဲ့
မှန်လှပါ။ တေးစပ်ရာတွင် စာမေ့ပြီလောက်အောင်ပင် ချော-ယဉ့်လှ၍ ရှားတော်ကျလောက်ပါ့ဘုရား
တေးသီချင်းကြောင့် ဝိဒေဟရာဇ်မင်းကြီးပင် စိတ်ညွတ်နေပြီဖြစ်ကြောင်း သတင်းရလျှင် -
အရှင်မင်းကြီး - ပထမအကြံအစည်တော့ အောင်မြင်ပါပြီ။ ဒုတိယအကြံအစည်ဖြစ်တဲ့ xxx ချစ်ပြည့်တမြည် ရွှေလမ်း ငွေလယ်း ဖေါက်လို၍ သမီးတော် ဆက်သလိုကြောင်း သံခြေပြီး မိတ္ထိလာဘုရင်ကို လက်ခံရန် ဖြားယောင်းနိုင်မည့် ရက်ချိန်း တောင်းဘို့ဘဲ ကျန်ပါတော့တယ်ဘုရား xxx
အိမ်း.. ကောင်းပြီ xxx ပုရောဟိတ်ကြီး ဘဲ သင့်တော်သော လက်ဆောင်များ စီစဉ်၍ ကိုယ်တိုင် သွားလော xxx အကြံသာ ပါနိုပါစေ
ရွှေစိတ်တော် ချတော်မူပါဘုရား


ပုဏ္ဏားသည် ခရီးထွက်ခါနီးတွင်
ကျေနပ်ပျော်ရွှင်နေလေသည်။
မိတ္တဝိလာပြည်သို့ ပထမရွှေတော်ပြေး လွှတ်လိုက်၏။
အိမ်း - ကောင်းပြီ
မင်းသမီးကို တကယ်ရတော့မည်ဆို၍ ဒေဟာရာဇ်မင်းကြီး ဝမ်းသာနေသလောက် ဟာသဝ ကမူ ရင်လေးနေ၏။
ကေးဝဋ္ဋ ပုဏ္ဏားဟာ -လည်တယ်-ရှုပ်တယ်-ယုတ်မာတယ်။
ထို့နောက် ကေးဝဋ္ဋပုဏ္ဏားအား ကြိုဒေါ်လာမည့် လမ်းများကို အမိုးအကာတပ်စေပြီး –
အတွင်းဘက်၌ အလှအပများဖြင့် တန်ဆာဆင်၍ ဆေးခြယ်ထားစေလေသည်။



ရက်စေ့၍ တမန်တော် ကေးဝင့်ပုရောဟိတ် ရောက်လာသဖြင့် နန်းတော်သို့ခေါ်လာသော်
မင်္ဂလာယျူဦး လမ်းများ ပြင်ဆင်ထားလိုက်တာ။။ တယ်ကျက်သရေရှိပါလား။။ ဟဲ-ဟဲ-ဟဲ
ဟုတ်ပါ့ ဟုတ်ပါ့
မိတ္တီလာရွှေနန်းတော်သို့ရောက်လျှင် –
။။။ မှန်လှပါဘုရား - နှစ်ပြည့်တစ်ပြည် ဈာလမ်း ခွေလမ်း ပေါက်လိုပါသလျှင် - ရှလ ဒီမှ ဟွာတော်မင်းကြီးက - သူ၏ သမီးတော် အရှောအလှ ပန္နလမှို ကိုဆက် သလိုပါသောကြောင့် - လက်ခံတော်မူပါရန် ကြွလာလိုတော်မူသော - မင်္ဂလာ အခါတော် တောင်း ဆိုရန် - စေလွှတ်လိုက်ခြင်း ဖြစ်ကြောင်းပါဘုရား ။။။
။။။ ရှလနီ မင်းကြီး၏ လက်ဆောင်တော်များ သာမက - သမီးတော် ဓါးမျှော စပ်မှန် ရွေး ချယ်၍ ဆက်သလိုက်သော အထူး ရွှေများစွာ လက်ဆောင်များကို ဆက်သခွင့် ပြုတော်မူပါဘုရား ။။။
အဖြစ်ဆက်လော့ - ဟီဟိ - ဟိ - ငါကိုယ်တော်တိုင် ကြွလါ လက်ခံတော်မူမည်။ မင်္ဂလာ အခါတော် ရွေးရန် ပုရောဟိတ် ဆရာကြီး နှင့် မဟောသဓာတို့ တိုင်ပင် ရွေးချယ်ကြစေများ ။။။
ဟိ - ဟိ - - ဆရာ ပရောဟိတ်ကြီး များ ဧည့်ဝတ် ကျေကျေပွန်ပွန် ပြုကြစေများ...
မင်္ဂလာအခါတော်ရက်ချိန်းရ၍ကေးဝင့်ပုဏ္ဏားပြန်သွားသောအခါ
။။။ ခမည်းတော်၏ ရာဇဓမ္မ အမွေ့အမြစ်နှင့် - သားတော် ပထမ သွား၍ စိတ်ပူမှု များ ပြုလုပ်ခွင့် ပြုတော်မူပါဘုရား
အိမ်း - ကောင်းပေစွ - ကောင်းပေစွ - - - - သားတော်က ခမည်းတော် အလိုက် တယ်သိပေသကိုး - ဖွဲ ဖွဲ

# မဟောသဓဇာတ်တော်ကြီး


ဘုရင်ကြီးက မင်္ဂလာရေ့ပြေးအဖွဲ့အတွက် မဟောသဓ သဘောရှိလုပ်ပါဟု ခွင့်ပြုသဖြင့် ဗိုလ်ပါဆင်မြင်းနှင့်တကွ –
ထောင်ကြီးလေးခုကိုဖွင့်ပြီးထောင်သားများကို ထုတ်၍အလုပ်သမားတပ်ဖွဲ့ကာ –
မောင်မင်းတို့အား - ယနေ့မှစ၍ - လွတ်ငြိမ်းခွင့်ပေးမည်။ သို့သော် - ကျွန်ုပ်ထံတွင် - အမှုထမ်းကြရမည်။ ထိုက်သင့်သော ဆုလာဘ်များ ချီးမြှင့်မည်။
လက်သမား၊ ပန်းရံသမား၊ ပန်းဘဲသမား၊ ပန်းချီသမား၊ ပန်းပုသမား စသော အတတ်ပညာရှင်များနှင့်တကွ –
ပေါက်တူး၊ ပေါက်ပြား၊ ပုဆိန်၊ ပဲခွပ်၊ တူးရွင်း၊ လွှ စသော ပစ္စည်းကိရိယာအစုံယူစေလျက် –
တပ်ကြီးတစ်သယ်ရှစ်တပ်နှင့် ချီတက်သွားအံ့။
တစ်ယူဇနာလျှင် တစ်ရွာကျ စီစဉ်၍ အမတ်တစ်ယောက်စီ တာဝန်ယူရန် ချထားခဲ့အံ့။
… ခမည်းတော် ကြွမြန်းလာလျှင် ကျွန်ုပ်ရွာမှ ဆီးကြိုရန်လိုအပ်သော ဆင် မြင်း ရထား ရိက္ခာ စသည်တို့ကို စီစဉ်ပေးရန် တာဝန်ယူရမည် …
မှန်လှပါ


မဟောသဓသည် ခရီးဆက်လက်ထွက်ခွာရာ ဂင်္ဂါမြစ်တစ်ဖက်ကမ်းသို့ရောက်လျှင် -
အင်း - ဒီနေရာက ရှေ့ပိုင် သတ်ချင် မြှော်မှန်းရတွက် သွားရမည်
ကမ်းပါးမှ နှစ်ဂါဝုတ်သောနေရာသို့ရောက်လျှင် ပန္နက်အမှတ်အသားတစ်ခုရိုက်စေ၏။
ဒီနေရာအထိ လိုဏ်ခေါင်းဖောက် ရမယ်.....
ဒီနေရာမှာ မြို့သစ်လေး တည်ရမယ်
တစ်ဖန် ထိုအရပ်မှ စူဠနီဗြဟ္မဒတ်မင်းနန်းတော်အထိ တစ်ဂါဝုတ်ခန့် ဥမင်လမ်းဖောက်ရန် ထွက်ဆ၏။
မြို့ထဲဝင်စဉ်ကလည်း မြို့သူမြို့သားတို့သည် အုတ်အုတ်ကျက်ကျက်ထွက်ကြည့်ကြ၏။
မြန်မြန် လာလေ၊ မဟောသဓ လာသတဲ့
မဟောသဓတဲ့
မဟောသဓ အမတ်ကြီး ကြွလာသတဲ့
မဟောသဓသည် ရွှေနန်းတော်သို့ရောက်လျှင်
ဟိ - ဟိန်း - ငါတို့ အကြံ အောင်တော့မှာပါလား ---- ဟိ
သင့်မင်းကြီး မလာသေး - ပျော်ရွှင်စွာနေပါလော - မဟောသဓ ။ ငါ ကိုယ်တော်တို့ အတွက်လည်း လိုအပ်သလို စီမံဆောင်ရွက်လော...
မင်းကြီးများ.... မဟောသဓနှင့် သူ့လူများ အတွက် စားခုပ် ရိက္ခာ ဖူလုံစေများ...
အရှင်မင်းကြီး - ရွှေနန်းတော် တက်လာစနိုက လှေခါးခုံတွင် ဆိုးယွင်းမှုရှိကြောင်း တွေ့ရပါသည်။ ရွှေဘော်တော်အရှင်ပါက - မျှနိုဗြာများ ခင်းရှိ ပြုပြင်ရန် ခွင့်ပြုတော်မူပါ။
ပြင်စေများ ပြင်စေများ ဟဲ ဟဲ
ဒီမှာ - စက် ခလုပ်တွေ ဘာတွေ တတ်လို့ရမှာ





မဟောသဓသည် သစ်ဝါးများရလျှင် ဂင်္ဂါမြစ်ကမ်း၌ သစ်ခက်တဲနန်းဆောက်လုပ်၏။ မြစ်နှင့် နှစ်ဂါဝုတ်ဝေးသောနေရာတွင် မြို့လေးတစ်မြို့တည်၏။ တစ်ချိန်တည်း၌ပင် တဲနန်းမှ ဥပကာရီမြို့သစ်သို့လည်းကောင်း ထိုမြို့မှ စူဠနီမင်းနန်းတော်လှေကားသို့လည်းကောင်း ဥမင်တူးလေ၏။





ဥမင်ကြီးကိုတူးစဉ် တိုင်းသူပြည်သားတို့ မရိပ်မိစေရန်ရည်ရွယ်၍ တူးရသော မြေသားများကို သားရေအိပ်များဖြင့်ထည့်ကာ -



မြစ်ထဲသို့ချ၍ ဆင်ဖြင့်နင်းစေလေသည်။




ဥမင်ဘေးနံရံများကို အုတ်များဖြင့်စီပြီး အင်္ဂတေ
တို့ဖြင့် အချောကိုင်ကြ၏။
အထက်ဖက်ကလည်း ပျဉ်ပြားများဖြင့် မိုးကာ
မြေညက်လိမ်းဆေးဖြူသုတ်လျက် -
ပန်းချီ ပန်းပုရုပ်လုံးများဖြင့် မွမ်းမံထား၏။
ထိုဥမင်ကြီး၌ မှန်ပေါက်ကြီး နှစ်ခု၊
တံခါးပေါက် ရှစ်ဆယ်၊ တံခါးငယ် ခြောက်ဆယ့်
လေးခုတို့အပြင် ထိုအပေါက်များကို
တစ်ပြိုင်နက် ပိတ်နိုင်ဖွင့်နိုင်အောင် စက်ခလုတ်များ
တတ်ဆင် ထားလေသည်။

# မဟောသဓဇာတ်တော်ကြီး


ဥမင်ကြီးထဲတွင် မီးတိုင်များ၊ လေပေါက်များနှင့် တစ်ရာ့တစ်ပါးသောမင်းများအတွက်
အိပ်ခန်းများပါမကျန် ပြည့်စုံအောင် အချိန်လေးလ တိုင်တိုင်ယူ၍ တည်ဆောက်လေ၏။
မဟောသဓသည် ဝိဒေဟရာဇ်မင်းကြီးထံ အဆောက် တော်လွှတ်၍ ကြွလာရန် အချိန်ကျပြီဖြစ်ကြောင်း လျှောက်တင်လေရာ –
တစ်ယူဇနာရောက်တိုင်းမဟောသဓထားခဲ့သော အမတ်များက ရွာမှထွက်၍ ခရီးဦးကြိုပြုကာ လိုက်ပို့ကြသဖြင့်
ဂင်္ဂါမြစ်ကမ်း ကို ဖြတ်ကူးပြီးသစ်ခက်တဲနန်းမှတဆင့် ဥပကာရီမြို့သို့ ဆိုက်ရောက်လာ၏။
သခင်မင်းတို့ - သားတော် မဟောသဓ - စီမံ ထားတဲ့ဟာတွေ တယ်ခမ်းနား တာပဲ.
မှန်ပါ့ဘုရား၊ မဟောသဓ့ကုသလာ ပေါ်တယ် ပေါ်သေးသကိုး ဘုရား.
ထိုအချိန်ကျမှတဖန် မဟောသဓက စူဠနီဗြဟ္မဒတ် မင်းထံ တမန်တစ်ဦး စေလွှတ်လိုက်၏။
သံတော်ဦး တင်ပါသည်ဘုရား... ယခု အခါ- ဝိဒေဟရာဇ် မင်းကြီးသည် သမီးတော် ပဉ္စာလစန္ဒီ နှင့်လက်ထပ်ရန် ကြွရောက်လာပြီ ဖြစ်ကြောင်း ပါဘုရား....
ကောင်းမြတ်သော မင်္ဂလာ-အခါတော်ကို လျှောက်တင်လော...


မှန်လှပါဘုရား။ မင်္ဂလာအခါတော်သည် - ယနေ့ ညပင် - နက္ခတ်တာရာ ကောင်းများ ကြုံကြိုက်ကြောင်း လည်း မဟောသဓ အာယတ်က လျှောက်တင်လိုက်ကြောင်း ပါဘုရား။
အိမ်း - ကောင်းကမ္ဘာ ယနေ့ ညပင်လျှင် မင်္ဂလာ အဆိုသမီး ရှင်ကို ဆီးကြိုဆိုရန် ခေါ်မြန် ကြားလိုက်ပေလော...
သို့သော် အချိန်ကျရောက်သောအခါ၌ကား တစ်ရာ့တစ်ပါးသောမင်းတို့ကို ဆင့်ဆို၍ တစ်ဆယ့်ရှစ်ခေါဘဏီစစ်တပ်ကြီးဖြင့် ဥပကာရီ မြို့ကို အထပ်ထပ် ဝန်းရံလိုက်၏။
ထိုအကြောင်းကို သိလျှင် မဟောသဓသည် မိမိတပ်သားသုံးရာအား အမိန့်ချမှတ်၏။
××× ဥမင်လမ်းဖြင့် သွား၍ စူလနီ ဗြဟ္မဒတ် မင်းကြီး၏ မယ်တော်၊ မိဖုရား၊ သမီးတော်၊ သားတော် တို့ကို - ဥမင်လမ်း ဖြင့်ပင် အမြန်ခေါ်ခဲ့ကြ - ဥမင်ကြီးထဲ၌ ပင်လျှင် ငါတို့လာသည် တိုင်အောင် စောင့်ဆိုင်းထားရမည်။ ××××××××××××× ×××××××××××××
တပ်သားများသည် ဥမင်တွင်းမှသွား၍ နန်းတော်လှေကား ခုံရောက်လျှင် ခလုတ်ဖွင့်ပြီး -
အလျှိုလျှို တိတ်တဆိတ် တက်သွားကြပြီး
အိပ်ငိုက်ငေးမောနေသော အစောင့်များကို
အသံမထွက်အောင် လုပ်ကြံကြ၏။ ထို့နောက် ၎င်းတို့၏အဝတ်အစားများနှင့် လဲလှယ်ကြပြီးသော်
နန်းတွင်းသို့ အိခြေရရဝင်ပြီးလျှင် မှင်သေသေဖြင့် လှည့်ပြားလျှောက်ထားကြလေသည်။
××× မှန်လှပါ၊ ဝိဒေဟရာဇ်မင်းကြီး နှင့် မဟောသဓ တို့ကိုသတ်၍ ယခု ညပင် အောင်သေဆောင်ပွဲ ဆင်နွှဲမည်ဖြစ်၍ - မင်းဘုရားများအား - သံတော်ဦးတင်ရန် နှင့် တပါတည်း ဆောင်ကြဉ်းရန် - မင်းတရားကြီးက - အမိန့်တော် ချမှတ်လိုက် ကြောင်းပါ ဘုရား


မင်းလေးပါးတို့ကလည်း အကယ်ထင်မှတ်သဖြင့် မင်းလုလင်အတုများနှင့် ဝမ်းသာစွာလိုက်ခဲ့ကြ၏။
ကြွတော်မူပါဘုရား
ပန်းတွေများ
ထိုအချိန်၌ပင် ဥပကာရီမြို့သစ်ကလေးတွင် ဝိဒေဟရာဇ်မင်းကြီးသည် စစ်တပ်ကြီးကိုမြင်လျှင်
သား - သားတော် - မဟော် - - - ဒီဘေးက - မ - မကယ် နိုင်တော့ဘူးလား - - - ဟော..
ဥမင်ဟုဆိုလိုက်ရာ သေးငယ်သောမြေဂူကလေးဟု ထင်၍ ပေါင်းထုပ် ဝတ်ရုံများချွတ်ပစ်ပြီး ခါးတောင်းကျိုက်နေကြသဖြင့် –
ကျုပ်တို့ကို အဘယ်နည်းလမ်းဖြင့် ခေါ်ဆောင် မလိုလဲ - မင်းမဟော်ရဲ့ - ဟဲ့ဟဲ့
ဥမင်လမ်းဖြင့် ခေါ်ဆောင်ပါမည်


ဝိဒေဟရာဇ်မင်းကြီး ဥမင်ထဲကြွလာကြောင်းသိလျှင်
ခေါ်ဆောင်လာသောအဖွဲ့က မင်းလေးပါးအား ဥမင်အပြင် ဂင်္ဂါမြစ်ကမ်းပါးရှိ မင်းကွန်းပေါ်၌ နေစေလေသည်။
ခမည်းတော်ဘုရား က - ဘယ်ဒေသမှာလဲ
ကြောင်းပါဘုရား
များမကြာမီ ဝိဒေဟရာဇ်မင်းကြီးနှင့် မဟောသဓတို့ ထွက်လာကြမှရန်သူလက်တွင်းရောက်နေကြောင်း ရိပ်မိပြီး အော်ဟစ် ငိုကြွေးကြလေ၏။
ရန်သူ့လက်ထဲ ရောက်နေ ပါပကော
ဟင်
ဘုရား ဘုရား
မင်းကြီးနှင့် မဟောသဓတို့ကို ဝိုင်းထားသော စစ်တပ်တစ်နေရာတွင် စူဠနီဗြဟ္မဒတ်မင်းလည်း ရှိနေ၏။ အသံလိုလိုကြား၍-
အင့် ဟင်.....
သားတော် ဘာသံ
ကြား လိုက် သလိုလိုပဲ။
ဟုတ်နိုင်ပါဘူးလေ....
မဟောသဓသည် ပဉ္စာလစန္ဒီမင်းသမီးကို ဝိဒေဟရာဇ်မင်းကြီးနှင့် လက်ထပ်၍ ဘိသိတ် သွန်းပေးလိုက်ပြီး-
အရှင်မင်းကြီးဘုရား -
စန္ဒီ မင်းသမီး ကို - မိဖုရား
အရာထား လျှင် - ကျွန်
မင်းသုံး ပါး ကိုလည်း
တော်စပ်လာသလို
ယောက်ဖ တော်
ဟုမှတ်ရပါမည်ဘုရား
အိမ်း - ကောင်းကွပြီ
ထို့နောက် ဂင်္ဂါမြစ်ကို ဖြတ်ကူးရန် လှေပေါ်သို့ ပို့ပေးလိုက်လျှင် -
ချစ်သား မဟော် - လှေပေါ်တက်လော။ အဘယ်ကြောင့် ဆိုင်းတွ နေရသနည်း။
များ ကို - ရန်သူ့လက်မှ
လွတ်မြောက်အောင် တာဝန်
ကျန်နေပါသေးသည်ဘုရား

# မဟောသဓဇာတ်တော်ကြီး


မဟောသဓသည် ဂင်္ဂါမြစ်ကမ်းမှ ပြန်လာပြီး အမြဲလွယ်ထားသော သံလျက်ကို ဥမင်တံခါးဝရှိ သဲပုံထဲတွင် အမှတ်တမဲ့ မြှုပ်ခဲ့ပြီး၊
ဥမင်ထဲသို့ပြန်ဝင်၍ စိတ်ချလက်ချအိပ်လိုက်၏။
နံနက်မိုးသောက်သောအခါ စူဠနီဗြဟ္မဒတ်မင်းသည် ဥပကာရီမြို့ကို ဖြိုဖျက်တိုက်ခိုက်ရန် စစ်မိန့်ပေး၍ ချဉ်းကပ်လာတော့၏။
ဝဲ တောင်ပံ ...... ဖြန့်။
ယာတောင်ပံ ..... ဖြန့်။
မြင့် ....
ချီ ......
..... တက်
ထိုအချိန်၌ မဟောသဓအား နန်းပြာသာဒ်ထက်တွင် ရန်သူဘုရင်မြင်သာအောင် လျှောက်ပြနေ၏။
ရန်သူဘုရင် နန်းပြာသာဒ်သို့နီးလာလျှင်
ဟယ်......
မဟောသဓ၊ သေရအံ့ဆဲဆဲ
ဘာပရိယာယ်များသုံး
လို့သေး သနည်း....
ဟဲ
ဟဲ..
ဟဲ...
အသင်မင်းကြီးတို့
အကြံကိုစောစွာ
ကပင် သိပြီး
ဖြစ်သည်။


မဟောသဓာက အလွန်ရဲရင့်စွာ ပြောနေသဖြင့်
ဟေ... ဆိုပြောတာ ဟုတ်ချင်လဲ ဟုတ်နေမှာ- တခါကလဲ- ငါတို့စစ်တပ်ကြီး ဖရိုဖရဲပြေးခဲ့ရတယ်- ဒီ မဟောသဓာဘဲ အကြံပေးနေတာ... ဒီတော့- ဝိဒေဟရာဇ်မင်းနှင့် မဟောသဓာ နှစ်ယောက်အပေါ် ပေးရမယ့် အမြစ်နက်တွေကို ပေါင်းပြီး ဒီ မဟောသဓာ တယောက်ထဲပေါ် ခတ်မှ ဖြစ်တော့မယ်××××
ဤသို့တွေးမိပြီး ရာဇသံပေးလေတော့၏။
မဟောသဓာကို- လက်၊ ခြေ၊ နား၊ နှာခေါင်းတွေ ဖြတ်၊ အမဲဖျက်သလို ဖျက်၊ အသားကို တံရှိုထိုးပြီး ကင်ရမယ်။ ဒင်းကို သံမှိုနဲ့ ကါးကြက် ပြီး- ငါကိုယ်တိုင်- သံလျက်နဲ့ သတ်မယ်ဟေ့...
ဟားဟား ဟားဟား××× အရှင်မင်းကြီး- အကျွန်ုပ်အား ဤသို့ ပြုလုပ်ပါက- ဝိဒေဟရာဇ်မင်းကြီးကို အရှင်မင်းကြီး၏ မယ်တော်၊ မိဖုရား၊ သမီးတော်၊ သားတော် တို့ပေး အပ်ပြီး သည့်နှင့်အညီ မင်းလေးပါးကိုလည်း ဤ အတိုင်း ပြုလုပ်ရန် ကတိထားပြီး ဖြစ်သည်ကို မသိသလော××× ဟားဟား ဟားဟား
ထိုအခါ စူလနီမင်းကြီးက တွေးပြန်၏။
ဟိုက်- နေအုံး- အဲ- ညက- သားတော်ငို သံလိုလို ကြားတာ--- အရုံး-အရုံး ဟုတ်များ နေရော့သလား
ဟဲ့- မိဖုရားကြီး နန်းတော်သို့ အမြန်သွားပြီး--- မင်းလေးပါး -ရှိ- မရှိ- သံတော်ဦး တင်စေ×××
ခြေမြန်တော်ရောက်လာ၍ မင်းလေးပါးမရှိတော့ကြောင်း မှန်ကန်သည်ဟု လျှောက်တင်ထားလျှင် လွန်စွာဒေါသထွက်နေ၍ -
ဒင်း- ရာဇဝတ်ကြီး လွန်ကဲပြီ ဖြစ်လို့ ရာဇဝတ်လို့များ ငါကို ဖိုက်မဲ့စွာ နိုပ်စက်ယင်- ခေါ်ချေမည်။ မိဖုရားကြီးကို သတ်ရအောင် စိတ်ပြောင်းစေမှ တော်ချေမည်×× ×××××××× ×××××
အရှင် မင်းကြီး ×××××
တော်က်


××××ကောင်းမြင်းအင်္ဂါ လက္ခဏာ ဟူသမျှ နှင့် ပြည့်စုံသော××× ရွှေသား အင်ပျဉ်ပမာ ဖြူပြစ်သော တင်ဆုံ ရှိသော××× အစာရှာထွက်သည့် ရွှေဟင်္သာမ လေး၏ တွန့်ကျူးသံ ပမာ သာယာချိုအေးသည့် အသံ ရှိသော နန္ဒာဒေဝီ မဟာသိ မိန်းမမြတ်သည် - ဥမင် ဂူလမ်းမှ ကြွသွားတော်မူ ပါသည်××××
××× အရှင်မင်းကြီး - ရွှေဖြည့်ထိုးထားသည့် ဖိုးထည်၊ ရွှေခါးစည်းကြိုး၊ ဝတ်ဆင်လျက်×× ထိဝင်းလှပသော×× အသားဖြူမွေ့သော××× ညီညာသော သွား××× အချိုးကျသော အရိုးအဆစ် ××× ပိတုန်းရောင်ကေသာ ×××နီကြာသော နှုတ်ခမ်း ××× နီတွေးသော ဖဝါး×× ဝင်းဝင်းတောက်သော မျက်လုံး×× အရွယ်တင် လှသော××× မိဖုရား ကြီး ပါပေတကား×××
တွေ့ရတာ ဝမ်းသာလိုက်တာ အမတ်ကြီး။ ကဝိကြီးအကျော်ကြားလှသော - ပညာကါး-သင်၏ အသဲနှလုံး ပင် မဟုတ်လော။
မှန်ပေတော့ - မိဖုရားကြီး - ပညာသား ပါသော စကားကို မိန့်ပေသကိုး ... သာရ - သာရ ...
ကျွန်ုပ်သို့ဆိုလျှင် - အားတော်ရှိသော - တရားရှေ့အား ယခုပင် ကိုက်ကျွေး ပါလော့။
မိဖုရားကြီး - ယခုလို ရွှေနန်းစည်းစိမ်ကို - အလကားခံစားရသည်မဟုတ်။ ကြိုးစားခဲ့သော ကောင်းမှုကြောင့်ရသည်မဟုတ်လော။ ထို့ကြောင့် ကောင်းမှုတရားကို ယခုဘဝ တွင်လည်း ဆက်လုပ်ပါမှ - ရှာလာမည့် ဘဝများတွင် - ကောင်းကျိုး ဆက်မည်။
။ သို့သော် - အမတ်မင်း ... ကျွန်ုပ်နဂါး မြည်၍ - အလှူဒါန မှုရန် - အလှူခံ ရဟန်း - ပုဏ္ဏားများ မရှိ၍ အခက်ကြုံနေရသည်။
မိဖုရားကြီး။ တိုင်းသူပြည်သား - သက်ကြီး သက်ငယ်တို့အား - ဒေါသမထား - မေတ္တာပွားမျှ၍ အုပ်ချုပ်လျှင်လည်း ကောင်းမှုမြောက် မျှ ကောင်းကျိုးရောက် ပါသည်။
မိဖုရားကြီးသာမက နဂါးမင်းကြီးပါ သဘောကျသဖြင့် ဝိဓူရအမတ်အား ပစ္စည်းမျိုးစုံဖြင့် ပူဇော်၍ တရားဆက်လက်ဟောစေသည်။
မိဖုရားကြီးလည်း ကျန်းမာလာပြီးလျှင်--
ပုဏ္ဏကနတ်ဘီလူးနှင့် သမီးတော်ဣရန္ဒတီကို ထိမ်းမြားပေးလိုက်လေသည်။
ပုဏ္ဏကသည် ဣရန္ဒတီကို ခေါ်၍ ဝိဓူရပညာရှိ အမတ်အား တိုင်းတော်ပြည်တော်သို့ ပြန်ပို့လိုက်လေသတည်။
ပြီးပါ

# ဝေဿန္တရာဇာတ်တော်ကြီး


တေ၊ဇ၊သု၊နေ၊မ၊
ဘူ၊စန်၊နာ၊ဝိ၊ဝေ၊
ဟူသော စကားထဲမှ
ဒသမ တလုံးဖြစ်သော
ဝေ ဆိုသည်မှာ
ဝေဿန္တရာမင်းကြီး
ဘဝအကြောင်းကို
ဆိုလိုသည်။
မဒ္ဒရာဇ်မင်းနှင့် မိဖုရားကြီး၏ သမီးတော်
ဖုသသတီသည် ရှေးဆုတောင်းပြည့်သောကြောင့်
မွေးစကာပင် ရနံ့မွှေးကြိုင်လေသည်။
အရွယ်ရောက်သောအခါ၌လည်း၊မွှေးကြိုင်မြဲ
မွှေးကြိုင်၍ အလွန်လှပ တင့်တယ်ပေသည်။
ထိုဖုသသတီမင်းသမီးနှင့် သိဥ္စည်းမင်းသားတို့
ထိမ်းမြားလက်ထပ် လိုက်ပြီးနောက်–
ခမည်းတော် သိဝိမင်းကြီးက သိဥ္စည်းမင်းသားကို
ထီးမွေနန်းမွေပါပေးအပ်သဖြင့်–
ဖုသသတီသည် တောင်ညာစံဒေဝီ ဖြစ်လာ၏။
တစ်နေ့သော် မိဖုရားကြီးသည် ရွှေမြို့တော်ကို
လှည့်လည်ကြည့်ရှုလိုသော ဆန္ဒရှိသဖြင့်
အခြွေအရံများရံလျက် လှည့်လည်လေ၏။


ကုန်သည်များသွားလမ်းသို့ရောက်လျှင် မိဖုရားကြီး
သည် ရုတ်တရက် ဗိုက်နာလာပြီး လမ်းမပေါ်တွင်ပင်
သားတော်တစ်ပါးဖွားမြင်၏။
ထိုသို့ လမ်းပေါ်တွင် မွေးသောကြောင့်
ထိုခေတ်သုံးသော စကားဖြင့် (ဝေဿန္တရာ)ဟု
အမည်ပေးလေသည်။
ဝေဿန္တရာ
ထိုည၌ ကောင်းကင်တွင် ထိုအခါက ကျက်စား
နေသော ဆင်ပျံတစ်ကောင်သည် ဆင်ဖြူလေး
တစ်ကောင်ကို ချီလာကာ ရွှေနန်းတော်
ဆင်တင်းကုတ်၌ ချထားခဲ့လေသည်။
သိဥ္စည်းမင်းကြီးက ဘုန်းရှင်ကံရှင်ဖြစ်သော
သားတော်ဝေဿန္တရာအား အဖိုးထိုက်တန်သော
လည်ဆွဲတန်ဆာကို ဆင်မြန်းစေ၏။
ငါးနှစ်သားအရွယ်ရောက်သောအခါ
မင်းသားလေးက လည်ဆွဲကိုချွတ်၍ အထိန်း
တော်အား ပေးလေ၏။
ရော့-အထိန်း
တော်ကြီး -
ယူလော့


အထိန်းတော်လည်း မယူဝံ့၍ မင်းကြီးထံ အကျိုးအကြောင်းလျှောက်တင်လေသော်
..ကိုယ်တော်လေးက - မယူမနေရအမိန့်ဖြင့် လည်ဆွဲတန်ဆာကိုပေးသဖြင့် - အဘုရားထံ လာဆက်သ ကြောင်းပါဘုရား..
ငါ၏ သားတော် ပေးလျှင် အပိုင်ယူ ခွင့်ပြုသည် - အထိန်းတော် ....
မှန်လှပါ ဘုရား
ထိုသို့ မိန့်တော်မူပြီး သာ၍ကောင်းသော လည်ဆွဲအသစ်တစ်ကုံးဆင်စေ၏။
ဤသို့ဖြင့် မင်းသားလေးသည် လည်ဆွဲကို ဆုအဖြစ် ကိုးကြိမ်တိတိလှူလေသည်။
ဝေဿန္တရာမင်းသားသည် ရှစ်နှစ်အရွယ်သို့ ရောက်လျှင် တွေးတောနေမိ၏။
..လည်ဆွဲတန်ဆာလို အပ ပစ္စည်းတွေ လှူရတာ - ရှုံ့အားတော် မရလိုက်ဘူး.... တစ်ခုတစ်ယောက် သာ - အလှူလာခံလျှင်......
..ငါ့မျက်စိ များကိုရင်း ငါ့ အသွေး - ငါ့ အသား များကိုရင်း
ငါ့ ဦးခေါင်းကိုပင်ရင်း လှူလိုက်ရန် အာသာတော် မြင်းပြလိုက်တာ....
...သို့တည်းမဟုတ်.. ကျေးကျွန် အဖြစ် အလှူခံအံ့... ငါသည် ကျွန်အဖြစ် လိုက်သွားမည်တည်း


ထိုသို့အကြံပြုနေစဉ် ရွှေမြို့တော်တွင် ထူးဆန်းစွာ ရောင်တုန်လှုပ်လေသည်။
အသက်ဆယ့်ခြောက်နှစ်ပြည့်သောအခါ မယ်မဒ္ဒီမင်းသမီးနှင့် ရွှေလက်တော်ဆက်၍ ထိမ်းမြားမင်္ဂလာပြုလေသည်။
ထိုမျှမကသေး၊ ထီးနန်းအရိုက်အရာကိုပါ အပ်နှင်းခြင်းခံရလေသည်။
မင်းဖြစ်လျှင် ဝေဿန္တရာသည် အလှူမဏ္ဍပ် ခြောက်ဆောင် ဆောက်စေ၏။ နန်းတွင်း၌ တစ်ဆောင်၊ မြို့လယ်၌တစ်ဆောင်၊ မြို့တံခါးလေးခု၌ တစ်ဆောင်စီဖြစ်၏။
ခြောက်သိန်းတန် တန်ဘိုးရှိသော ပစ္စည်းများကိုလည်း နေ့စဉ်နေ့တိုင်း လှူလေသည်။
ရော့-ရော့ ယူသွား ပါအုံး
နောင်အခါ သားတော် ဇာလီနှင့် သမီးတော် ကဏှာဇိန်တို့ကို မွေးဖွား၏။
နှမတော် ကဏှာဇိန်
နောင်တော် ဇာလီ

# ဝေဿန္တရာဇာတ်တော်ကြီး



ထိုနှစ်တွင် ကလိင်္ဂရာဇ်တိုင်း၌ မိုးခေါင်၍ သီးနှံများ မအောင်မြင်သဖြင့် ငတ်မွတ်ကြ၏။
ကလိင်္ဂရာဇ်မင်းကြီးလည်း၊ ထုံးစံအတိုင်း မိုးရွာစေရန်၊ ခုနစ်ရက်တိုင်တိုင် အဓိဋ္ဌာန်ပြု၍ ဥပုသ်ဝင်တော်မူသည်။
သို့သော် မိုးမရွာပေ။
အရပ်မလေ့အတိုင်းလည်း၊ နတ်ပသကာ လွန်ဆွဲပွဲများပြုလုပ်စေ၏။
သို့သော် မိုးမရွာချေ။
ထိုအခါ မင်းကြီးက၊ ပညာရှိပုရောဟိတ် ပုဏ္ဏားများကို ဆင့်ခေါ်၍ တိုင်ပင်တော်မူ၏။
။။ ယခုလို ဆက်ပြီး မိုးမရွာဘဲ နေလျှင်.. လူ သတ္တဝါများ မုချ ပျက်စီးကြကုန် အံ့.... သာမန်နည်းဖြင့်လည်း မရတော့ သဖြင့်.. အဘယ်သို့ကြံကြ မည်နည်း
။။ မှန်လှပါဘုရား။ ဆင်ဖြူတော်များရှိသော အရပ်များ၌ မိုးမှန်ကြောင်း၊ စာပေကျမ်း ဂန်များတွင်.. အထင်အလင်း ညွှန်းထားကြောင်း ပါဘုရား
အိမ်း.. ကောင်းပြီ.. ဆင်ဖြူတော်.. ဘယ်မှာများ ရှိနိုင်သည် ကို.. အကျိုးအကြောင်းဖြင့်.. ညွှန်ကြကုန်လော့
မှန်လှပါ သိဝိတိုင်း တွင်ရှိကြောင်းပါ။ မင်းကြီး ဝေဿန္တရာလည်း.. အလှူပေးရက် ရောသည်ဟု ကျော်ကြားနေကြောင်းပါဘုရား
အိမ်း... မင်္ဂလာရှိသော သတင်းကြီးပါကလား.... ပညာရှိ ကဝိဆရာဝန်.. မှန်သို့ဆိုလျှင်.. ပုရောဟိတ် ကြီးများကိုယ်တိုင်.. သွား၍ တိုင်းတော် မည်သော် ချက်ချင်း ရောက် နေပုံကို သွားလော့ အောင်.. တင်လျှောက်ပြီး.. ဆင်ဖြူတော်ကို အလှူခံတန်ခိုးအေရွာများတန်ငွားရန် လိုက်သည် ဆောင်ရွက်ကြစေဖျား ×××


ဝေဿန္တရာမင်းသည် ဆင်ဖြူတော်ကိုစီး၍ အလှူတော်မဏ္ဍပ်များကို လှည့်လည်ကြည့်ရှုနေစဉ်...
ပုဏ္ဏားရှစ်ယောက်ရောက်လာပြီး
ကယ်တော်မူပါဘုရား - ကယ်တော်မူပါ
ကာလိင်္ဂရာဇ် တိုင်းတွင်း...
ဆင်ဦးစီး - ရပ်စမ်း
မှန်ပါဘုရား
... မိုးခေါင်ရေရှားနေ၍ - ငတ်မွတ်သောဘေးဆိုးကြီး ဆိုက်နေကြောင်းပါဘုရား။ ကျွန်ုပ်တို့အား ဆင်ဖြူတော်သာ လှူပါ မိုးမှန်လာပါမည်ဘုရား။ သို့ပါ၍ ဆင်ဖြူတော်ကို လှူနိုင်တော်မူပါက - လှူတော်မူပါရန် အသနားတော်ခံပါသည်။ လှူ သဗ္ဗညုတ အမြောက်အမြား၊ ဤအသက်ကို-ကယ်တင်မည့် အလှူတော်မြတ်ကြောင်းပါ အရှင်မြတ်ဘုရား...
ဝေဿန္တရာမင်းကြီးသည် ဆင်ဖြူတော်သာမက၊ ဆင်ကကြီးတန်ဆာပါရှု၍ ဆင်ဦးစီးကိုပါ ခေတ္တ ငှားလိုက်သေး၏။
... သစ္စာကြည်ဖြူ လှူတော်မူသည်၊ နတ်လူသာဓု ခေါ်စေသောဝ်
ထိုအခိုက် မဟာပထဝီမြေကြီးသည် တော်လဲကာ လျှင်ဆတ်ဆတ် လှုပ်လေသည်။
ဤသို့ ဆင်ဖြူတော်ကိုပင် လှူကြောင်း သတင်းပျံ့သွားလျှင် တိုင်းသူပြည်သားများသည် မင်းကြီးကို အလွန်ဒေါသထွက်ကုန်၏။
ဆင်ဖြူတော်ကို လှူတယ် ဆိုပါလား
နတ်ပေးတဲ့ ဆင်ဖြူတော် ဘာကြောင့် လှူရတာလဲ
အလိုမရှိ အလိုမရှိ
ဆူပူနေသည်ကိုကြားရ၍ ခမည်းတော် သိဝိမင်းကြီး ထွက်ကြည့်ရာ-
အို... တိုင်းသူပြည်သား လူအများ၊ တို့... အဘယ်ကိစ္စကြောင့် ကျွန်ုပ်၏ နန်းရှေ့ ရောက်ကြသနည်း၊
အရှင်မင်းကြီး - သားတော် ဝေဿန္တရာ ဘုရင်သည် - ဆင်ဖြူတော်ကိုပင် လှူပစ်လေပြီ။ ထို့ကြောင့် သားတော်ကို - တိုင်းပြည်မှ နှင်ပစ်ပါ။ မနှင်နိုင်ပါက - အရှင်မင်း ပါ တိုင်းပြည်ကို စွန့်ခွာ တော်မူပါ...


ဝေသန္တရာမင်းနှင့် ဖွားဘက်တော်များသည် ကြီးကျယ်သော ဆင်ဖြူတော်အလှူအတွက် ဝမ်းမြောက်ဝမ်းသာရှိနေကြ၏။
ဟဲ-ဟဲ-ဟဲ
ထိုသို့အလှူအတွက် ပီတိဖြစ်နေစဉ်ခမည်းတော်ကြီးလွှတ်လိုက်သော မင်းလုလင် အခစားဝင်လာပြီး ဒိုယိုကာ တင်လျှောက်၏။
ထိုအခါ ဝေသန္တရာမင်းသည်၊ သူ့ခံယူချက်ကို ထုတ်ဖော်မြွက်ဟ၏။
ထိုသို့ပြော၍ မိဖုရားခေါင်ကြီး မယ်မဒ္ဒီထံသို့ ကြွချီတော်မူသွားပြီး–


……သားတော် - ဘာလီ နှင့်သမီးတော် ဂဏ္ဍာကိန် တို့ကို - ခါတိုင်းထက် ပိုမို ချစ်ခင်ပါ……
……ယောက္ခမတော်များကိုလဲ ခါတိုင်းထက် ရိုသေပါ……
……မောင်တော် မရှိချင်……
ဟင် - မောင်တော်.. ဘာတွေ လျှောက် ပြောနေ ပါလဲ ဘုရား
ဘုရင် အရင့်အမာ ဖြစ်ပေမယ့်××× ယနေ့ ဆင်ဖြူတော်လှူလို့တဲ့ - နန်း စွန့်ကာ ဖြိုင်ရပ်ကို သွားဘို့ ×××××
××လျှောက်ထား တောင်းဆိုပြီ လေ။ ခမည်း တော်ကလဲ လက်ခံလိုက်ပြီ×××
မောင်တော်ကလဲ သဘောတူလိုက်ပြီ××× သားရဲတိရစ္ဆာန် ပေါတဲ့ ဖြိုင်တောကြီးကို သွားရောက် နေထိုင်ရတော့မယ် ×××
ဒီတော့ - နှမတော်×××
အလို ဘုရား ဖြစ်မှဖြစ် ရပလေ
ဒီလိုဘဝမျိုးရောက် မှတော့.. ဘာသဲ ဖြစ်ဖြစ်.. ဘုရားနှမလဲ သေအတူ ရှင်အတူ လိုက်ခဲ့ မှာဘဲ ဘုရား
ဘယ်ဖြစ်ပါ့မလဲ နှမတော်ရဲ့

# ဝေဿန္တရာဇာတ်တော်ကြီး


မောင်တော် မင်းကြီး ဘုရား
တွေ့ကြွင်းရ မှာထက်
သေတာကမှ မြတ်အုံး
မယ်ဘုရား ။
သားတော် သမီးတော်လေး
တွေပါ ခေါ်ပြီး - မင်းကြီး
နောက်က - တကောက်
ကောက် လိုက်ခဲ့
မှာဘဲဘုရား ။
××× ကလေးတွေဟာ - ဟိမဝန္တာ တောတောင်
ရှုခင်းများကို မြင်ရပြီး ပျော်ရွှင်နေကြမှာ
ပါဘဲဘုရား ×××
××× သစ်တို့လေး
တွေ ဟိလာမှလဲ..
မောင်တော်
မင်းကြီး
ရွှေနန်းတော်
ကြီးကို
မေ့ပစ်လို
ရတော့မှ
မှာပါ
ဘုရား — ××××
တော
သတ္တဝါ
လေးများ
ပြုံးနေ
သည်
ကိုရှင်း
××××
ရေတံခွန်များ - ကိန္နရာ - ကိန္နရီများကို ရှင်း
ဥဒေါင်းများ
ကနေကြသည်
ကိုရှင်း ×××


×××ပန်းနိုင် - ပန်းမွှန်များ
ကိုငုံ - တွေ့လျှင်×××
××× သားတော် - သမီးတော်လေးများဟာ
ရှုခန်းတော်ကိုမေ့လျော့ပြီး - ကျေနပ်
နေကြမှာပါဘုရား ×××
ထိုအခိုက် မယ်တော် ဖုသသတီသည်သတင်းကြား၍ သားတော်ထံ အမြန်ကြွသွား၏။
ဒုံးစိုင်းလိုက်စမ်း
ရောက်လျှင် သားတော်နှင့် ချွေးမတော်တို့ ပြောနေကြသော စကားကိုကြားရာ ဖြေမဆည်နိုင်တော့ဘဲ ငိုပွဲဆင်မိလေတော့သည်။
×× သားတော်ဟာ - အလှူခံနေပြတော ဘာအပြစ်မှ ရှိတာမှ မဟုတ်ဘဲ မယ်တော် ကိုယ်တိုင် ခမည်း တော်ကြီးထံ အယူခံ သွားဝင်ပါအုံးမယ်.. စိတ် တင်း ထားကြပါအုံး သားတော်တို့ရဲ့
ထိုကိစ္စကို သွားရောက်ဆွေးနွေးလျှင်
ဖိုဖုရားကြီး - ဖုသသတီ ..........နှမ်းစဉ်ခန်းဆက် ရှေးထုံးစဉ်လာအရ ... တိုင်းသူပြည်သားများက တညီတညွတ်တည်း တောင်းဆိုလာခဲ့လျှင် - ရှင်ဘွေးတော် ပင် ဖြစ်လင့်ကစား လိုက်လျော ခဲ့ကြရတယ် ကွဲ့×××××




တရားနဲ့သာ ဖြေတော့ - ဘိုးဖုရား ကြီးရယ်...
နောက်တစ်နေ့တွင် ဝေဿန္တရာမင်းသည် နောက်ဆုံး နန်းတွင်းအလှူအနေဖြင့် ခုနစ်ရာ ခုနစ်လီ အလှူတော်ကြီး ပေး၏။
ခုနစ်ရာ ခုနစ်လီ အလှူ
အစားအသောက်ဆိုလည်း စုံစုံလင်လင်၊
အဝတ်အထည်ဆိုလည်းလိုလေသေးမရှိ၊
ယုတ်စွအဆုံး၊ ကောင်းကျိုးမပေးမည့်သေရည် ကိုပင် အလိုရှိပါက လှူစေလေသည်။


ထိုမျှမကသေး လှူဖွယ်များတွင်–
ဆင် ခုနစ်ရာ၊ မြင်း ခုနစ်ရာ၊
နွားလားဥသဘ ခုနစ်ရာ၊
နို့စား
နို့စားနွားမခုနစ်ရာ၊ ကျွဲခုနစ်ရာ၊ ဆိတ်ခုနစ်ရာ
ဒါ . နောက်ဆုံး အလှူ တဲ့
မှစ၍ လှူဖွယ်ပစ္စည်းခုနစ်မျိုးကို ခုနစ်ရာစီ စီမံ၍ အယုတ်၊ အလတ်၊ အမြတ်မရွေး အရပ်လေးမျက်နှာမှ လာသောလူမျိုးစုံကို လှူဒါန်းလေသည်။
ဤကဲ့သို့ အလှူကြီး ပေးရသော အကျိုးကြောင့် သဗ္ဗညုတဉာဏ် ကိုရ၍ နိဗ္ဗာန် ရွှေမြည် မြို့သို့ ရောက်ရပါလို၏ ဘုရား
ဤသို့ ဆုမွန်တောင်းလေလျှင်–
မဟာပထဝီမြေကြီးသည် သိမ့်သိမ့်တုန် မြည်ဟီး၍ ကောင်းချီးပေးလေ၏။

# ဝေဿန္တရာဇာတ်တော်ကြီး


ထိုညဉ့်—
သားတော်သည် ဘုရင်တဆူအနေဖြင့် အလှူများ ပေးပြီးပါပြီ။ တမိုးသောက်၍ အလင်းရောက်လျှင်... သားမှန် အရပ်သား တယောက်အနေဖြင့် ဟိမဝန္တာဖြိုင်ရပ်သို့ ပြည်သူများဆန္ဒအရ ထွက်ရတော့မည်ဖြစ်၍နောက်ဆုံး ဂါရဝပြုပါသည် ဖခမည်းတော်ဘုရား။......
တစ်ဖန် မယ်တော်ဖုဿတီကို ကန်တော့ပြီး
မယ်တော်ဘုရား- သားတော်သည် တောတွင်းသို့ ရဟန်းပြုရန် ပါလို့- တရားတော်အရ- ခွင့်ပြုချက် လိုပါသောကြောင့် ... သားတော်ကို ခွင့်ပြုပါဘုရား
ကောင်းကောင်းနပ်နပ်ကြီး ခွင့်ပြုပါတယ်-သားတော် ရယ်×××××× မယ်မဒ္ဒီနဲ့ မြေးတော်များကိုတော့ ဤနန်းတော်မှာဘဲ စံပျော်စေပါတော့ကွယ်...
ဒါကတော့- သူ့သဘောအတိုင်း ဆုံးဖြတ်ခွင့်ပေး သင့်ပါတယ် ဘုရား...
လိုက်မှာဘဲ- ကလေးတွေပါ လိုက်မှာဘဲဘုရား
ထိုအခါ ခမည်းတော်ကြီးက မိန့်တော်မူ၏။
ဟယ်... မယ်မဒ္ဒီ.... မြေးတော်တွေ ခေါ်သွားလို့ ဘယ်ဖြစ်ပါမလဲ×××× အနေချောင်ခဲ့သော အမြဲ လိမ်းချယ်နေကျ လေးတွေဆိုတော့......
နွံထဲ-ဗွက်ထဲ-မုန်ထဲ မြက်ထဲ- ဘယ်နေ နေတတ်ကြပါ့မလဲ××××××××××
××ပိုး-ဖဲ-ကတ္တီပါ-ရွှေသား တန်ဆာဆင်ယင်နေကျဟာ တောထဲ ...ဘာမှ တာမှ မဟုတ်ကဘဲ ××××


မှန်လှပါတုရား...သျှီးတော် အလိုဆန္ဒက တော့-တကွဲတပြား နေရမှာထက်-ခုကွဲတယ် ဆိုပြင်များများ-ရောက်ရာဒေသမှာ-ဖောင်မယ် ဖွားရှာတော့ ခံနေလို့ကြောင်းပါဘုရား
ခမည်းတော်ကြီး ဆက်လက်၍-
ချွေးမတော်-မယ်မဒ္ဒီ... တောကြီး မျက်မဲဆိုတာ- မြွေ၊ ခြင်၊ ယင်၊ သန်း၊ ပိုးမွှား မြွန်းပါဘိသနဲ့ ×××
××× သမင် တကောင်လုံးကိုပင်-မျိုချစား သောက်နိုင်တဲ့-စပါးကြီးမြွေတွေလဲ ရှိသကွဲ ×××××
×××ယောက်ျား ကြီးများပင် ဖြေး၍မလွတ် နိုင်တဲ့ လူဝံကြီး များလဲ ရှိလေရဲ့ ××××× ×××
×××ဦးချိုကားလျားကြီးတွေနဲ့-တော ကျွဲရိုင်းအုပ် ကြီးတွေလဲ ရှိသေးသကွဲ××× ××
××× ရွှေနန်းတော်တွင်းမှာပင်-တခါတရံ ကြားရတဲ့-ဒီးကွက်အော်သံကိုတောင် အသိတ်တလန့် မြစ်သေး လျှင် ××××××× ××××
ဒီးကွက်
ဒီးကွက်
ကွက် ကွက် ကွက် ကွက်


ထိုသို့ အပြန်အလှန် အကိုးအကားပြကာ လိုက်သွားသင့် မသင့် ပြောဆိုနေကြရင်း မိုးလင်းလာ၍ ရထားဆိုက်ရောက်လာ သဖြင့် မယ်မဒ္ဒီကပင် ဦးစွာတက်လိုက်လေသည်။
နန်းတွင်းသူများလည်း ရထားနောက်မှ ခြေလျင် လိုက်ပို့ကြလေသည်။
မြို့အစွန် တောစပ်သို့ရောက်သောအခါ ဝေဿန္တရာမင်းက ရထားဦးထိပ်မှ မြင်းဇက်ကြိုးနှင့် နှင်တံကိုယူလိုက်ပြီး
ကဲ - ရွှေတော်မျိုး တော်တို့... လမ်းလည်းဆုံးပြီ မှစ်၍ ပြန်ကြ ပါတော့လေ.......
ကိုယ်တော်တိုင် မောင်းနှင်သွားလေတော့၏။
ထိုသို့ မောင်းလာပြီး လမ်းခုလတ်တွင် ဝေဿန္တရာ၏စိတ်၌ ရွှေမြို့တော်ကို ပြန်ကြည့်လိုသော ဆန္ဒပြင်းပြလာလေသော်-
မဟာပထဝီမြေကြီးသည် အိုးထိန်းစက်ကဲ့သို့ လည်ကာ ရထားသည် မြို့ဘက်သို့တည်၏။
ပြန်ကြည့်ရ၍ အားရလေသောအခါ-
ကိုင်း ... သဲယောဇဉ် ဖြတ်ပြီး သွားကြစို့
ရထားကို တောဘက်သို့ ပြန်ကွေ့၍နှင်လေသည်။
ခရီးအတော်ရောက်လျှင် နောက်မှလူလေးယောက် အပြေးလိုက်လာ၍
ရထားရပ်စောင့်နေ၏။ ထိုသူတို့သည်အနားသို့ ရောက်လာကြလေလျှင်-


အလှူပေးခြင်းကို မဝနိုင်သော ဝေဿန္တရာ မင်းကြီးသည် မြင်းများကို ဖြုတ်လှူလိုက်၏။
သာဓု - သာဓု - ဓေတနာတော်ကို ချီးကျူးပါတယ် - သာဓု - သာဓု -
ထို့နောက် ရထားဘက်သို့ ပြန်လှည့်ကြည့်ရာ ရထားတွင် ဆတ်ကြီးများတတ်ပြီးသား ဖြစ်နေသည်ကို ထူးဆန်းစွာ တွေ့ရ၏။
ဟေ
အင်း....ဓိကန္တ - မောင်တော် ဝေဿန္တရာဟာ - သူ့မယ်တော် ဖုဿတီ မွေးစကထဲက ကိုယ်ရဲ့ မွေးဖြိုးသလို.... ရှေးဘဝက ပါရမီ - ဆုတောင်း ဖြည့်တဲ့ ပုဂ္ဂိုလ်ပဲ အမှန် ဖြစ်တန် ရာတယ်
ခရီးဆက်သွား၍ မကြာမီ တောတွင်းမှ လူတစ်ယောက်ထွက်လာပြီး ရထားကို အလှူခံပြန်၏။
သာဓု - သာဓု - သာဓု - ဒီရထားနဲ့ မြန်မြန်ပါစေ -
ဟေ ဟေ
ထို့နောက် လေးနှင့်ဓားကိုဆွဲပြီး မယ်မဒ္ဒီ၊ ဇာလီမောင်၊ ကဏှာဇိန်တို့ကိုခေါ်ကာ တောလမ်း တစ်လျှောက် ခြေကျင်လျှောက်ကြ၏။
ထိုသို့ထွက်သွားပြီးတောထဲအရောက် လူလုံးပျောက်သွားလေလျှင် ရထားအလှူခံ သွားသော သူတို့မှာလည်း ဆတ်များကွယ် သွားသောဟူ၏။

# ဝေဿန္တရာဇာတ်တော်ကြီး


တောထဲတွင် ရသမျှအသီးများကို ခူးစား၍ ခရီးနှင်ခဲ့ရာ ညနေစောင်းသော်–
မဒ္ဒီဒေဝီ၏ စေတတိုင်းသို့ ရောက်သွား၏။ သို့သော် မြို့ပြင်ရှိ ဇရပ်၌ပင်တည်းနေ၏။
မဒ္ဒီဒေဝီသည် ဇရပ်ဝတွင် ထွက်ရပ်နေစဉ်–
ဟင့် အင်…ဇရပ်ထဲက မိန်းမဟာ သားနားလှချေကလား
တူမကြီးက ဘယ်အရပ် ကလဲ----
လူအများက မေးကြသဖြင့်ပြောပြရာ ကြားရသူတို့ ယူကျုံးမရဖြစ်ကြပြီးရွှေနန်းတော်သို့သတင်းပို့ကြ၏။
မှန်လှပါဘုရား…ရှုတ်ရှုတ် …ဘုရင့် သမီးတော်·မယ်မဒ္ဒီ မိသားစုဟာ ပြည်နှင်ဒဏ် ခံရလို့တဲ့ဘုရား ရှုတ်- မြို့စွန်ဇရပ်မှာ
ဟေ
ထို့ကြောင့် ဆွေတော်မျိုးတော်တို့သည် စုရုံး ရောက်လာကြရာ သတင်းမေးလျှင်–
ဘယ်လိုဖြစ်လဲအမိန့်ရှိပါအုံး– တောလမ်းခရီး -မြင်းလေး- လှည်းလေးမှ မပေးလိုက်ပဲ ရက်စက်ကြလှချေလား
ဒီလိုပါ
ဒါဖြင့်-ခမည်းတော် သိဂ္ဂုဏ်းမင်းကြီးထံ ပြန်ခေါ်ရန် အသနားခံ ဝင်ပါရစေလား
ဘယ်ဖြစ်နိုင်ပါ့မလဲ- တိုင်းသူပြည်သားတွေက နှင်ထုတ်တာပဲ---- ကိုယ်တော့်ကို ပြန်လက်ခံယင်-ခမည်း တော်ကိုပါ ခန်းချုပ်ပြီး ဆူပူကြလိမ့် မယ်


xxx ဒီလိုဆို ကိုယ်တော်လေး ဒီတိုင်းပြည်မှာဘဲ - အုပ်ချုပ်ပြီး မင်းလုပ်တော်မူပါလော့။ မဒ္ဒရာဇ်မင်းကြီးဟာ သက်တော်ကြီးရင့်တော်မူပြီဖြစ်၍ - အနားယူကာ ဥပုသ်ဆောင်ဝင်လိုကြောင်း မကြာခဏ အမိန့်ရှိနေပါတယ် xxxxx
xxx မဖြစ်နိုင်တာ - ဘဘုရား xxx သူတို့နှင့် ထုတ်တဲ့သူကို လက်ခံပြီး နန်းတင်ထားပါက အမျက်ထွက်ပြီး - တနေ့စစ်ဖြစ်လျှင် တိုင်းသူပြည်သားတွေ အမြောက်အမြားသေဆုံးဘွယ်ရာရှိပါတယ်။ တဘုရား စေတနာမေတ္တာကိုလဲ လေးစားပါတယ် xx ဒါကြောင့် ဝင်္ကဘာတောင်ကိုသာ လမ်းညွှန်ပါတော့ ဘဘုရားရယ် xxx xxxxxxx
ထို့ကြောင့် ဇရပ်တွင်ပင် ညည့်ခံပြီး နောက်တစ်နေ့တွင် မြို့စွန်အထိပို့ကြကာ နှုတ်ခွန်းဆက်ကြလေသည်။
ကြွတော်မူကြပါတော့ ကိုယ်တော်လေးနှင့် သခင်မလေးတို့ ဘုရား
ဘဘုရားတို့ နေရစ်လော့
လမ်းပြရန်လည်းကောင်း ဝင်္ကပါတောင်တွင် စောင့်ရှောက်ရန် လည်းကောင်း၊ မုဆိုးတစ်ယောက်ကို ထည့်လိုက်လေသည်။
xxx xxx xxx
မှန်ပါ စိတ်ချတော်မူပါ
ခရီးဆက်ကြပြန်ရာ ဂန္ဓမာဒနတောင်သို့ ရောက်လျှင် ခရီးတစ်ထောက်နားကြ၏။
နောက်နေ့တွင် ဝေပုလ္လတောင်ကိုကျော်၍ ကေတုမတီမြစ်သို့ ရောက်ကြလေသည်။
ကိုယ်တော်ကြီးများဘို့ ပျားရည်နှင့် အမဲ ဟင်းလျာပါ ဘုရား


နောက်တစ်နေ့တွင် အလွန်ကြီးမားသော ညောင်ပင်ကြီးရှိသည့် ရေကန်သို့ရောက်ကြ၏။
ဒါ... မုစလိန္ဒာအိုင် ဖြစ်ကြောင်းပါ
ထိုအနီးတွင် ရှေးဘုန်းရှေးကံကြောင့် သိကြားမင်း ဖန်ဆင်းထားသော ကျောင်းသခ်မ်းတွေ့၍ ဝင်ကြည့်ရာ–
အလို ရသေ့ဝတ်လိုသူများအတွက် အလှူဒါန – ရှိပါလား ... အလျှင်းသင့် လိုက်လေ ...
ထို့ကြောင့် ရသေ့ဝတ်လိုက်ကြလေသည်။
စေတမုဆိုးလည်း ဝေဿန္တရာမင်းကြီးကို ဤနေရာ၌ ထားခဲ့ကာ နှုတ်ဆက်၍ ပြန်သွား၏။
ကျွန်တော်မျိုး - ပြန်ပါတော့မယ် - ခွင့်ပြုပါဘုရား
ရသေ့မ - မယ်မဒ္ဒီ - ယခု သူတော်စင် ဘဝ ရောက်ကြပြီ...... ရသေ့နှင့် ရသေ့မ တို့ကား - တစ်ဆောင် တည်းတွင် အတူ နေရန် မအပ်စပ်တော့ချေ... သို့ဖြစ်၍ တစ်ဆောင်စီ နေကြပါစို့... ကိစ္စ ရှိလျှင် လာနိုင်သော်လည်း ညအခါတွင်ကား လုံးဝ လာရန် မသင့်တော့ပြီ။
နောက်တစ်နေ့ မိုးလင်းလေလျှင်–
မှန်ပါ - ရသေ့ကြီး ... နေ့အခါမှာ တော့ - ပါရမီ ဝိုင်းဖြည့်လို့ ပါသေးရဲ့ - သစ်ဥ ရှာရေး - ရေခပ်ရေး - သစ်သီး ရှာ ဖွေရေး များကိုတော့ ဆောင်ရွက် ခွင့်ပြုပါ... သစ်သီးရှာထွက်စဉ် ကလေးငယ်များကို ရသေ့ကြီး နှင့် အတူ ထားခဲ့ ပါရစေ။ ညနေ ပြန်လာလျှင် ပြန်ခေါ်ပါမည် ရသေ့ကြီး

ထိုအချိန်၌ ကလိင်္ဂတိုင်းတွင် ဇူဇကာအမည်ရှိသော ပုဏ္ဏားသည် အမိတ္တာပုန်အမည်ရှိ ပုဏ္ဏားမတစ်ယောက်ကို ငွေဖြင့် သိမ်းခဲ့၏။




ထိုပုဏ္ဏားမကလေးသည် ငယ်ရွယ်ပျိုမျစ်သော်လည်း ယောကျ်ားကိုမူ ကြိုးစားပြုစုလေသည်။



ထိုအခြင်းအရာကို အခြားပုဏ္ဏားများတွေ့လျှင် ဝတ္တရားမကျေပွန်သော မိန်းမများကို ကြိမ်းကြ၏။




အဆွခံရသော ပုဏ္ဏေးမများသည် မကျေမနပ်ဖြစ်ကာ စုရုံးတိုင်ပင်ကြ၏။



ထိုပုဏ္ဏေးမကိုတွေ့လျှင် နားမခံသာအောင် တစ်ယောက်တစ်ပေါက် ရန်တွေ့ကြ၍-





အမိတ္တာပုန်သည် ငိုယိုထွက်ပြေးရ၏။




# ဝေဿန္တရာဇာတ်တော်ကြီး



အမိတ္တာပုန်သည် သူ့ယောကျ်ား ဇူဇကာကို အကျိုးအကြောင်းပြော၍ ငိုယိုတိုင်လျှင်—
××× ဒါဖြင့် ဒီနေ့ကစပြီး ငါကဲ့-ရေသွား ခပ်ပါမယ် ကွယ်... မငိုပါနဲ့-ချစ်ဇနီး လေးရယ်- ဟဲဟဲ-
အို - ဒီလို ဘယ်ဖြစ်ပါ့မလဲရှင်..... ကျမတို့ အမျိုးစုထဲမှာ - အသက်ကြီးတဲ့လူ တို့ - ကျေးကျွန် ရှင် လင်ယောကျ်ားတို့ကို ခိုင်းစားတဲ့ ဓလေ့ထုံးစံမရှိပါဘူး ××××××× ခိုင်းစေဖို့ အစေခံ တယောက်သာ ရှာပေးယင် တော်ပါပြီ...
ငါက-ကျေးကျွန် ဝယ်နိုင်လောက်အောင် ကြွယ်ဝချမ်းသာ တာမှ-မဟုတ်
ယောကျ်ားကဘဲ- ကြံဖန်ယင်-ရနိုင် ပါတယ်...... ဝေဿန္တရာ မင်းကြီးထံ အလှူသွားခံ ယင်-အစေခံ လုပ်ဖို့ ကလေး နှစ်ယောက် တော့ ရနိုင်မှာပေါ့
ဟဲ-ဟဲ-- ဟဲဟဲဟဲ--- ချစ်ဇနီးလေးကတော့ ငယ်သာငယ်တယ်-အကြံဉာဏ် တယ်ကောင်း တာ ကဘဲ--ဟဲဟဲ--- ငွေမကုန်ဘဲ ရမယ့် ကိစ္စမို့..သေသေ ချာချာ... သွားပါ့မယ် မယား..... ဟားဟားဟား ××××××
ကဲ-ရေ အမြည့်- ထင်းအမြည့် ထိုက်ခဲ့မယ်-
အိုးထဲမှာသာရေပြီး ဖြည့်ထားပေတော့×××
ထိုသို့ဆိုပြီး၊ ရသေ့အသွင် ပြောင်းဝတ်ကာ အလှူခံရန် ထွက်ခွာသွားလေတော့သည်။
ကဲ-သွားမြီ-
အေးအေးဆေးဆေး ကြွ အောင် မြင်ပါ စေ×× ××× ×××


စေတုတ္တရာပြည်သို့ ရောက်သောအခါ-
ဝေဿန္တရာ မင်းကြီးက ဘယ်တောကို ထွက်သွားသလဲ...
ဝင်္ကပါတောင်ကို သွားတယ်လေ-- ဘာဖြစ်လို့လဲ- လူတိုင်း အသိဘဲဟာ
ဘယ်လမ်းက သွားရသလဲ
ဗြော် - လက်စသတ်တော့ ရသေ့ အစစ်မှ မဟုတ်ပဲ ပုဏ္ဏားပါလား
အလှူခံ သွားမလို့နဲ့ တူတယ်
နင်တို့လို ပုဏ္ဏားတွေ ဆင်ဖြူကိုတောင် အလှူခံလို့ ပြည်နှင် ဒဏ်ခံရတာ ဘာသွားအလှူခံဦးမလို့လဲ
ပုဏ္ဏားဖြစ်နေ၍ အရပ်မှတွေ့သမျှသောသူတို့က ရိုက်နှက်ကြ၏။
ကြောက်အားလန့်အားဖြင့် ဘယ်မြို့ဘယ်ရွာမှ မဝင့်ဝံ့တော့ဘဲ တောလမ်းမှ ခြေဦးတည့်ရာ ပြေးလေ၏။
အရိုရို - အားအား - အရိုရို......
ဘယ်သွားသွား - ဒိုင်း နှိပ်စက်ကြပါကလား...... သေ နင်းကြီးလိမ့်မယ်...
နောက်ဆုံး၌ ဝင်္ကပါတောသို့ မမျှော်လင့်ဘဲ ရောက်သွား၏။ ထိုအခါ စေတမုဆိုး၏ခွေးများနှင့် တိုးမိလေသော်-
ဝုတ်
ဝုတ်
ဟုန်း
အာ ဘား
မပြေးနိုင်သည့်အဆုံး၌ သစ်ပင်ပေါ်သို့ တက်ပြေးပြီး အော်ငိုနေလေသည်။
အရိုးရိုး ယော နင်းကြီး လိုက်တာ... ဟောဟဲ ဟောဟဲ
ငါ့ကို ဝေဿန္တရာ မင်းကြီးထံ ဘယ်သူများ လမ်းပြပေးပါ့ မလဲ... ဟဲ--
ဝုတ်
ဝုတ်
ထိုငိုသံကို စေတမုဆိုးကြားလေလျှင်-
အလို.......
ဝေဿန္တရာမင်းကြီးထံ သွားမလို့ ဆိုပါလား
ရန်သူဘဲ ဖြစ်ရမယ်


သစ်ပင်အောက်ရောက်လာပြီးမြားဖြင့်ပစ်မည်ပြုရာ၏။
မုဆိုးကြီးသည် ပုဏ္ဏားကြီး၏ ပရိယာယ်စကားကို ယုံကြည်သွားရကား ကျေးမွေး၍ လမ်းပြလိုက်၏။
လမ်းညွှန်သည့်အတိုင်း ခရီးဆက်သွားသော် တစ်နေရာ၌ အစွယ်တရှင်ရသေ့နှင့်တွေ့၏။
ခရီးဆက်ပြန်သော်၊ မုစလိန္ဒာအိုင်သို့ရောက်လျှင် တစ်ညအိပ်လိုက်လေ၏။


ထိုည၌ မယ်မဒီသည် အိပ်မက်မက်လေ၏။
လန့်နိုးလာသော် တုန်လှုပ်ချောက်ချား၍ ဝေဿန္တရာရသေ့ကျောင်းသို့ ကူးပြောင်းပြီး
အလို.. ဘုရား၊ ဘုရား၊ ကြက်သီးတွေ ထလိုက်တာ.. ရင်တွေ တုန်လိုက်တာ
ရသေ့ကြီး ဘုရား ရသေ့ကြီး ဘုရား
အို - ရသေ့မ ညအခါ - အချိန်မတော် - မလာအပ်ဘူးလေ
ကိစ္စ ထူးလို့ပါ ဘုရား
အိပ်မက်ဆိုးအကြောင်းပြောပြ၏။
အလို.... ဘာကိစ္စများ ထူးလို့လဲ..
မယ်မဒီသည် နံနက်လင်းလျှင် နေ့စဉ်ဝတ္တရားများ ဆောင်ရွက်ပြီးနောက် သစ်သီးရှာထွက်လေ၏။
ရသေ့ကြီး ဘုရား သစ်သီးရှာထွက်ချိန် တန်လို့ သွားပါတော့မယ်။ ကလေးများကို အပ်ပါသည်။
အိပ်မက် မက်တိုင်း နိမိတ် မဟုတ်ပါဘူး
ဇူဇကာပုဏ္ဏားကား ကျောင်းသင်္ခမ်းအနီးသို့ ရောက်နေပြီ ဖြစ်သော်လည်း ချုံတစ်ခုထဲမှ ချောင်းနေသေး၏။
အဲ.. မိဖုရားကြီး အမြန်သွားတော့မှာပါလား
အတော်ပဲ ဟီ

# ဝေဿန္တရာဇာတ်တော်ကြီး


ဝေဿန္တရာရသေ့ကြီးသည် ကျောင်းပြင်ရှိ ကျောက်တုံးထက်၌ ထိုင်၍တွေးနေစဉ်–
အင်း – မယ်မဒ္ဒီအိပ်မက်ဟာ - အလှူခံ လာမည်ဆိုတဲ့ အတိတ် နိမိတ်များဖြစ်နေလား မသိ။ အလှူ မပေးရတာ ကြာပြီ×××
ဣန္ဒြေရစွာဖြင့်လာနေသော ဇူဇကာပုဏ္ဏားကို တွေ့၍ ခရီးဦးကြိုပြု၏။
လာပါ-လာပါ ၊ အသင်ကား ခုနှစ်လအတွင်း ပထမဆုံး ရောက်လာသော လူသားပင် ဖြစ်၏××××
ဇူဇကာသည် ထိုင်မိသည်နှင့် စကားစလိုက်၏။
အရှင်မင်းကြီး - အဲ- ဆရာတော် ရသေ့ကြီး- ကြိုးစားပြီး လာခဲ့တဲ့ ကိစ္စက တော့ - ဟဲဟဲ - ပါရမီဖြည့်လို လွှန်းလို့ ဖြစ်ကြောင်းပါ။ ဟဲဟဲ -
သူ့တကါ ထက်ထူး၍ အလှူ့ခံနဲ့ စိတ်ဖြင်းမှုပါလျှင်...... အဲ.... သားတော် သမီးတော် တို့ကို လှူနိုင်မည်လော ×××အလှူခံပါ၏
အလို---မည်သို့ ဆိုလိုက်သနည်း ပုဏ္ဏားကြီး။ ဒီလို အလှူမျိုးမှ မြတ်တာပေါ့.......... လှူမည်...... သို့သော် ရသေ့မ မယ်မဒ္ဒီ-သည် သစ်သီးရှာ ထွက်သိုက် ဖြစ်နေသေး၍ - နက်ဖြန် နံနက် ကျမှ လာအလှူခံလော×××××××
သာရ ခေါ်ပါတယ်...... ဒါပေမယ့်-မိန်းမသား ဆိုတာ- သား သမီးကို လှူမယ်ဆိုလျှင် - စိတ်ထိခိုက်ပြီး--- ဖျက်မည်ကောန်ဖြစ်၏...... ထို့ကြောင့် - ယခုပင် လှူမှသာ - လှူခြားတဲ့ အလှူကြီး အထမြောက်နိုင်ပါမည် မဟုတ်လော..
အင်း.....ဒါလဲ ဟုတ်ပေသား ကဘဲ။ ကဲလေ.... ဒီကလေးတွေကို အလှူခံပြီးလျှင် သူတို့ အဘိုးတော် သိဝိမင်းကြီးထံ ခေါ်သွားလော... ဝမ်းမြောက် ဝမ်းသာဖြင့် ရွှေ-ငွေ-ကျောက် သံပတ္တမြားတွေ-အစုလိုက် အပုံလိုက် ပေး၍ ကလေးများကို ရွေးယူမှာဘဲ.. ....ဟုတ်စ....


ဟာ – ရသေ့ကြီးကလဲ – ဘယ်ဖြစ်ပါ့မလဲ....
မြေးတော်များကို သွားပို့သည်ဟု မယူဆဘဲ
ပြန်ပေးဆွဲလာသည်ဟု ယူဆပြီး ××××××××
။ ထောင်သွင်း အကျဉ်းထား စေ............
မလုံ လောက်သေးဘူး – ကျောတကျ – ရင်တရာ
ရိုက်နှက်၍ – ဖြိုင်ရပ်နှင်စေ.......... မကျေနပ်
သေးဘူး – စိတ်ချရအောင် – ကားစင်တင်၍ –
တောင်ရွယ် နေလွှယ်လျှင် – သတ်စေ..........
အမိန့်တော်..... ဟုချမှတ်မှဖြင့်..........
သိဥ္စည်းမင်းကြီးက – သူတော်ကောင်းကြီး
ဘဲ ။ ဒါမျိုး မလုပ်ပါဘူး ××××
ဟင်အင်း – ဟင်အင်း
သွားပို့တို့စိတ် မကျေး
ပါဘူး ........
အိမ်ပေါ်သွားပြီး
နိုင်းစားမှာပေါ့
×××××××
×××××
မလှမ်းမကမ်းမှ နားထောင်နေကြသော ဇာလီနှင့်
ကဏှာဇိနတို့မှာ ထိုစကားကိုကြားလျှင်–
ဟိုက် .... ဝါတို့ကို – ကျေးကျွန် အစေခံ
လုပ်မယ်တဲ့ .... ဘာလုပ်လုပ် ခမည်းတော်
ကတော့ – လှူမှာဘဲ ။
မဖြစ်ဘူး ။ ထွက်ပြေး
ကြစို့
×××
×××
×××
ထွက်ပြေးကြလေ၏။
ဒီချုံထဲမှာ
တယ်မလုံဘူး
ဟိုချုံကြီး
ပြောင်းရ
အောင်
စိတ်မလုံသည့်အဆုံး၌ ရေကန်ထဲသို့ ဆင်းပုန်း
ကြလေတော့သည်။
လာ –
မကြောက်နဲ့
ဒီမှာမှ
လုံတာ



ပုဏ္ဏားသည် စကားပြောနေစဉ် ကလေးများကို လှမ်းကြည့်ရာမတွေ့တော့ပေ။
ရသေ့ကြီးက လျှမယ်လို့ ဆိုသေးရဲ့။ စိတ်မနိုင်လို့ ချက် ရိုက်ပြလိုက်တယ်ထင်တယ်။ ကလေးတွေ မတွေ့တော့ပါလား။ ဒီလို လုပ်တာ ဘယ်ကောင်းမလဲ။။ဟဲ
မပြုပါဘူး။ ရှိပါလိမ့်မယ်
ဝေဿန္တရာရသေ့ကြီးက လှမ်းခေါ်ကြည့်ရာ-
ဟဲ့ ဇာလီရေ့ ကဏှာဇိန်ရေ့ လာကြလော့
ပြန်ထူးသံ မကြားသဖြင့် လိုက်ရှာလေ၏။
ဇာလီ ကဏှာ
သားတော်တို့
ကျောင်းသခင်းတွင် မတွေ့သောအခါ အပြင်ဘက်တွင် လိုက်ရှာရပြန်သည်။
ဪ - ဖြေရာလေးတွေ တွေ့ပြီ။ ချုံထဲမှာကိုး
လာကြ - လာ
ဟင် - မရှိပါလား
အလို - ဖြေရာလေးတွေက - ဟိုဘက်ထွက်သွားတာကိုး
သို့သော် ချုံထဲ၌လည်း မရှိချေ။
ထိုသို့ တစ်ချုံပြီးတစ်ချုံလိုက်ရှာရာ ရေကန်သို့ ရောက်သော် ခြေရာများကို တွေ့ရ၏။
အလို ရေကန်ထဲ ဆင်းတဲ့ ခြေရာဘဲ တွေ့တယ်။ အရှား၊ အရှား၊ ရေများနစ် သေကြေ့သလား


ဒါလီတို့ ကကျာတို့
ဒုက္ခပါဘဲ၊ ကတိမြဲမြီးမှ အလျှုပေမင် အထဖြောက်ပါတော့မလား
ဒါလီလေး ကကျာစိန်
ဝေဿန္တရာရသေ့ကြီးက ခေါ်ကြည့်ပြန်၏။
မထူးနဲ့
ခေါ်၍မရလျှင် တောင်းပန်လေသည်။
ခမည်းတော် အလှူ အောင်မြင်အောင် - ပါရမီ မဖြည့်နိုင်တော့ဘူးလား ကွယ်။။
ထိုအခါ ဇာလီသည် မနေနိုင်တော့ပေ။
နောင်တော်တော့ ခမည်းတော်ကို သနားတယ်၊ အတွေ ခံလိုက်တော့မယ်။ နှမတော်လေးတော့ ပုန်းချင်ပုန်းနေခဲ့လေ ...
နှမတော်တော့ - ပုဏ္ဏားကြီးကို ကြောက်တယ် - မသွားဘူး
ပုန်းနေသောနေရာကို မရိပ်မိစေရန် ကြာဖက်များကို တိုးကာ ကွေ့ကောက်လာပြီး
ခမည်းတော်၏ခြေကို ဖက်၍ ငိုလေသည်။

# ဝေဿန္တရာဇာတ်တော်ကြီး

ဇာလီရသေ့ကလေး အခိုရပ်သော် ဝေဿန္တရာရသေ့ကြီးသည် ကန်ကိုပတ်၍ လိုက်ရှာစဉ် ညည်းညူမိ၏။




ဇူဇကာပုဏ္ဏားသည် ဝေဿန္တရာမင်းကြီး၏ မျက်စိ အောက်တွင်ပင် ကလေးများ၏လက်ကို ကြိုးဖြင့် ချည်၍ခေါ်သွား၏။
တောလမ်းတစ်လျှောက်တွင် ကလေးများကို ရက်စက်ကြမ်းကြုတ်စွာ အပြစ်ရှာ၍ရိုက်၏။
မြန်မြန် သွားကြစမ်း
ခရီးလမ်းတစ်နေရာ၌ ဇူဇကာပုဏ္ဏားသည် ချိုင့်ကို နင်းမိ၍လဲကျပြီး ကြိုးလွတ်သွားခိုက် ကလေး နှစ်ယောက် ကျောင်းသို့ ပြန်ပြေးကြ၏။
အား……
ဖခမည်းတော်ထံရောက်လျှင် ဇာလီကငို၍-
××× ပုဏ္ဏားကြီး လဲကျနေစဉ်
ထွက်ပြေးလာကြပါတယ်……
တလမ်းလုံး ညှင်းဆဲသွားပါတယ်….
ဖခမည်းတော် အလှူကို မဖျက်
ပါဘူး ဘုရား….
ဒါပေမယ့်…
မသွားမီ
လေးတွင်
မယ်တော်ကို တော့
တွေ့သွားခွင့်တော့
ပြုတော်မူပါ ဘုရား××
×××မယ်တော် နှင့် တွေ့ရပြီး လျှင်……
လှူရုံသာမက…ပြုလုပ်လိုရာလုပ်တော်မူပါ
အားတင်းနိုင် ပါလိမ့်
မည် ဘုရား××
××××××
ခမည်းတော်က လှူပြီး ဖြစ်တော့ အတွက်
ပုဏ္ဏားကြီး ဟာ သားတော် သမီးတော်တို့ကို
ခေါ်သွားနိုင်ပါသည်။
ရိုက်နှက် ပုတ်ခတ် - ဆဲရေး တိုင်းတာ -
ပါသည်။ သို့သော်
ဖခမည်းတော် အလှူ
ပါမည်။ မသွားမီ
ဝအောင် အိပ်သွားပါရစေ ဘုရား


××× ပုဏ္ဏားကြီးကို သေသေချာချာကြည့်လျှင်……
….. သူ့ယုတ်မာအကျင့် ဘယ်မှည့်ပါတာ တွေ့ရပါတယ်… ကြောက်စရာကြီးဘုရား×××
××× ထိုကဲ့သို့သော အယုတ်တမာ ကောင်ကြီး အား …. မိမိ ရင်သွေးများကို လှူ ရက် လေတော့….. ခမည်းတော်ရဲ့ အသဲနှလုံးများဟာ သံ-သတ္တုနှင့်များ လုပ်ထား လေရော့သလား ဘုရား…….
ရှုတ် - ရှုတ် -
×××××××××
××× သားတော်တို့ နေ့စဉ်နေ့တိုင်း ကစား နေကျ - စမ်းချောင်းလေးနှင့် ဝေဝေ ဆာဆာ ပွင့်နေတဲ့ ပန်းပင်လေးများကို နှုတ်ဆက် ခွင့်ပေးပါအုံး … နောက်နောင် ခါ - တွေ့ရတော့မည် မဟုတ်ပါဘုရား××
××× သားတော်တို့ ကစားနေတဲ့ - ကျွဲရုပ် အိုးပုတ် စတဲ့ ကစားစရာလေးတွေကို မယ်တော့အား နှုတ်ဆက် ယင်း - လက်ဆောင် ပေးခဲ့ရပါစေလားဘုရား××××
××× သားတော်ကတော့ ယောကျ်ားလေးမို့ အံကြိတ်ပြီး စိတ်တင်း၍ အနစ်နာခံ ပြီး ခမည်းတော်ရဲ့ ပါရမီကို ဖြည့်နိုင်ပါတယ်
……. နှမတော် ကဏှာဇိန် ဟာ - ငယ်လဲငယ်သေး မိန်းမသား လဲ ဖြစ်လေတော့ ခြေလျှာဖြစ်စေ ရင်ခွင် ဝယ် ထားပါအုံး ဘုရား×××
ထိုအခိုက် ဇူဇကာပုဏ္ဏားပြန်ရောက်လာပြီး ကလေးများကို လက်ပြန်ကြိုးတုပ်ကာ မညှာမတာ ရိုက်နှက်တွန်းကန် ခေါ်သွား လေသည်။
အောင်မယ် နင်တို့ ပြေးလို့ ဘယ်လွတ်မှာလဲ
နင်တို့ အဖေက ငါ့ကို ပေးပြီး သားဘဲ ဟာ-- ငါ့ကိုယ်ပိုင် ကျွန်တွေဖြစ်ပြီ ဟ… နောက် တခါ မပြေးနိုင် အောင် - ကြိုးနဲ့တုပ်


ထိုမျှရက်စက်သည်ကိုမြင်လျှင် ရသေ့ကြီးသည် ဒေါသထွက်ပြီး ဓားကိုထဆွဲမိ၏။
တောက်
နောက်မှသတိရပြီး ပြန်ချထားလိုက်လေသည်။
ဟုတ်သေးပါဘူးလေ....
ငါလျှော့ဖြီးသွားတဲ့..
ငါနဲ့ မဆိုင်တော့ဘူး
သံယောဇဉ်
ဖြတ်နိုင်
ရမယ် x-x
ရှုဇကာကား၊ လမ်းတစ်လျှောက်လုံးတွင် ကလေးများကို ကြိမ်းမောင်း ရိုက်နှက်၊ ကန်ကျောက်ကာ ခရီးပြင်းနှင်လေတော့သည်။
ကဲဟာ
ကဲဟာ
ခရီးအတန်ငယ်ရောက်လျှင် ပုဏ္ဏားကြီးသည် ဒေါသကြီးလွန်း၍ မောဟိုက်ပြီးလဲပြန်၏။
ကလေးနှစ်ယောက် တစ်ခါပြန်ပြေးကြပြန်၏။
မြေး မြေး
ဘိုလုံး
ဘိုလုံး
ဘိုလုံး ကြီး
ဘိုလုံး တာ- လူသားစားချင်လို့- လူယောင်ဆောင်ပြီး
လာခဲ့တာ xxxx
ကြောက် တယ် x

# ဝေဿန္တရာဇာတ်တော်ကြီး


ကဏှာဇိန်က ဝေဿန္တရာရသေ့ကြီးကို ငိုယို
တိုင်တမ်းနေစဉ် ပုဏ္ဏားကြီး ပြန်လိုက်လာကာ
တဖန် ခေါ်သွားပြန်သည်။
မြန်မြန် လာကြလေ
ထိုအချိန်အခါ၌ကားမိခင်ရသေ့မကြီး မဒ္ဒီသည်
တောထဲ၌ သစ်သီးရှာနေ၏။
ဒီလောက်ရရင်
တော်ပါပြီလေ
ဒီနေ့တော့
စောစော ပြန်မှဘဲ
အိပ်မက်ကလဲ
မကောင်းဘူး
ထို့နောက် ကျောင်းသို့ လာလမ်းအတိုင်း
ပြန်လာခဲ့ရာ လမ်း၌ ဤသို့တွေ့ရ၏။
အမယ်လေ့လေး—
ခြင်္သေ့ကြီး တကောင်
ပါလား—တော်ပါသေးရဲ့
အိပ်ပျော်နေလို့။
လမ်းလွှဲပြန်မှပဲ
ရှင်တော့နိုင်မယ်တော...
အခြားတစ်လမ်းမှ ကွေ့၍ပြန်ခဲ့ရာ ချုံတော
လွန်လေသော် ရှေ့တွင်တွေ့လိုက်ရပုံကား—
ဟိုက်
ကျားကြီး
ထို့ကြောင့် တစ်ဘက်သို့ရှောင်၍ သတိကြီးစွာဖြင့်
ပြန်လာစဉ် သစ်ပင်ထက်မှ ခုန်ဆင်းပြေးသွားသော
သတ္တဝါကား—
အမေ့
သစ်နက်ကြီး
ငါ့ကို မတွေ့
ပေလို့
ဘုရား ဘုရား
ထို့နောက် နေကလည်းဝင်လုဆဲဖြစ်၍သဖြင့်
အားတင်း၍သာ ပြန်လာရရှာလေသည်။
ဘာများဖြစ်ချင်လဲ - မသိ
ပါဘူး။ မျက်ခုံး မျက်ခမ်း
တွေကလဲ လျှပ်လိုက်
ပါဘိသနဲ့။


ကလေးတွေ ဆာနေကြရောပေါ့ —
ငိုများနေကြပြီလား မသိ
အိပ်မက်ထဲမှာ မျက်လုံးအစုံပေါက် ယူသွားတယ် - ဆိုတော့ - သူ့တို့လေး တွေများ - ဘာဖြစ် နေကြပြီလဲ နော်
သို့ဖြင့် ကျောင်းသင်္ခမ်းသို့ရောက်လျှင်-
အလို - ဘုရားရေ- ခါတိုင်းဆို - ဒီအနား ရောက်ယင် ကလေးတွေ အသံကြားရပါတယ်-
အခုတော့ ငြိမ်ချက်သား ကောင်းလှ ချေကလား။
ကျောင်းတွင်းဝင်မိလျှင် ဝေဿန္တရာရသေ့ကြီး တစ်ပါးတည်း ထိုင်နေသည်ကိုတွေ့ရသဖြင့်-
ဟင် ခါတိုင်းလို ရှုပ်ယှက်ခတ် ပါလား
ဟုတ်ပါပြီ- ဝေဿန္တရာတော့ ဝေဿန္တရာပဲ — ကလေးတွေ ဘာဖြစ် သလဲ မသိဘူး
ထို့ကြောင့် မယ်မဒ္ဒီကပင်စ၍ဆို၏။
အရှင် ရသေ့ကြီး ဆိတ်ငြိမ်လှချေလား — ကလေးတွေ ကော ဘုရား .....
ရသေ့ကြီးက အဖြေမပေးဘဲ ငြိမ်နေ၍-
ကျားများ စားသွားရော့လား ဘုရား - - ဟင် -
လူလိမ်လူညာတွေများ ခေါ်သွား သလား။ တိုင်းတော်ပြည်တော် ကိုများ ပို့လိုက်သလားဘုရား
အမိန့်တော်များလဲ ရှိပါအုံး ...... ဘုရား



ဆရာ့ရှာလွှန်း ကြာသဖြင့် အမိ ကို - မတွေ့နိုင်တော့သောကြောင့် စောစောစီးစီး - အိပ်ရာနိုးကြ ပြီလော xxx
ရသေ့ကြီးက နှုတ်ဆိတ်မြဲ နှုတ်ဆိတ်နေ၏။
မေးသမျှ အဖြေမရလျှင် - ရင်နာ လှပါတယ်--- ဒီလိုတော့ မညှဉ်းဆဲ ပါနှင့်ဘုရား... နံနက်ကျမှ စိတ်သောကမီးတောက်လောင် ခံနေရတဲ့ အဖလောင်းသော မြင်ရသွယ်ရာရှိပါတယ် ဘုရား
အင်း.... ပထမ - သား သမီး ဖော-ပျော့ပါး သွားအောင် - ပရိယာယ် သုံးပြီး ပြောခဲ့ရ မှ ပါဘဲ
ရသေ့မ - ခါတိုင်း ဆိုလျှင် သနေ့တော တွင် မြန်လာလေ့ရှိပါလျက် ဒီကနေ့ တော့ ဘာလို့ ဒီလောက်တောင် နောက်ကျနေပါသလဲ xxx
xxx လျှမနီး သူ့မနီး တောကြီးထဲဝယ် တောလိုက်မုဆိုးနှင့်များ တွေ့နေ လေရော့သလား xxx
xx အခြားဝါပါးသော ရသေ့ နှင့်များ ဆုံနေရော့သလား xxx


××× သို့တည်းမဟုတ် - ဝိဇ္ဇာဓိုရ် - တောပျော်တွေနှင့် များ ကြုံနေရော့ သလား×××
ဒါတွေ တခုမှ မဟုတ်ရပါဘူး ...... အပြန်လမ်းမှာ - ကျားတွေ - သစ်တွေ - ခြသေ့တွေနှင့် မကြုံစေဘူး - ဆုံနေရ၍ သာ - နောက်ကျရကြောင်း ပါဘုရား ခွင့်လွှတ်တော်မူရန် ပန်ကြားပါရစေ။
×××ဒါနဲ့- ဓာလိနှင့်ကဏှာဇိန် တို့ကောဘုရား
ရသေ့ကြီးသည် အဖြေမပေးဘဲ ဆိတ်ဆိတ်နေ၏။
ထို့ကြောင့် နောက်ထပ်မမေးတော့ဘဲ မီးတုတ်ညှိကာ ကလေးများသွားတတ်သော နေရာများကို လိုက်ရှာဖွေတော့၏။
သားရေ
သမီးလေး
ဘယ်နေရာတွင်မျှမတွေ့၍ ပြန်လာပြီး-
ဒီနေ့ - ထင်းလည်း - မခွဲထား - မီးလည်း - မမွှေးထားပါ တကား ... သူ့ပါ အားကိုးနေရတာ။ ခါတိုင်းဆိုယင် အားပေးကူညီလေ့ရှိတယ် ခုတော့ တုတ်တုတ်မျှ မလှုပ်ဘူး - စိတ်ဆင်းရဲလှတယ်×××
သို့သော် ရသေ့ကြီးကား မတုန်မလှုပ်။
မယ်မဒ္ဒီသည် သောကကြီးစွာဖြင့် ထွက်ရှာပြန်၏။ မတွေ့သည့် နောက်ဆုံး၌ နံနက်အရုဏ်တွင် ကျောင်းသင်္ခမ်းသို့ပြန်လာရာ ကျောင်းအဝင်၌ပင် လဲကျကာ မေ့မျောသွား၏။
ဖိုက်
မယ်မဒ္ဒီ

# ဝေဿန္တရာဇာတ်တော်ကြီး


ရသေ့ကြီးကပြုစု၍ သတိပြန်လည်လာလေသော်—
ဟင်.........
ကလေးတွေကော-
ပုဏ္ဏားကြီး တယောက်. အလှူလာခံလို့ လှူလိုက်တယ်
ဘုရား ဘုရား ပါးပါး တောထဲမှာ လှူ-အလှူ လာခံတာ တော့ -- ဆန်းတာဘဲ
ဒါနဲ့များ တညလုံး ဒေါင်း တောက်အောင် လိုက်ရှာ နေတာ အသိသားနဲ့ မောရော ပေါ့×××
ဖမ်းတာကို ရုတ်တရက် မြင်လိုက်ပါက စိတ်ထိခိုက်ပြီး -ရှုလုံး လေဟပ် -အားမြတ် လဲလို့ သေနိုင် မှယ်ရာရှိလို့ ခေတ္တ- ထိန်ထား ရတာ ပါ×× ×××
အခုလိုဆို တော့ -ပင်ပန်း နွမ်းနယ်ရုံ လောက်အောင် အသက်အား က လျော့ တယ် -မဟုတ် လား ××
စိတ်-ထိပ်မေလျှ ပါခွင့်ကွယ်. ငါတို့ ခလေး သေးဘဲ အသက်ရှည် လို့ ကျန်းမာနေသေး ယင်-တနေ့ကျ ပြန်တွေ့နိုင်ပါတယ်. ဒီလိုမြတ်တဲ့ အလှူ မျိုးဆိုတာ က— အလှူခံ လည်းရှိမှ — လှူနိုင်တဲ့ စိတ်လည်းရှိမှ အထ မြောက် လို့ မျက်စိ မှိတ် လှူ လိုက် တာ ပါ×××
သာဓု ခေါ်ပါတယ်-ရသေ့ကြီး... စိတ်ချပါ. ဒီလို အလှူမျိုးကြောင့် တော့ စိတ်မထိခိုက်ပါဘူး. စိတ်အေးအေး ထားပြီ-နောက် ထပ်လည်း-ဆ ထက်ထမ်းပိုး လှူနိုင် ပါစေ.... လို့ ဆုတောင်း ပါတယ်.
သည်မြတ်ဒါန အထမြောက်သမြင့် မြေငလျင်ပင်-လှုပ် သေးသည်


ဪ - အင်း ..... တောထဲမှာရှိနေစဉ် - မြေခလျှင် - တောက်လဲပြီး လှုပ်သည့်ကို - အချိန်အခါ မဟုတ် လှုပ်သလောဟုပင် အံ့ဩနေရပါသေးသည်။ လက်စသတ်တော့ ရသေ့ကြီး အလှူ ကြောင့် လှုပ် တာကိုး .....
သာဓု ရှင် ..... သာဓု - သာဓု –
ထိုအချင်းအရာကိုသိသော ဘုံးတော် သိကြားမင်းက ဤသို့တွေးကာ–
သည် အမြေ့အရေး နှင့် ဆိုလျှင် - သည် ရသေ့ကြီး မှာ ရသေ့မကို - လာ အလှူခံလျှင် တောင် - လှူမယ့် ပုဂ္ဂိုလ်ပဲ။ မဟုတ်တဲ့ သူတွေ လာအလှူခံ မှဖြင့် တခက်ပဲ။ လုပ်ကျွေး ပြုစုမယ့် သူ တောင် မရှိပဲ ဖြစ်နေတော့မယ် .....
မကြာမီပင် ပုဏ္ဏားအသွင်ဖန်ဆင်း၍ ကျောင်းသင်္ခမ်းသို့ ရောက်လာ၏။
အရှင်ရသေ့ကြီး ကျန်းမာပါ၏လော ...
ရတနာ သုံးပါး - မိဘ ဆရာသမား များ၏ ကျေးဇူးကြောင့် - ကျန်းမာ ပကတိ ချမ်းသာစွာ ရှိပါ၏ – အဘယ်ကိစ္စကြောင့် ဆိုက်ရောက်လာသနည်း။
အသက်ကြီး လာပြီမို့ - ပြုစုလုပ် ကျွေးရန် - ရသေ့မကို အလှူခံရန် - လာ ပါသည်။
အမယ်လေး - နတ်ကောင်း နတ်မြတ် များ မ - လိုသာ - မြတ်သည်ထက်မြတ်သော အလှူ ကို ပေးဖို့ အခွင့်ရလေတယ် ဝမ်းသာစွ - ဝမ်းသာစွ ...
ဣဒံမေဒါနံ - သဗ္ဗညုတဉာဏ - ပဋိဝေဓဿ - ပစ္စယော - ဟောတု
ချက်ခြင်းပင် ရေစက်ချ၍ လှူလိုက်၏။
မဒ္ဒီဒေဝီသည် ထိုသို့လှူခြင်းအတွက် အမျက်လည်းမထွက် မျက်နှာလည်းမပျက်ဘဲ ရသေ့ကြီး၏ မျက်နှာကိုသာ ကြည့်နေ၏။
ငါ ကဲ့သို့သော မိန်းမ - ရတနာကိုဝင် လှူခြင်း ကား..... အကြောင်း မရှိပဲ လှူခြင်း မဟုတ် နိုင် ......
ဒါန ပါရမီ အလွန်ကြီး ပေသည်။


ထိုအခါ ရသေ့ကြီးက ''အသို့နည်းမယ်မဒ္ဒီ'' ဟု မေးသော အကြည့်ဖြင့်ကြည့်လေသော်–
အရှင်မင်းကြီးအား ထိမ်းမြားပေးထားပြီးဖြစ် သော မိန်းမဖြစ်သဖြင့် ... အရှင်မင်းကြီးသာ - ပိုင် ပေတော့သည် ။။
××× အရှင်မင်းကြီး - သူများကို ပေးလို့ကလည်း - ပေးပိုင် နိုင်ခွင့်ရှိပါ၏– ××××
×× ရောင်းလို့ကလည်း ရောင်းပိုင်နိုင်ခွင့် ရှိပါ၏– ×××
××× သတ်လို့ကလည်း - သတ်ပိုင်နိုင်ခွင့် ရှိပါသည် .. သဘောကျ ပြုတော်မူပါ– စိတ်လည်း မဆိုး - ကန့်ကွက်ခြင်းလည်း မရှိပါ–
ထိုအခါ အလှူခံပုဏ္ဏားကြီးက–
သင်တို့အား ချီးကျူးပါ၏— စိတ်စေတနာခြင်းလည်း - ညီလှပါပေ သည်။ ရသေ့ကြီးနှင့်ရသေ့မ သာ အတုခေရန် အသင့်တော်ဆုံး ဖြစ်ပေသည်။ ××××
×× ထို့ကြောင့် - ရသေ့မကို ပြန်အပ်ပါ၏– စေတုတ္တရာမြည်နှိုးရစဉ်ကလည်း - မြေကြီး များစွာလှုပ်ခဲ့သည်။ ယခုလည်း သားသမီးနှင့် ဇနီးသည်ပါ လှူသည်။ ကျွန်ုပ်နှင့် စိတ် ကျေနပ်တော် မမူပဲ - နောင်ကိုလည်း - ထပ်ဆင့် လှူတော်မူပါ။ ××××


ထို့နောက် ပုဏ္ဏားပျောက်ကွယ်ကာ လေထက်၌ ဘိုးသိကြားအသွင် ကိုယ်ထင်ပြပြီး-
××× အသင် မင်းကြီး အား အကူအညီ ပေးရန် လာခြင်း သာဖြစ်တော့သည်။ ... လိုရာဆု ကိုသာ တောင်း လော့ - ပြည့်စေ အံ့ ....
ရသေ့ကြီးဆုတောင်းပြီးနောက် သိကြားမင်း ကွယ်ပျောက်သွားသောအခါ-
ဆုတောင်းထဲမှာပါရဲ့လား ဘုရား -
ပါတာပေါ့!
အဖြစ် ထူးဆန်း လိုက်တာ နော်
ထိုသို့ဖြစ်ပျက်နေသောအချိန်တွင် တောတွင်း တစ်နေရာတွင်ကား ဝှကား ကဏ္ဍားတလီတို့သည်-
မြေးမြေးဆွဲ
မြေးမြေးတွန်း
ငါ့သခင်
အသား နာတယ်
ခရီးဆက်သွား၍ နေဝင်လျှင် သစ်ပင်ရင်းတွင် ကလေးများကို အိပ်စေပြီး-
ကြိုးနဲ့တော့ တုပ်ထားပြီ
ထွက်မပြေး နဲ့ နော ....
ပြေးယင် တော့ -
ပုဏ္ဏားအိုကား သစ်ပင်ပေါ်၌ အိပ်၏။
သစ်ပင် ပေါ်မှာအိပ် ယင်-တော့ ကောင်တွေရဲ့ ရန် ကင်း တာပ -
မှူးလို ....ခြင်လည်း မကိုက်ဘူး ....
သို့သော် နတ်များက သနားကြ၍ မိဘများအသွင် ဆောင်ကာ ပုဏ္ဏားကြီး အိပ်ပျော်လောက်သော အခါ အစာများကျွေးပြီး သိပ်ကြ၏။
မိုးသောက်မှ နဂိုလ်အတိုင်း ထားခဲ့၏။

# ဝေဿန္တရာဇာတ်တော်ကြီး


ထိုအချိန်တွင် သိဉ္စည်းမင်းကြီးသည် အိပ်မက်ဆန်း တစ်ခု မြင်မက်လေသည်။
နံနက်တွင် နန်းတွင်းပုရောဟိတ်များကို နိမိတ် ဖတ်စေ၏။
အအအ ကျွန် အိပ်မက် အလိုက တော့...... ကွဲကွာနေသော ဆွေမျိုးများ ဆိုက်ရောက် လာတဲ့ ကြောင်းပါ ဘုရား
မင်းကြီးသည် ဝမ်းသာစွာဖြင့် မှန်ရွှေပြူ နန်းပြတင်းမှ မျှော်ကြည့်တော်မူနေစဉ်–
ဟင် အင်
ဇူဇကာပုဏ္ဏားသည် မိမိနေရပ်သို့ ပြန်သော်လည်း နတ်များက လှည့်ဖြားသဖြင့် နန်းမြို့အနီးသို့ အမှတ်မထင်ရောက်လာ၏။
ဟဲ့ ဟဲ့ - လုလင်တယောက် သွားစမ်း ဟိုမှာ ကလေး နှစ်ယောက် နှင့် သွား နေတဲ့ ပုဏ္ဏားကြီးကို သွားခေါ်ပြီး ရှေ့တော်သို့ သွင်းစမ်း သူတို့လေးတွေတွေ့ တော့ - ငါ့ မြေးတော် လေးတွေလို့ တောင် - အောက်မေ့ ရသဟဲ့
ဇူဇကာပုဏ္ဏားနှင့် ကလေးများရောက်လာလျှင်–
ဟိုက် အိမ်း အမယ် မြေးတော်တွေပဲ ပါလား
ဟဲ့ - ပုဏ္ဏားမိုက် သည်ကလေးတွေကို ဘယ်က ခေါ်လာပြီး ဘယ်ခေါ်သွား မလို့လဲ - အမြန် သံတော်ဦးတင်စမ်း


မှန်လှပါဘုရား ... ဝင်္ကာတောင်ရှိ ကျောင်းသင်္ခမ်းတွင် သီတင်းသုံးနေသော ရသေ့ကြီး ဝေဿန္တရာထံ အလှူခံ သွားရာမှ သဒ္ဓါကြည်ဖြူ - လှူ တော်မူလိုက်သော ကလေး များဖြစ်ကြောင်းပါ ဘုရား ...........
သယ်
သားသမီးကို ဘယ်သူက လှူ မှာလဲ - ပုဏ္ဏားဖိုက်ရဲ့ .... မှန်ရာကိုသာ - အမြန်တင်စမ်း
သည်အတိုင်းသာ စကားအမှန် ဖြစ်ကြောင်း - သံတော်ဦးတင်ပါသည် ။ သက်သေကောင်းဖြစ်တော် မူပါက ကလေးဇာလီနှင့်ကဏှာဇိနာကို သာမေးပါဘုရား --- ခမီးဖြစ် ထွက်လာသည်မှာ - ငါး ရက်သာရှိသေးကြောင်း ပါဘုရား ×××
ဟာ — သည်ဒီအတိုင်းမှန်လျှင် .. တယ်ဆိုး ပါလား - သားသမီးကိုမှ လှူရသလား
မိဘမေတ္တာမှ ရှိပါလေစ
တခြား ဘာဘဲဖြစ်ဖြစ် လှူချင် လှူပေါ့
သဒ္ဓါတရားကိုတော့ ချီးကျူးပါရဲ့ ......
ကိုယ့်ရင်သွေးလေးတွေကို လှူဖို့တော့ မစဉ်းစားသင့် ပါဘူး
အိုးတော်ဘုရား — တောကြီးထဲမှာ နေရတဲ့ရသေ့ဖြစ်၍ ခမည်းတော်မှာ လှူစရာ ပစ္စည်းဘာမျှ မရှိပါ၊ လှူဒါန်းလိုသောစိတ် ပြင်းပြလျှင် သားသမီး သည်ပင် လှူအပ်ရာ ဖြစ်ကြောင်း ပါဘုရား
မြေးတော်ဇာလီ - သင့်ခမည်းတော်ရဲ့ သားသမီးအလှူကို - ငါ ချီးကျူးသည် ။ မကဲ့ရဲ့ပါဘူး ။ လှူပြီးတော့ကော သူ့စိတ် ဘယ်လိုရှိတာတွေ့သလဲ
ခွေမျက်ရည်တော်များ တပေါက်ပေါက်ကျပြီး အံတော်ပင် အံ ကြိတ်ကာအား တင်း၍ ကျန်ခဲ့ကြောင်း ပါဘုရား
ဟုတ်ပေ လိမ့်မယ်
ထိုသို့ပြောနေစဉ်ပင် ပုဏ္ဏားကြီးက မလွှတ်သေးဘဲ နေသည်ကိုတွေ့သဖြင့်—
ဒါနဲ့ - မြေးတော်ကို ...... ယခင်က - ငါ့ကိုမြင်လျှင် - ရှေ့ရင်ခွင်သို့ ပြေးဝင် ရောက်ရှိပါလျက် - ယခု အဘယ် ကြောင့် အနားသို့မလာ ကြသနည်း ။


မှန်လှပါဘုရား။ ယခင်က - မင်းဆွေမင်းမျိုး ဖြစ်သည့် မှန်သော်လည်း ယခုအခါ၌ကား ပုဏ္ဏားအံ့ ကျေးကျွန် ဖြစ်နေ၍ - အောင့်အင်းထား ရကြောင်း ပါဘုရား
ရွတ်
ဟဲ့ - မြေးတော် သည့်လို စကား မတင်လေနှင့် - ငါ ကိုယ်တော် နှလုံးသား - ယူ လောင်လှသည်။ ငါ့ မြေးယူ အံ့။
ကဲ - ပုဏ္ဏား မြေးယူရန် ဈေး ဆိုလေ
ဟဲ ဟဲ ဟဲ မြေးယူတော်မူမယ် ဆိုယင်လဲ မငြင်းဆိုရဲ ပါဘုရား ဘုရား - ဟဲ - ဟဲ - ဈေးကြေးတော်က မများလှပါဘုရား။ ကျွန်တော်မျိုး မှာ သူဆင်းရဲဖြစ်၍ ယခုလို ချီးမြှင့်မည့် သူ ပေါ်ရန် - ဆယ်ဘဝ တခါ တောင်မှ ဖြစ်နိုင်ခဲ့ သည်မှင့်။
လျှာရှည် လိုက်တဲ့ ပုဏ္ဏား - အမြန်ပြောင်လော့
ဟဲဟဲ - ရွှေတွေ ငွေတွေရယ်၊ ဆင်မြင်း၊ ကျွဲနွားတွေရယ်၊ လှည်းလှေ အိုးအိမ်တွေရယ်၊ အဝတ်အစားတွေရယ်၊ ကျေးကျွန်တွေရယ်၊ တသက်လုံး သုံးမကုန်အောင်ရယင် တော်လောက်ပါပြီ - ဟဲ - ဟဲ - ဟဲ - မိန့်၊ မများလဲ - အဆစ်ပါလျှင် ကောင်းမှာဘဲ ဘုရား ...... ဟီး .... မင်းဘုရားကြီး
ပေးစေ
ပုဏ္ဏားကြီးအား တစ်သက်တွင်တစ်ခါမျှ စိတ်ကူးပင်မရသော ပစ္စည်းများရ၍ ဝမ်းမြောက်ကြီး စည်းစိမ်ခံကာ မိမိအိမ်မှဝန်းကိုပင် သတိမရတော့ပေ။
ဇာလီနှင့် ကဏှာဇိန်တို့မှာ ကျွန်ဘဝမှ လွတ်မြောက်ပြီဖြစ်၍ရေမိုးသန့်စင်ပြီး ဝတ်လဲတော်များဖြင့် ဝိုင်းဝန်းပြုပြင်ပေးကြ၏။
ထို့နောက် နေပြည်တော်မှ ခွဲခွာသွားစဉ် ကြုံတွေ့ရသော အဖြစ်အပျက်များကို ဝိုင်းဝန်းမေးကြ၍—


ဇာတ်ကြောင်းပြန်ပြောပြလေရာ–
ဟယ် ဟုတ်လား
ဗျာ ဘုန်းတော်ကလဲ ကြီးပေသကိုး
အမယ်လေး လေ့လေး
ရက်စက်လှချေလား
မကြောက်ဘူးလား
များပါပေတယ်
နောက်ဆုံး၌ ဇာလီက ဘိုးတော်အား–
ဘိုးတော်ဘုရား လောက၌ မိဘတို့မည်သည် မိမိတို့၏ သားသမီးများကို ချစ်ခင်ကြမြဲ မဟုတ်ပါလော- ဘိုးတော်ကား မိမိ သားသမီးများကို ချစ်တော်မမူသကဲ့သို့ ပါတကား×××
ချစ်ပါပေပြီလား မြေးတော်ရယ်××××× သိဝိတိုင်းသူ တိုင်းသားတို့၏ စကားကြောင့် အပြစ်မရှိသော သင်၏ဖခင် ဝေဿန္တရာကို နိုင်ငံထုတ်ခြင်းမှာ ငါ၏ အမှားပင် ဖြစ်တော့သည်၊ ယခုသတိ တရားရပြီဖြစ်၍ တိုင်း တော်ပြည်တော်သို့ ပြန်ခေါ်အံ့
ဘိုးတော် ကိုယ်တိုင် သွားခေါ်မှ သာ-မြန်ခြား မည့် အနေအထားမှာ ရှိကြောင်းပါဘုရား
ထိုအချိန်တွင် မင်းခစားတစ်ယောက်ဝင်လာပြီး–
မှန်လှပါဘုရား - အလှူခံ ပုဏ္ဏားတော် ဇူဇကသည် - မရဘူးသော စည်းစိမ်ကို ခံစားယင်း - လောဘဇောမသတ်နိုင် ဘဲ အလွန်အကဲ စားသောက်ခဲ့သောကြောင့် အားပိုးနိုင်၍ ကွယ်လွန်ကြောင်းပါ ဘုရား×××
×××ဘုရင်ချုပ်ဆိုး၍ စိုးဆက်လည်း မသိ- သူ၏ဇာတိ နေထိုင်ရာလည်း မသိ- ဖြစ်နေ၍ -သူပိုင် ကျေးကျွန်- ဆင်မြင်းကျွဲနွား- အိုးအိမ် လယ်လည်းနှင့် ရွှေငွေများကို မည်သူ့အားမျှ ပြန်အပ် ရန် မဖြစ်သောကြောင့် ×××××
မှန်လှပါ- ထိုအမွေ အနေအထား - မင်းဘဏ္ဍာတော် အဖြစ် ပြန်သိမ်းရန်သာ ရှိကြောင်းပါဘုရား
ထိုအခိုက် ကာလိင်္ဂတိုင်းမှ သံတမန်များ ခြေပဝါး တော်အောက် အခစားရောက်လာပြန်သည်။
×××ကာလိင်္ဂတိုင်းသို့ ယခုမိုးမှန်နေပြီ ဖြစ်၍- ကျွန်ုပ်တိုင်းပြည်မှ အလှူခံ သွားသော- ပစ္စယ ဆင်မင်္ဂလာတော် နှင့် လက်ဆောင်ပဏ္ဏာများကို ကာလိင်္ဂ ရာဇ်မင်းက ကျေးဇူး ဥပကာရ တင်ရှိစွာဖြင့် ပြန်လည်ဆက်သ လိုက်ကြောင်းပါ ဘုရား×××

# ဝေဿန္တရာဇာတ်တော်ကြီး


ထို့နောက် သိဉ္စည်းမင်းကြီးက အမိန့်တော် ချမှတ်လေတော့သည်။
“ဝင်္ကပါတောင်သို့ - ငါကိုယ်တော်တိုင်လိုက်ပါ၍ သားတော် ဝေဿန္တရာမင်းကိုသွားခေါ်တော်မူမည်။ ထိုအပ်သည်တို့ကို - ခုနစ်ရက်အတွင်း ပြီးအောင်စီမံကြစေများ”
“မိဖုရားကြီးနှင့် အခြွေအရံများပါစေ မြေးတော်များနှင့် မှူးတော် မတ်တော်တို့ပါစေ တပ်မတော်ကျယ်ဝန်း ရှိကွာ အလုံးအလောက် ယူဆောင်ရုံသာမက သားတော်ဝေဿန္တရာနှင့် ချွေးမတော် မယ်မဒ္ဒီတို့အတွက် - မင်းဝတ်မင်းစားများပါ မကျန် ပြည့်စုံစွာ စီမံကြစေ...”
သို့ဖြင့် ခုနစ်ရက်မြောက်သောနေ့တွင်–
ဝင်္ကပါတောင်သို့ ဦးတည်ချီတက်လေ၏။
ဝင်္ကပါတောင်သို့ရောက်သောအခါ–
လာလာ - မယ်မဒ္ဒီ - စစ်ချီသံတွေ တညံညံကြားရတယ် တောင်ပေါ်တက်နေမှ ဖြစ်မယ်...
ရှင်
ခမည်းတော်ကို သတ်ပြီး - မကျေနပ်သေး၍ ငါတို့ကိုများ - ရန်ဖြူရန်လိုက်ရှာ နေရောသလားမသိ
ဟောတွေ့လား - သည်ကိုဦးတည်လာနေတယ်..
အို ရသေ့ကြီးကလဲ - သည်လူလေးနှစ်ယောက်လောက်ကို - သုတ်သင်ဖို့လောက်တော့ - သည်လောက်အလေးကြီးက - သည်လောက်တပ်ကြီးနှင့်တော့ ချီတက်လာဟန် မတူပါဘူး။ သတိချပ်တော်မူပါအုံးဘုရား...
အော - ဒါလဲဟုတ်တယ်.
...မြို့တော့ - ဘိုး၊ တော်သိကြား၊ မင်းကိုယ်တိုင်က - လိုရာဆုနှင့်ပြည့်စေရန် ရှင်ပြုသွားသားပဲ .... ကောင်းသောလာခြင်းသာ - ဖြစ်တန်ရာပါသည်ဘုရား ..... ကျောင်းသင်္ခမ်းမှာပဲ သွားစောင့်နေကြပါစို့လား - ဟင်
အင်း - အတွေးအခေါ် တော်ပါပေတယ်


ကျောင်းသင်္ခမ်းအနီးသို့ရောက်လျှင်–
ထိုသို့ အမိန့်တော်ချမှတ်၍–
ကျောင်းသင်္ခမ်းသို့ဝင်သွားရာ–
သားတော်
အုံ့အားသင့်စွာဖြင့် ပြေးထွက်လာကြပြီး–
ထိုအခိုက် မယ်တော် ဖုသသတီမိဖုရားကြီးနှင့် ကဏှာဇိန်၊ ဇာလီတို့ဝင်လာကြရာ–
သမီးတော်
သား
သမီး
မယ်တော်
မယ်တော်
အော်ဟစ်နှုတ်ဆက် ဖက်ငိုယင်း–
လဲကျမေ့မြောသွားသည်ကိုတွေ့၍ ဝေဿန္တရာ ရသေ့ကြီးလည်း ဖြေမဆည်နိုင်ဘဲ ငွေယိုင်ကာ လဲသွားလေ၏။
ထိုအဖြစ်ကိုမြင်ရသော သိဥ္စည်းမင်းကြီးနှင့် ဖုသသတီမိဖုရားကြီးတို့မှာလည်း စိတ်ထိခိုက်ပြီး နှလုံးလေရိုက်၍ ပုံလျက်သား လဲကျမေ့မြော ကုန်၏။


ထိုအခိုက် ဝင်လာကြသော အခြွေအရံတို့မှာ ငိုသူငို၊ အော်သူအော်၊ ဟစ်သူဟစ်၊ သတိလစ်ကာလဲကျနေစဉ်–
မဟာပထဝီမြေကြီးသည် တော်လဲအော်မြည်၍ သွက်သွက်ခါလှုပ်လေသည်။
ထို့နောက် ဘိုးတော်သိကြားမင်းက စိုစွတ်စေလိုသူကိုသာ စိုစွတ်စေသော ပေါက္ခရဝဿမိုးကို ရွာချစေတော့မှ–
အားလုံးပြန်လည်ကာ လန်းဆန်းအားပြည့်လာကြလေသည်။
ပါလာသော တိုင်းသူပြည်သားများက–
××× ရသေ့ကြီးဘုရား - တိုင်းတော်ပြည်တော်ပြန်၍ မင်းပြုတော်မူပါ.
ဟယ်... ဘယ်ဖြစ်နိုင်ပါ့မလဲ ။ တိုင်းပြည်က နှင်ထုတ်ထားသောသူကို - ဘယ်လက်ခံကြပါ့မလဲ....
ထိုအခါ သိဉ္စည်းမင်းကြီးက–
သားတော် - ဝေဿန္တရာ...သည်းခံတော်မူပါ - ဖခမည်းတော် အမှားပါပေ ... ဟိုအခါတုန်းက - အမှန်သိတဲ့ လူတစုကို အလိုလိုက်ပြီး နှင်ထုတ်မိတာ...ဝန်ခံပါတယ်။ သားတော် စိတ်ကျေပါတော့.... မင်းလုပ်ရန်သာ လက်ခံလိုက်ပါတော့လေ.....
ခမည်းတော် ရသေ့ကြီးဘုရား၊ ဘိုးတော်သိကြား ပေးတဲ့ဆုတွေတော့ - တခုပြီးတခု ထပ်ဆင့်လို့ ပြည့်နေပါပြီ ကောနော်.. .......
မင်းအဖြစ် လက်ခံရသည်ထက် - ခမည်းတော်က - ကြိုက်သလို-အလှူပေးနိုင်တော့မည် ဆိုတဲ့ဆုကိုသာ - တွေး ကျေနပ်နေရတယ်×× ×××
ကဲပါလေ - ယခုပင် - ရသေ့ဝတ်ချွတ်လို့ မင်းဝတ်မင်းစား ဆင်ယင်ပြီး - တိုင်းတော်ပြည်တော်သို့ ချီတက်ကြပါစို့လား×××
သည်းခံတော်မူပါအုံး ဘုရား


ကျွန်ုပ် ကျောင်းသခ်မ်း သည် နတ်သံကြားများ
ဖြင့် ဆင်းလျှထားခြင်းဖြစ်၏ ၈ ကိုးလခွဲခန့်
ကြာအောင် နေထိုင် တရားအားထုတ်ခွင့်
ရသောကြောင့် ကျေးဇူးကြီးလှသည်ဖြစ်၍
လက်ယာရစ် သုံးကြိမ်ပတ်၍ ကန်တော့
လိုပါသေးသည်
ဘုရား
ဟုဆို၍ ကျောင်းသခ်မ်းကို ကန်တော့ပြီးလျှင်-
ရသေ့ဝတ်ချွတ်ပြီး မင်းဝတ်တန်ဆာကိုဆင်၍-
ပစ္စယဆင်ဖြူတော်ထက် တက်စီးကာ
တိုင်းတော်ပြည်တော်သို့ ပြန်လေသည်။
တောဝက်တိရစ္ဆာန်ငယ်များ စုရုံးလာကြပြီး
အသံမထွက်ငေးငိုင်လျက်ရှိကြသည်နှင့်အမျှ-
စေတုတ္တရာတိုင်းသားများက ပျော်ရွှင်မဆုံး
ရှိကြလေသည်။
ချုပ်နှောင်ထားသူဟူသမျှကို ဝေဿန္တရာမင်းကြီး
သည် ဘေးမဲ့လွှတ်လပ်ခွင့်ပေးလိုက်ပြီး-
ခုနစ်ရက်တိုင်တိုင် ပျော်ပွဲကျင်းပ၏။
ပွဲတော်ပြီးသောနေ့တွင် ရတနာရွှေမိုး၊ ငွေမိုးများ
ထက်ကောင်းကင်မှ ထူးဆန်းစွာ ရွာသွန်းချ
လိုက်လေလျှင်-
ဝေဿန္တရာမင်းကြီးသည် တိုင်းသူပြည်သား
တို့အား မိမိအိမ်တွင်းရှိ ရတနာတို့ကို အသီး
ယူစေလျက် ကြွင်းသောရတနာတို့ကိုကား-
ဘုရားတကာ ကျောင်းတော်ကြီး မှာရဲ့နော
မြော- ရဟန်းအမ ကျောင်းအမကြီးပါလား
ဘဏ္ဍာတော်အဖြစ်သိမ်းယူကာ ထိုရတနာတို့ဖြင့်
အသက်ထက်ဆုံး အလှူဒါနပြုလုပ်လေ သတည်း။
ပြီးပါ၏